# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၁၃၇)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ သောကြာနေ့။


## နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၄/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

### ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာဒေါ်ခင်စန်းရီအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၅/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

### ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အထူးစီးပွားရေးဇုန်များသည် တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်ရင်းနှီးမြှုပ်နှံမှုဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတက ပြောကြားရာတွင် အထူးစီးပွားရေးဇုန်များသည် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ တိုင်းပြည်၏ စီးပွားရေး သိသိသာသာ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စီစဉ်ဆောင်ရွက်နေသော

စာမျက်နှာ ၉ ကော်လံ ၁ ❐

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သောအဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

သတင်းစာမျက်နှာ ➤ ၈

## ယနေ့ မာတိကာ


အမေရိကန်အရှေ့ပိုင်း ရေခဲမုန်တိုင်းတိုက်ခတ် နေအိမ်သန်းဝက်ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက် စာ - ၄

အောင်နိုမိတ် အောင်အတိတ်ဆောင်သည့် လာဘ်ကောင်ဗီးကွက် ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်လာသော ကျောင်းသူ၏ ခေါင်းပေါ်လာနား စာ - ၇

မန်းအခြေစိုက် မန်းရတနာပုံ လေကြောင်းလိုင်း ယခုလ ၂၇ ရက်တွင် စတင်ပြေးဆွဲမည် စာ - ၁၃

အိမ်ကွင်းမှာ မှတ်တမ်းကောင်း ဆက်ထိုးဦးမယ့် ဘိုင်ယန်မြူးနစ် စာ - ၁၄


## ကြော်ငြာအချုပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

GLOBAL EXCELLENCE AWARDS
2009 PEOPLE'S CHOICE AWARDS
MRTV

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဗိုလ်ချုပ်မွေးနေ့ တို့မမေ့

ဖေဖော်ဝါရီ ၁၃ ရက်နေ့သည်ကား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ပင်ဖြစ်သည်။ ''ဖေဖော်ဝါရီ ၁၃ မှာ ဗိုလ်ချုပ်မွေးနေ့ပါ။ ၁၉၁၅ ရှေ့နေဦးဖာသား''ဟူ၍ ငယ်စဉ်က ကျောင်းစာသင်ခန်းများတွင် ရွတ်ဆိုခဲ့ကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခု ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးခရိုင် နတ်မောက်မြို့၌ အမိန့်တော်ရရှေ့နေ ဦးဖာ-ဒေါ်စုတို့မှ နောင်တစ်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းဟူ၍ မြန်မာနိုင်ငံသမိုင်း၌ ထင်ရှားစေခဲ့သည့် သားရတနာကို ဖွားမြင်ခဲ့လေသည်။

ဗိုလ်ချုပ်၏မွေးနေ့ရောက်တိုင်း ပြည်သူတစ်ရပ်လုံးက သတိတရရှိကြပါသည်။ သို့သော် သတိရ၊ အမှတ်ရနေရုံနှင့် မပြီးပါ။ ဗိုလ်ချုပ်ချမှတ်ခဲ့သော လမ်းစဉ်များ၊ ဗိုလ်ချုပ်ဖြစ်စေချင်သော ဆန္ဒများ၊ ဗိုလ်ချုပ်၏ တိုက်တွန်းပြောဆိုချက်များ၊ ဗိုလ်ချုပ်၏ အတုယူအားကျဖွယ်ရာဘဝများကို ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက လေးစားတန်ဖိုးထား လုပ်ကိုင်ဆောင်ရွက်ကြရန် အရေးကြီးပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည်ကား ရိုးသားမှု၊ ကြိုးစားမှု၊ ရဲစွမ်းသတ္တိရှိမှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှု၊ စည်းကမ်းစနစ်ကောင်းမှု၊ လုံ့လဝီရိယရှိမှု စသည်တို့မှာ လူငယ်လူရွယ်တို့အတွက် အတုယူဖွယ်ရာပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်သည် လူငယ်တို့အတွက် တကယ်စံနမူနာပြုထိုက်သူပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် မေ ၁၇ ရက်တွင် တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာ၌ ''လူငယ်တွေအတွက် ကျွန်တော်ပြောပြချင်တာက လူငယ်တွေ တကယ်အလုပ်လုပ်ချင်ရင် နာမည်ပျက်အောင်မလုပ်ပါနဲ့။ နောက်ပြီး တစ်ခုရှိတာက စတန့်လုပ်တာမျိုး၊ လူကြည့်ကောင်းတဲ့အလုပ်မျိုး၊ နာမည်ရမည့်အလုပ်မျိုး လုပ်ရင် အလကားပဲ။ သေသေချာချာ ထိထိရောက်ရောက် လုပ်ချင်ကြရင် လူငယ်တွေဟာ မြို့မှာချည်းမနေဘဲ တောကိုလည်းသွားပြီး အလုပ်လုပ်ကြပါ။ တိုင်းပြည်အတွက် အလုပ်လုပ်ရာမှာ အလွန်ထိရောက်တာက တောကပိုပြီး ထိရောက်တယ်'' ဟူ၍ ထည့်သွင်းပြောကြားခဲ့ပါသည်။

မှန်ပေ၏။ နာမည်သည် အရေးကြီးပါသည်။ မည်သည့်အလုပ်မဆို နာမည်ပျက်အောင်လုပ်လျှင် ယုံကြည်မှုပျက်ပြားပြီး တိုးတက်အောင်မြင်အောင် လုပ်နိုင်တော့မည် မဟုတ်ပါ။ တစ်ဖန် မိမိနာမည်ကောင်းရရေး စတန့်ထွင်လုပ်ခြင်းမှာလည်း အများအတွက် အကျိုးရှိလိမ့်မည်မဟုတ်ပါ။တောမှာသွားပြီး အလုပ်လုပ်ရမည်ဟု ဆိုခြင်းမှာ ကျေးလက်ပြည်သူများ၏ လူမှုဘဝမြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်သင့်ကြောင်းကို ဆိုခြင်းပင်ဖြစ်၏။

ကျွန်ုပ်တို့နိုင်ငံ၏ ပြည်သူ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြပါသည်။ ကျေးလက်နေပြည်သူများ၏ လူမှုဘဝကို သိရှိနားလည် လုပ်ကိုင်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို လုပ်ကိုင်ပေးရာရောက်ပါသည်။ ထို့ကြောင့်လည်း ယနေ့နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို တိုးမြှင့်ဖော်ဆောင်လုပ်ကိုင်လျက်ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ယနေ့နိုင်ငံသား လူတိုင်းလူတိုင်းသည် ရိုးသားပြီး အလုပ်ကြိုးစားကြဖို့ လိုပါသည်။ ကောင်းသော စံနမူနာများကို ထိန်းသိမ်းလိုက်နာ ဆောင်ရွက်ကြဖို့ လိုပါသည်။ တိုင်းပြည်ကြီးပွားတိုးတက်ရေးအတွက် အများအကျိုးစီးပွားကို ပိုမိုလုပ်ဆောင်ကြဖို့လိုပါသည်။ သို့မှသာ ဗိုလ်ချုပ်ဖြစ်စေချင်သော ဆန္ဒများအတိုင်း အမိနိုင်ငံတော်ကြီး တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘောဇလမ်းရှိ အမှတ်(၁)မူကြိုကျောင်း၊ အလုံမြို့နယ် အမှတ်(၄)မူကြိုကျောင်းနှင့် ပါရမီလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဇန်နဝါရီ ၈ ရက် ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အတူ ထားဝယ်မြို့ တိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ဇန်နဝါရီ ၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး အတွင်း၌ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မြင့်မားတိုးတက်ရေးအတွက် ထားဝယ်မြို့နယ်၌ အိမ်တွင်းမှုသက်မွေး အတတ်ပညာသင်ကျောင်း တည်ဆောက်ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မြို့တော်ခန်းမ၌ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတက်ရောက်ပြီး တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးအတွက် ထားဝယ်မြို့နယ်၌ အိမ်တွင်းမှုသက်မွေး အတတ်ပညာသင်ကျောင်း တည်ဆောက်ဖွင့်လှစ်နိုင်ရန် ကျပ်သိန်း ၃၀၀၊ သွပ်အချပ် ၁၀၀ နှင့် အပ်ချုပ်စက်ငါးလုံးကို ပေးအပ်သည်။

ဆက်လက်၍ ထားဝယ်မြို့နယ် အတွင်းရှိ ထားဝယ်ဘိုးဘွားရိပ်သာ အတွက်၄ ဒသမ ၅ သိန်း၊ ကြက်စားပြင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ အတွက် ၁၂ သိန်း၊ လေးထပ်ကျောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ အတွက် ၈၆ ဒသမ ဝ၃သိန်း၊ ပခုက္ကူကျောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၉ ဒသမ ၈၉သိန်း၊ ပိန္နဲတောရပ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၈၆ ဒသမ ဝ၃သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ရှစ်ကျောင်းအတွက် ၄၈ သိန်းတို့အပါအဝင် သရက်ချောင်းမြို့နယ်အတွင်းရှိ ကမြိုင်ရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ရေဖြူမြို့နယ်အတွင်းရှိ သာသနောဒယကျောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မြိတ်မြို့နယ်အတွင်းရှိ တောင်သာယာ ဘိုးဘွားရိပ်သာ၊ တိုင်းရင်းသားလူငယ်များ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ဗုဒ္ဓဘာသာ မိဘမဲ့အမျိုးသမီး ပရဟိတဂေဟာ၊ တနင်္သာရီမြို့နယ် အတွင်းရှိ ပကျေးရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ပုလောမြို့နယ် ပလောက်ကျေးရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ကော့သောင်းမြို့နယ်အတွင်းရှိ ရွှေတောင်ဦးလူငယ် ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် မြို့နယ်များရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် အလှူငွေများကို ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က ကျွန်းစုမြို့နယ် ပထက်ကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေ ၇ ဒသမ ၉၅ သိန်းနှင့် ၁၅ ဒသမ ဝ၂ သိန်းတန်ဖိုးရှိသော ကယ်ဆယ်ရေး ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ထားဝယ်မြို့ ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ထောက်ပံ့ပေးပြီး ထားဝယ် မြို့နယ် ကနိုင်းဒါးကျေးရွာရှိ အနာဂတ်ပျိုးခင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းအတွက် ထောက်ပံ့ကြေးငွေခြောက်သိန်းကို ချက်ချင်း ထောက်ပံ့ပေးသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် ကယ်ဆယ်ရေး ဂိုဒေါင်နှင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံး ပိန္နဲတောရပ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ထားဝယ်မြို့ မူလတန်းကြိုကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် လောင်းလုံးမြို့နယ် မောင်းမကန် တိုက်နယ်ဆေးရုံ ခေတ်မှီဆောင်သစ် ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

LUMBINI ACADEMY
Enjoy Summer!!
မေလ ၆ ရက်နေ့စတင်မည်
English 4 Skills
Opportunities to learn with native speakers
- English for Young Learners (Age 6-15)
- Grammar, Essay and Letter Writing Classes
(Grade 9,10,11 Students)
Monday - Friday (9 am - 12:30 pm)
အမှတ် ၂(က)၊ သမာဓိ ၄လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း - ၀၉-၈၆၀၆၄၀၇၊ ၀၉-၇၉၀၀ ၇၅၃၆
Transportation available

SUCCESS PGDMA
16,17 (Two Days)
09-31340284

ပြည်တွင်းသတင်း

# မေတ္တာစမ်းရေဆေးခန်း၌ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူသူများကို အာဟာရထောက်ပံ့ရန် လှူဒါန်းငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မေတ္တာစမ်းရေဆေးခန်းတွင် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ခံယူသူများအတွက် အာဟာရထောက်ပံ့ရန် လှူဒါန်းငွေ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဂုဏ်ထူးဆောင်နာယကကြီး များဖြစ်ကြသော ဒေါ်ခင်ခင်ဝင်း၊ ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီး များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌ များ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် များ၊ ဝန်ကြီးဌာနအသီးသီးမှ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း နာယကများနှင့်အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် အလှူရှင်များမှ အလှူငွေများပေးအပ်ရာ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒေါက်တာမွန်မွန်အောင်က ကျေးဇူးတင်စကားပြောကြားကာ အတွင်းရေးမှူး ဒေါ်သဇင်နွယ်က အသင်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဆင့်မအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဆဋ္ဌမအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို ၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့အထိ ၉-၃-၂၀၁၄ မှ ၁၅-၃-၂၀၁၄ အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ၇-၃-၂၀၁၄ မှ ၁၁-၃-၂၀၁၄ အထိ ပွဲတော်အကြို အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ၁၄-၃-၂၀၁၄ ရက် တပေါင်းလဆန်း ၁၄ ရက် ညနေပိုင်းတွင် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ နဝမအကြိမ် ဩဝါဒခံယူပွဲကျင်းပခြင်း၊ ၁၅-၃-၂၀၁၄ ရက်နေ့ (တပေါင်းလပြည့်နေ့)နံနက်ပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရွှေကြာသင်္ကန်းတော်ကပ်လှူ၍ ဆွမ်းတော်ကြီးတင်လှူပြီးနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်တော်မူလာသောဆရာတော် သံဃာတော် ၁၈၃ ပါးတို့အားပင့်ဆောင်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပခြင်း၊ ၁၅-၃-၂၀၁၄ ရက်နေ့ (တပေါင်းလပြည့်နေ့) ညနေပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း ၉-၃-၂၀၁၄ မှ ၁၅-၃-၂၀၁၄ အထိ ပွဲတော်ကွင်း၌ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲများအနေဖြင့် ၉-၃-၂၀၁၄ မှ ၁၁-၃-၂၀၁၄ ရက်နေ့အထိ စွမ်းဇာနည်ဇာတ်သဘင်အဖွဲ့၊ ၁၂-၃-၂၀၁၄ မှ ၁၅-၃-၂၀၁၄ ရက်နေ့အထိ ဟန်ဇာမိုးဝင်းဇာတ်သဘင်အဖွဲ့တို့ဖြင့် အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ပြီး ပွဲတော်ငယ်များအနေဖြင့် ဟက်ပီးဝေါလ်ကလေးကစားကွင်း၊ 5D ရုပ်ရှင်ရုံငယ်၊ သရဲအိမ်၊ ပင်လယ်ဓားပြလှေကြီးနှင့် ချားရဟတ်စသည်များလည်း ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ကျေးရွာများမှ ခွဲစိတ်လူနာများအား ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးနှင့် စင်ကာပူနိုင်ငံ Parkway Hospitals Singapore တို့၏ ဒုတိယအကြိမ်မြောက် စဉ်ဆက်မပြတ် ဆေးကုသမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ Mount Elizabeth Hospitals Singapore မှ နား၊ နှာခေါင်း၊ လည်ချောင်း ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Goh Yau Hong ဦးဆောင်သော အထူးကုဆရာဝန်အဖွဲ့၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ခွဲစိတ်သမားတော်ကြီး ဒေါက်တာမျိုးထက်ကျော် ဦးဆောင်သည့် အထူးကုဆရာဝန်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ အထူးကုဆရာဝန်များက ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျေးရွာများမှ ဆင်းရဲနွမ်းပါးသော နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့် အထွေထွေရောဂါ လူနာများအား အခမဲ့ကြည့်ရှု စစ်ဆေးခွဲစိတ်ကုသပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် အထွေထွေပြင်ပလူနာဌာန၌ Parkway Hospitals Singapore မှ အထွေထွေရောဂါ အထူးကုဆရာဝန်ကြီးများနှင့် ဇမ္ဗူသီရိဆေးရုံကြီးမှ အထူးကုဆရာဝန်များက အထွေထွေရောဂါ လူနာများအား စမ်းသပ်ကြည့်ရှုစစ်ဆေးပေးနေမှု၊ Parkway Hospitals Singapore မှ သွားရောဂါအထူးကုဆရာဝန်ကြီး Dr. Liew Weng Yin ဦးဆောင်သော အထူးကုဆရာဝန်ကြီးအဖွဲ့နှင့် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ သွားရောဂါအထူးကုဆရာဝန်တို့ ပူးပေါင်း၍ သွားရောဂါဝေဒနာရှင်များအား စမ်းသပ်ကုသပေးနေမှု၊ ခွဲစိတ်ခန်းမကြီးအတွင်း၌ Parkway Hospitals Singapore မှ နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Goh Yau Hong၊ လည်ပင်းနှင့် မေးရိုးဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Kin Sung Wan၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ ခွဲစိတ်သမားတော်ကြီး ဒေါက်တာမျိုးထက်ကျော် ဦးဆောင်သည့် ဆရာဝန်များနှင့် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ် အထူးကုဆရာဝန်တို့ ပူးပေါင်း၍ လည်ပင်းကြီးရောဂါ လူနာများအား အောင်မြင်စွာ ခွဲစိတ်ကုသပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ခွဲစိတ်ကုသမှုခံယူနေသည့် လူနာရှင်များအား ရင်းရင်းနှီးနှီးအားပေးခဲ့သည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဒေါက်တာသန်းအောင်တို့သည် နေပြည်တော်ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးနှင့် Mount Elizabeth Hospitals Singapore တို့ပူးပေါင်း၍ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့တွင် နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ လူနာခြောက်ဦးကို အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ သွားရောဂါဆိုင်ရာ လူနာ ၆၅ ဦးနှင့် အထွေထွေရောဂါဆိုင်ရာ လူနာ ၂၇၄ ဦးတို့အား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆက်လက်၍ အခမဲ့ခွဲစိတ်ကုသခြင်း၊ အခမဲ့ကျန်းမာရေးစမ်းသပ် စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**ရှာင် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ လူနာစောင့်ကြည့်စက်နှင့် ရွှေသံလွင်ကုမ္ပဏီမှ လူနာခုတင် ၅၅ လုံး၊ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက ရွာငံမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **ထွန်းထွန်းဝင်း(ရွာငံ)**

နိုင်ငံတကာသတင်း

# ပါကစ္စတန် အသေခံဗုံးခွဲတိုက်ခိုက်မှု ၁၁ ဦးသေဆုံး

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၃**

ပါကစ္စတန်တောင်ပိုင်း ဆိပ်ကမ်းမြို့ ကရာချိတွင် ဖေဖော်ဝါရီ ၁၃ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦးကားဖြင့် ရဲကားကို အတင်းဝင်ဆောင့်၍ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၁၁ ဦး သေဆုံးပြီး ကျန် ၃၆ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ရဲအရာရှိက ပြောကြားသည်။

ဆင်းပြည်နယ် ကရာချိမြို့၌ ရဲ ၅၅ ဦးပါ အဆိုပါရဲကားသည် ရဲလေ့ကျင့်ရေး သင်တန်းကျောင်းမှ ထွက်လာစဉ် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၄၀တွင် ယခုကဲ့သို့ ဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်။ ၎င်းရဲများသည် ပြည်ထဲရေးဝန်ကြီးက သမ္မတဟောင်းနေထိုင်ရာ ဘီလာဝါလ်အိမ်တော်သို့ အလည် အပတ်သွားမည့် လမ်းကြောင်း၌ အစောင့်အကြပ်များချထားရန် ဖြစ်သည်။

ပေါက်ကွဲမှုမှာ အင်အားပြင်းထန်ပြီး ၎င်းပေါက်ကွဲမှုကြောင့် ကားမှာအခင်းဖြစ်နေရာမှ မီတာ ၁၂၀ သို့ လွင့်စဉ်ပျက်စီးသွားကြောင်း ရဲအရာရှိက ပြောသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ဒဏ်ရာရရှိသူ ၃၆ ဦးအနက် ၁၀ ဦးမှာ အရေးပေါ်ကုသမှုများ ပြုလုပ်နေရကြောင်း ဆရာဝန်၏ ပြောကြားချက်အရ သိရသည်။ ဒဏ်ရာရရှိသူ အများစုမှာ ခေါင်းနှင့် ခြေလက်အင်္ဂါအစိတ်အပိုင်းများတွင် ဒဏ်ရာများရရှိခဲ့သည်ဟု ၎င်းကပြောသည်။ ၎င်းတိုက်ခိုက်မှုကို မည်သည့်အဖွဲ့က လုပ်ဆောင်သွားကြောင်း မသိရသေးပေ။

ယင်းတိုက်ခိုက်ခံရမှုနှင့် ပတ်သက်ပြီး သမ္မတမန်မန်နွမ်းဟူစိန်နှင့် ဝန်ကြီးချုပ်နာဝပ်ရှရစ်တို့က ပြစ်တင်ပြောဆိုခဲ့ကြကြောင်း၊ ဒဏ်ရာရရှိသူများကို အကောင်းဆုံး ကုသမှုများနှင့် ထောက်ပံ့မှုများပေးရန် ဆေးရုံတာဝန်ရှိသူများနှင့် တွေ့ဆုံပြောကြားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဗြိတိန်တွင် ဆားနည်းပုံ ...

ဆီးနှင်းကျရောက်ပြီး ရေခဲနေသည်ကိုတွေ့ရစဉ်။

# အမေရိကန်အရှေ့ပိုင်း ရေခဲမုန်တိုင်းတိုက်ခတ် နေအိမ်သန်းဝက်ကျော် လျှပ်စစ်ဓာတ်အားပြတ်တောက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၃**

လူဦးရေထူထပ်သည့် အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဧရာမဆောင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ ယင်းမုန်တိုင်းသည် တောင်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်အပြီး အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် မိုးလေဝသဌာနက ပြောသည်။

အဆိုပါ မုန်တိုင်းဝင်ရောက်မှုကြောင့် နိုင်ငံတောင်ပိုင်း၌ အိမ်ခြေ သန်းဝက်ကျော်နှင့် စီးပွားရေးလုပ်ငန်းများ ဓာတ်အားလိုင်းပြတ်တောက်ခဲ့ရကြောင်း၊ အမေရိကန်လေယာဉ်ပျံသန်းမှုခရီးစဉ် ၃၃၀၀ ကျော် ဖျက်သိမ်းလိုက်ရကြောင်း တာဝန်ရှိသူများက ပြောသည်။

ယင်းမုန်တိုင်းကြောင့် တက္ကဆက်ပြည်နယ်မှ မိန်းပြည်နယ်အထိ ပြည်နယ် ၂၂ ခုမှ ပြည်သူများ နှင်းမုန်တိုင်းဒဏ်ကို ခံစားကြရပြီး အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ရသည်။ ဆီးနှင်းမုန်တိုင်းဒဏ်အခံရဆုံးမှာ ဝါရှင်တန်ဒီစီနှင့်ဘော်စတွန်ကြားတွင်ဖြစ်ပြီး နှင်းထု ရှစ်လက်မအထိ မြင့်တက်ခဲ့သည်ဟု ဆိုသည်။

ပင်ဆယ်ဗေးနီးယားအရှေ့မြောက်ပိုင်းမှ နယူးယောက်ပြည်နယ် ဟူစတွန်တောင်ကြားသို့ဖြတ်ကာ နယူးအင်္ဂလန်သို့ ဝင်ရောက်ခဲ့ရာ ကြာသပတေးနေ့၌ နှင်းထု ၁၀ လက်မမှ လက်မ ၂၀ အထိ တက်နိုင်သည်ဟု အမေရိကန် မိုးလေဝသက ခန့်မှန်းထားသည်။

ယင်းဆီးနှင်းမုန်တိုင်းသည် အတ္တလန္တာ၌ ၁၉၇၃ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးသော နှင်းမုန်တိုင်း ဖြစ်လိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းသူများက ပြောကြားသည်။ သမ္မတအိုဘားမားက ကယ်ရိုလိုင်းနား တောင်ပိုင်းနှင့် ဂျော်ဂျီယာမြောက်ပိုင်း၌ သဘာဝဘေးအကူအညီပေးရေး ကြေညာချက် ထုတ်ပြန်လိုက်သည်။ **(ဘီဘီစီ)**

# တင်းမာမှုဖြစ်ချိန် ဂျွန်ကယ်ရီ ဆိုးလ်သို့ရောက်

**ဆိုးလ် ဖေဖော်ဝါရီ ၁၃**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ခြောက်နှစ်တာကာလအတွင်း ကိုရီးယားနှစ်နိုင်ငံအဆင့်မြင့် အဆင့်တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးအပြီး တစ်ရက်အကြာ ဆိုးလ်မြို့သို့ ရောက်ရှိလာသည်။

မစ္စတာကယ်ရီသည် အာရှခရီးစဉ်အဖြစ် တောင်ကိုရီးယားကို ပထမဆုံး ရောက်ရှိခြင်းဖြစ်သည်။ ယင်းမှဆက်လက်၍ ပေကျင်းနှင့် ဂျကာတာသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ ၎င်းသည် တောင်ကိုရီးယားသမ္မတ ပတ်ဟွမ်ဟေးနှင့်တွေ့ပြီး ကိုရီးယားနှစ်နိုင်ငံအရေးဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ရသည်။

ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်အဆင့်ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားက ဆိုးလ်နှင့် ဝါရှင်တန်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆိုင်းငံ့ပေးရန် တောင်းဆိုခြင်းအပေါ် တောင်ကိုရီးယားက ပယ်ချလိုက်ကြောင်း ယွန်ဟတ် သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

ကိုရီးယား နှစ်နိုင်ငံမိသားစုများ ပေါင်းစည်းရေးသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့်မည်သို့မျှ ဆက်စပ်မှုမရှိကြောင်း တောင်ကိုရီးယားက ပြောဆိုလိုက်သည်။ **(ဘီဘီစီ)**

# ဗြိတိန်ကုန်၌ ...

# ဧပြီလကုန်၌ ထိုင်းရွေးကောက်ပွဲ ပြန်လည်ကျင်းပမည်

**ဗန်ကောက် ဖေဖော်ဝါရီ ၁၃**

ထိုင်းနိုင်ငံ၌ အစိုးရဆန့်ကျင်ဆန္ဒပြသူများက နှောင့်ယှက်ခဲ့သော ဆန္ဒမဲပေးနယ်များ၌ ဧပြီလနှောင်းပိုင်းတွင် ရွေးကောက်ပွဲပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ ရက် ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ လဆန်းပိုင်းက မဖွင့်နိုင်သော မဲရုံများကို ဧပြီ ၂၇ ရက်တွင် ရွေးကောက်ပွဲ ဆန္ဒမဲပေးခြင်းကို ကျင်းပနိုင်ဖွယ်ရှိကြောင်း ရွေးကောက်ပွဲ ကော်မရှင်အတွင်းရေးမှူးချုပ် ပူချောင်းနျူထရာရောင်းက ပြောသည်။

ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသော ထိုင်းရွေးကောက်ပွဲတွင် အတိုက်အခံဆန္ဒပြသူများ ပိတ်ဆို့ထားသဖြင့် သန်းပေါင်းများစွာသော ပြည်သူများ မဲပေးခွင့်ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။ ဗန်ကောက်မြို့ နေရာအချို့အပါအဝင် တောင်ပိုင်းပြည်နယ်အချို့တွင် မဲပေးခြင်းကို ဟန့်တားနှောင့်ယှက်ခဲ့ကြသည်။ **(ပရက်စ်တီဗွီ)**

# တောင်ဆူဒန်၌ အရာရှိ ၁၀၀ ကျော် ဖမ်းဆီး

**ဂျူဘာ ဖေဖော်ဝါရီ ၁၃**

တောင်ဆူဒန် သမ္မတဆဲလ်ဗာကီယာဒင်ကာ၏လူမျိုးစုကို အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး စစ်ဘက်အရာရှိ ၁၀၀ ခန့်ကို ဖမ်းဆီးလိုက်ကြောင်း ပရက်စ်တီဗွီ၌ ဖော်ပြသည်။

စစ်တပ်တွင် ဒင်ကာလူမျိုးစုနွယ်ဝင်များက ဒုတိယသမ္မတဟောင်း ရိခ်မာချာ၏ နျူယာအသိုင်းအဝိုင်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့မှုနှင့် ပတ်သက်ပြီး အရာရှိ ၂၀၀ ခန့်ကို ဖမ်းဆီးထားကြောင်း တောင်ဆူဒန်နိုင်ငံခြားရေးဝန်ကြီး ဘာနာဘာမာရှယ်ဘင်ဂျမင်က လန်ဒန်မြို့သို့ရောက်ရှိစဉ် ဖေဖော်ဝါရီ ၁၂ ရက်က သတင်းထောက်များအား ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

# ဆီးရီးယားနိုင်ငံအတွင်း တိုက်ခိုက်မှုများပြင်းထန်လာ နေ့စဉ် လူ ၂၀၀ကျော် တိုက်ပွဲအတွင်းသေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၃**

ဂျီနီဗာ၌ ဆီးရီးယားငြိမ်းချမ်းရေး ဆွေးနွေးနေချိန် နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများပြင်းထန်လာကြောင်း ဆီးရီးယားတက်ကြွလှုပ်ရှားသူများက ပြောသည်။

အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း လွန်ခဲ့သော သုံးပတ်မှစပြီး နေ့စဉ် လူ ၂၀၀ ကျော်သေဆုံးလျက်ရှိကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့(အက်စ်အိုအိတ်ချ်အာ)က ပြောသည်။

အစိုးရနှင့်သူပုန်တပ်ဖွဲ့ဝင်များသည် နယ်မြေလုတိုက်နေကြကြောင်း ၎င်းတို့ကပြောသည်။ သို့သော် ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အခြေအနေတိုးတက်လာနိုင်သည်ဟု ဆိုသည်။

ဆီးရီးယားအစိုးရနှင့် အတိုက်အခံအုပ်စုများသည် ဆွစ်ဇာလန်၌ ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ သို့သော် အခက်အခဲကိုကျော်လွှားနိုင်သည့် အခြေအနေမတွေ့ရဟု ဆိုသည်။

ဇန်နဝါရီ ၂၂ရက်မှစတင်ကာ သုံးပတ်တာကာလအတွင်း အနည်းဆုံး လူပေါင်း ၄၉၅၉ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ သေဆုံးသူများတွင် အရပ်သားသုံးပုံတစ်ပုံပါဝင်ကြောင်း၊ ယင်းတို့တွင် အမျိုးသမီး ၅၁၅ ဦးနှင့် ကလေးများပါဝင်ကြောင်း အက်စ်အိုအိတ်ချ်အာ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။ ၂၀၁၁ ခုနှစ် မတ်လမှစတင်ခဲ့သည့် အဆိုပါပဋိပက္ခဖြစ်ပြီးနောက် ယခုသုံးပတ်အတွင်း သေဆုံးမှုအရေအတွက်သည် ရှေ့သုံးပတ်ကထက် မြင့်တက်ခဲ့သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

# မြန်မာ – စင်ကာပူ ဥပဒေရေးရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် Mr.Steven Chong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ပြည်ထောင်စု ရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ တွေ့ဆုံရာ ပြည်ထောင်စု ရှေ့နေချုပ်က မြန်မာနိုင်ငံသည် စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် ခိုင်မာသည့်ဆက်ဆံမှုများရှိခဲ့ပြီး မြန်မာနိုင်ငံကို ဥပဒေရေးရာနှင့် စပ်လျဉ်းသော သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာသင်တန်းများသို့ ဥပဒေအရာရှိများကို ဖိတ်ကြားပို့ချပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရာ Mr.Steven Chong က မိမိအနေဖြင့် စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ်အဖြစ် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအား အသိပညာနှင့်ဘာသာရပ်ဆိုင်ရာသင်တန်းများပေးခြင်းဖြင့် အာဆီယံနိုင်ငံများအတွက် အကျိုးဖြစ်ထွန်းနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ထောင်စု ရှေ့နေချုပ်၏စီစဉ်ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံဆိုင်ရာ အမှုလိုက် အကြောင်းအရာများ၊ အတွေ့အကြုံများကို ဆွေးနွေးကြသည်။ ထို့နောက် မြန်မာ-စင်ကာပူ နှစ်နိုင်ငံ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကို ကျင်းပရာ စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် Mr.Steven Chong နှင့်အဖွဲ့က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းအဆင့်ဆင့်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများ၏ လုပ်ငန်းချိတ်ဆက် ဆောင်ရွက်နေမှုတို့ကို သိရှိလိုပါကြောင်း မေးမြန်းပြီး ပြည်ထောင်စု ရှေ့နေချုပ်က ရုံးလုပ်ငန်းများ၏ သဘောသဘာဝ၊ တရားစွဲ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်နေမှု၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ အခန်းကဏ္ဍများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်ရုံးများ၏ အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားကာ Mr.Steven Chong က စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံ ဥပဒေရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

**ရန်ကုန်(အနောက်ပိုင်း)ခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်၌ မီးသုံးစွဲသူပြည်သူများ နွေရာသီ၌ အခက်အခဲမရှိ ဓာတ်အားပေးနိုင်ရေး 11-6.6/ 0.4 KV, 500 KVA ထရန်စဖော်မာတစ်လုံး တပ်ဆင်မှုလုပ်ငန်း ဆောင်ရွက်နေစဉ်။** (မြန်မာ့အလင်း)

# စစ်တွေမြို့မှ ကျင်းပဆဲ ရခိုင်ရိုးရာရထားဆွဲပွဲတော် ခြိမ့်ခြိမ့်သဲစည်ကား

**သတင်း – ဆောင်းပါး – လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ – အာရက္ခဩရသ**

"ရာသီကုမ်လွဲ၊ တပို့တွဲသည် လွမ်းဖွယ်အင်မြူး၊ ရွှင်မှုအသွယ်သွယ်၊ ရထားသဘင်၊ နှစ်တိုင်းယင်ကေ၊ သောင်းခွင် ငါတို့ရပ်ပြည်ထက်" (ရှေးစာဆို ရှင်ဥက္ကာပျံ၏ ဆယ့်နှစ်လရာသီဥတုမှ)

ထက်အာကာခွင်ဝယ် မာဃနက္ခတ်ထွန်းပဆဲ ဟေမန္တဥတုနှင့် ဂိမန္တဥတုတို့ ဒွန်တွဲလွန်ဆွဲစပြုသော အချိန် ကုံရာသီလွဲ တပို့တွဲလ အခါသမယ၌ ရခိုင်တိုင်းရင်းသားတို့၏ ကျင်းပမြဲ ရိုးရာပွဲတစ်ခုမှာ ရထားဆွဲပွဲတော်ဖြစ်သည်။ ရထားဆွဲပွဲကို တပို့တွဲလဆန်းရက်များတွင် စတင်ပြီး လပြည့်နေ့ ညဉ့်သန်းခေါင်ယံ မတိုင်မီပြီးဆုံးကာ ရထားကို မီးရှို့ဖျက်ဆီးပစ်ရသည်။ ညချမ်းချိန်ခါလသာသာဖြင့် ကျင်းပသော ရိုးရာပွဲဖြစ်သည်။ ရှေးအခါက တပို့တွဲလရောက်တိုင်း ကျင်းပခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုး၊ ပယောဂဆိုးကျိုးများကိုခံခဲ့ရကာ နှစ်ပေါင်း၄၀ ခန့် နစ်မြုပ်နေခဲ့ရပြီး ၁၉၉၉ ခုနှစ်တွင် ပြန်လည်ဖော်ထုတ်ခွင့် ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ပိုမိုစည်ကားစပြုလာပြီး ယခုနှစ်တွင် ခြိမ့်ခြိမ့်သဲစည်ကားကြောင်း တွေ့ရသည်။

**ကျင်းပဆဲ မြို့လုံးကျွတ်ရထားဆွဲပွဲတော်**

ယခုနှစ် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကို တပို့တွဲလဆန်း ၁၃ ရက်မှ လပြည့်နေ့အထိ (ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၄ ရက်ထိ) စစ်တွေမြို့၏ ကျက်သရေဆောင် ဝက်ပါကွင်းကြီး၌ ကျင်းပကြသည်။ ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့ ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီခွဲက စတင်ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာရှိကြီးများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စိုင်းခြားစည်တော်အဖွဲ့၊ အဥ္စနစည်တော်အဖွဲ့၊ ရထားဆွဲပြိုင်ပွဲဝင်မည့်အသင်းများ၊ သံချပ်ပြိုင်ပွဲဝင်မည့်အဖွဲ့များ၊ မြို့သူမြို့သားများစုံညီစွာတက်ရောက်ဆင်နွှဲကြသည်။

ညနေ ၆ နာရီခွဲတွင်ပြိုင်ပွဲကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ရထားဆွဲပွဲတော်ကျင်းပရေး နာယက ဦးသာထွန်းစိန်နှင့် ရထားဆွဲပွဲတော်ကျင်းပရေး ဥက္ကဋ္ဌ ဦးထွန်းသာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် စာရေးဆရာစစ်တွေ ညိုသန့်က ဖွင့်ပွဲမင်္ဂလာရတုကို စိုင်းခြားစည်တော်အဖွဲ့နှင့် တွဲဖက်၍ သီဆိုဂုဏ်ပြုသည်။ ယင်းနောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို ရှေးမူမပျက်အစဉ်အလာအတိုင်း ကျင်းပပြီး ဖွင့်ပွဲအစီအစဉ်များ ပြီးဆုံးသည်။

ရထားဆွဲပွဲကို ည ၇ နာရီ မိနစ် ၄၀ တွင်စတင်ကျင်းပရာ ပထမပွဲစဉ်အဖြစ် စက်ရုံစုရပ်ကွက်နှင့် ရွာကြီးမြောက်ရပ်ကွက်တို့ကလည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ဘောင်းဒွတ်သားစုရပ်ကွက်နှင့်မောလိပ်ရပ်ကွက်တို့က လည်းကောင်း၊ တတိယပွဲစဉ်အဖြစ် မြို့သူကြီးရပ်ကွက်နှင့် ရွာကြီးတောင်ရပ်ကွက်တို့က လည်းကောင်း ယှဉ်ပြိုင်ကြသည်။ ပထမပွဲစဉ်တွင် အနိုင်ရရှိသော ရွာကြီးမြောက်ရပ်ကွက်ကို ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် အနိုင်ရရှိသော မောလိပ်ရပ်ကွက်ကို ပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌက လည်းကောင်း၊ တတိယပွဲစဉ်တွင် အနိုင်ရရှိသော မြို့သူကြီးရပ်ကွက်ကို ပွဲတော်ကျင်းပရေး နာယကတစ်ဦးက လည်းကောင်း ဆုချီးမြှင့်ပေးကြသည်။

ရထားဆွဲရာတွင် အပြန်အလှန်ဆွဲကြရပြီး နှစ်ကြိမ်ဆက်တိုက်နိုင်မှသာ အနိုင်ရသည်။ အကယ်၍ တစ်ဖက်တစ်ကြိမ်အနိုင်ရပါက နောက်ဆုံးတစ်ကြိမ်ဆွဲစေကာ အနိုင်အရှုံးဆုံးဖြတ်သည်။ ယခုနှစ်ရထားဆွဲပွဲသို့ စစ်တွေမြို့ပေါ် ရပ်ကွက် ၂၂ ရပ်ကွက်မှ ပါဝင်ယှဉ်ပြိုင်ကြသည်။ ရထားဆွဲပွဲနှင့်အတူ ရခိုင်ရိုးရာ သံချပ်ပြိုင်ပွဲလည်း ပါဝင်ပြီး ရပ်ကွက်များက သံချပ်အဖွဲ့များ ပါဝင်ကြကာ ပြိုင်ပွဲပြီးဆုံးမည့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဆုချီးမြှင့်ပေးမည်ဖြစ်သည်။

**ရထားဆွဲပွဲဘယ်ကစ**

ရခိုင်ရိုးရာ ရထားဆွဲပွဲသည် နေ့ချင်း ညချင်းပေါ်ပေါက်လာသော ခါတော်မီပွဲတော်မဟုတ်ချေ။ ရခိုင်ဘုရင်များလက်ထက် တတိယ ဓညဝတီခေတ် (ဘီစီ ၅၈၀ မှ အေဒီ ၃၂၆)တွင် ဘုန်းမီးနေလ တောက်ပခဲ့သော စန္ဒာသူရိယမင်းကြီး အုပ်စိုးစဉ်က စတင်ခဲ့သည်။ ထိုမှသည် ဝေသာလီ ကျောက်လှေကားခေတ် (အေဒီ ၃၂၇ မှ ၈၁၈ ထိ)၊ လေးမြို့ခေတ်(အေဒီ ၈၁၈ မှ ၁၄၃၀ ထိ)၊ မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ) ခေတ်အဆက်ဆက် ကျင်းပလာခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ လေ့လာသိရှိရသည်။ ၎င်းနောက်ခေတ်များတွင်လည်း ကျင်းပလာခဲ့ကြသည်။

ရထားဆွဲပွဲသည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ရပ်အနေဖြင့် ကျင်းပခဲ့ခြင်းကားမဟုတ်ပေ။ နေ၊ လလမ်းကြောင်း၊ နက္ခတ် ၂၇ လုံး၊ အတွင်းတာရာကြီး ကိုးလုံး၊ အပြင်တာရာကြီး ၂၈ လုံး၊ အလွတ်တာရာ ၉၄ လုံးတို့နှင့်ဆက်စပ်နေသည်။ ရှေးခေတ် ရခိုင်သား၊ ရခိုင်သူတို့က ရထားဆွဲပွဲ ကျင်းပခြင်းကြောင့် ရာသီဥတုမျှတခြင်း၊ သီးနှံများအထွက်တိုးပေါများခြင်း၊ တိုင်းပြည်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ခြင်းများကိုဖြစ်စေသည်ဟုယုံကြည်ကြောင်း စာပေကျမ်းဂန်များအရ သိရှိရသည်။

မိမိတို့ နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံတို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စု သိုက်မြိုကြီးတစ်ခုဖြစ်ရာ တိုင်းရင်းသား အချင်းချင်းတို့သည် တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦး သိရှိခြင်းအားဖြင့် ချစ်ကြည်ရင်းနှီးသော ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြို့တော် စစ်တွေ၌ ကျင်းပဆဲ ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို လေ့လာသိရှိမြင်တွေ့ရသမျှ ရေးသားတင်ပြလိုက်ရပါကြောင်း။ ။


# ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးကျော်ညွန့် ( ဥက္ကဋ္ဌ ကျော်စီးပွားရေးလုပ်ငန်းစု ) ၏ ၁၁. ၂. ၂၀၁၄ နေ့တွင်
HOTEL K YANGON အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့
ဧရာဝတီဘဏ်လီမိတက်

ပြည်တွင်းသတင်း

# နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီများအနေဖြင့် မိမိတို့ကော်မတီဖွဲ့စည်းမှုများအား ပြန်လည်စိစစ်ပြင်ဆင် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များနှင့်အညီ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာဆု၊ လူမှုရေးဆိုင်ရာဆု၊ စီးပွားရေးဆိုင်ရာဆုများတွင် ယခင်က ၁၂ ဆုသာ ချီးမြှင့်ခဲ့သော်လည်း ယခုနှစ်တွင် ၁၆ ဆုအထိ ထပ်မံတိုးမြှင့်ချီးမြှင့်သွားရန် လျာထားပြီး ကျန်ဆုများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဆုချီးမြှင့်စရာရှိသည်များကို ဆက်လက်ချီးမြှင့်သွားရန်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးပိုက်ထွေး၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာလင်းအောင်၊ ဒေါ်စုစုလှိုင်တို့က နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆွေးနွေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆုချီးမြှင့်ရေးစည်းမျဉ်းစည်းကမ်းနှင့် အကဲဖြတ်အမှတ်ပေးဇယားသည် အရေးကြီးပါကြောင်း၊ မိမိတို့ကော်မတီအလိုက် ကွင်းဆင်းဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ပြီး တင်ပြစရာရှိသည်များကို ပွင့်လင်းမြင်သာစွာ တင်ပြကြစေလိုပါကြောင်း ယခင်ကျင်းပခဲ့သည့် အတွေ့အကြုံများကိုအခြေခံပြီး ယခုနှစ်တွင် အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ကယားနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဖေဖော်ဝါရီ ၇ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပေါင်းလောင်းတိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ တိုက်နယ်ဆရာဝန်၊ သူနာပြုများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အခြေခံကျသော အဓိကဆေးဝါးများကို ကျေးရွာများအထိ အခမဲ့ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း ဆေးရုံသန့်ရှင်းသပ်ရပ်ပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ကြရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှလည်း လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။**

ထို့နောက် ပင်လောင်းမြို့နယ်ပြည်သူ့ဆေးရုံ လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ သွားနှင့်ခံတွင်းကုသခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဝင်များဖြစ်သော ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုများအပေါ် လိုအပ်ချက်များမေးမြန်း၍ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ နှစ်ထပ်လူနာဆောင်သစ်ရှိ ကလေးကုသဆောင်၊ အရိုးနှင့်ထိခိုက်ဒဏ်ရာကုသဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့်တွေ့ဆုံကာ နိုင်ငံတော်၏ ကျန်းမာရေးအဆင့်မြင့်မားရေးဆောင်ရွက်ရာတွင် ဒေသအာဏာပိုင်များ၊ ပြည်သူလူထု၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအားဖြင့် ဒေသခံပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများ အပြန်အလှန် စောင့်ရှောက်နိုင်ကြမည်ဖြစ်ကြောင်း၊ မှန်ကန်သည့်ရည်မှန်းချက်တစ်ခုတည်းကို အကောင်အထည်ဖော်ရာတွင် ဝန်ထမ်းအချင်းချင်းအပြန်အလှန်ယုံကြည်လေးစား၊ စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်း ပြောကြားပြီး လိုအပ်ချက်များအား ညှိနှိုင်းပေးသည်။

ယင်းနောက် သူနာပြုအုပ်နှင့်သူနာပြုများအားတွေ့ဆုံပြီး ပြည်နယ်သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံကာ ကျွမ်းကျင်မှုအတတ်ပညာသင်ယူရာတွင် ဝီရိယရှိရေး၊ ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ယူရေး၊ သူနာပြုကျင့်ဝတ်သိက္ခာစောင့်ထိန်းရေးတို့ကို မှာကြားသည်။

ထို့နောက် လွိုင်ကော်တိုင်းရင်းဆေးရုံ၊ လွိုင်လင်လေးတိုက်နယ်ဆေးရုံ၊ ရေဖြူကျေးလက်ကျန်းမာရေးဌာနခွဲ၊ နောင်ရင်းဒုံကျေးလက်ဌာနခွဲများ၌ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကာ လူနာဆောင်များ၊ သွားနှင့်ခံတွင်းကုသခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဆိုက်ခေါင်ကျေးလက်ကျန်းမာရေးဌာနနှင့် ကိုယ်ထူကိုယ်ထ ဆိုက်ခေါင်တိုက်နယ်ဆေးရုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံကာ နန်းသြကျေးလက်ကျန်းမာရေးဌာနခွဲ နေရာပြောင်းရွှေ့ဆောက်လုပ်ရေးစီစဉ်ပေးပြီး ဘန်းယဉ်တိုက်နယ်ဆေးရုံ နောင်မွန်းကျေးလက်ကျန်းမာရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးလက်ကျန်းမာရေးဌာနနှင့် မြို့နယ်ပြည်သူ့ဆေးရုံလူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ သွားနှင့်ခံတွင်းကုသခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့သို့ သွားရောက်ပြီး ဆေးတက္ကသိုလ် (တောင်ကြီး)၏ ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုနှင့် ဆေးတက္ကသိုလ် (တောင်ကြီး)ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက်တွင် တောင်ကြီးမြို့ အေးသာယာတိုင်းရင်းဆေးရုံ၊ ရွှေညောင် တိုက်နယ်ဆေးရုံနှင့် ကလောမြို့ ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**✱ ကျောဖုံးမှ**

အသုံးပြုလျက်ရှိသည့် ရွှေအရည်အသွေးစစ်ဆေးသည့် စက်များဖြင့် အရည်အသွေးကို တိုင်းတာစစ်ဆေးထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကိုးလေးလုံးဂရမ်ရွှေပြားများကို ဝယ်ယူရရှိနိုင်ပြီး နောက်ပိုင်းတွင် ပြည်တွင်းရှိရွှေဈေးကွက်များအားလုံးအထိ ပျံ့နှံ့လုပ်ကိုင်သွားနိုင်ရန်လည်း အဆိုပါအများပိုင်ကုမ္ပဏီက မျှော်မှန်းထားကြောင်း ယင်းကုမ္ပဏီမှ ဒါရိုက်တာ ဒေါက်တာရဲသူအောင်က ပြောကြားသည်။

အနယ်နယ်အရပ်ရပ်မှ ရွှေဝယ်ယူလိုသူများနှင့် ပြန်လည်ရောင်းချလိုသူများ အလွယ်တကူဝယ်ယူရောင်းချနိုင်ရေးအတွက် ရွှေအရောင်းကိုယ်စားလှယ်များထားရှိ ပေးသွားမည်ဖြစ်ပြီး ရွှေဈေးနှုန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ သတ်မှတ်ပြောင်းလဲပေးသွားမည်ဟု ဆိုသည်။

နိုင်ငံတကာအဆင့်မီ ရွှေပြားများကို နိုင်ငံတကာအခြင်အတွယ်စံနှုန်းများနှင့်အညီ ရောင်းချသည့်စနစ် တွင်ကျယ်လာပါက ပြည်ပသို့ တင်ပို့ခြင်းများအထိ အဆင်ပြေလာစေနိုင်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်အများစုက ရွှေလုပ်ငန်းကို စိတ်ဝင်စားကာ ပူးပေါင်းလုပ်ကိုင်သူ ပိုမိုများပြားလာနိုင်ဖွယ်ရှိနေပြီး ဝယ်ယူစုဆောင်းသူ ဦးရေမှာလည်း တိုးတက်လာနိုင်ဖွယ်ရှိကြောင်း သိရီရွှေစင်ရွှေဆိုင်ပိုင်ရှင် ဦးကြီးမြင့်က ခန့်မှန်းသည်။

ထို့အပြင် ရွှေလုပ်ငန်းရှင်အများစုမှာ မကြာမီမူကြမ်းထွက်ရှိလာနိုင်သည့် သတ္တုတွင်းဥပဒေ အတည်ပြုပြီးပါကလည်း ရွှေလုပ်ငန်းကို ယခုထက်ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်လာနိုင်ဖွယ်ရှိပြီး ပြည်ပဈေးကွက်သို့ တရားဝင်တင်ပို့နိုင်ရေးအတွက်လည်း မျှော်လင့်လျက်ရှိခြင်းကြောင့် ယခုကဲ့သို့ အရည်အသွေးမီဂရမ်ရွှေပြားများ စတင်ထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း ရွှေလုပ်ငန်းအသိုင်းအဝိုင်းမှသိရသည်။

ထုတ်လုပ်သည့် ရွှေအရည်အသွေးနှင့် အရေအတွက်တို့ကို စနစ်တကျ မှတ်တမ်းတင်ထားမည်ဖြစ်ပြီး အတုအပနှင့် အခြားမလိုလားအပ်သည့် ပြဿနာများမှ ကာကွယ်နိုင်ရန်အတွက် code system စနစ်ကို ကျင့်သုံးထားကြောင်း မြန်မာရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ လီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေဈေးနှုန်း သတ်မှတ်မှုမှာ လက်ရှိပြည်တွင်းအခေါက်ရွှေပေါက်ဈေးနှုန်းအတိုင်းဖြစ်ပြီး အလေးချိန် ၂ ဒသမ ၅ ဂရမ်နှင့် ၅ ဂရမ်ရှိ ရွှေပြားများကို စတင်ရောင်းချပေးနေပြီဖြစ်သည်။ ဆက်လက်၍လည်း အလေးချိန်အမျိုးမျိုးသော ရွှေပြားများကိုထုတ်လုပ်ရောင်းချရန် ရည်ရွယ်လျက်ရှိပြီး ရွှေပြားများအတွက် လက်ခနှုန်းထားများကို ငွေကျပ်ထောင်ဂဏန်းသာ သတ်မှတ်ထားကြောင်း သိရသည်။

**ခင်ရတနာ**

**● ကျောဖုံးမှ**

ပတ်ပတ်လည်ရှိ ၆ လမ်း၊ သံဖြူလမ်း၊ ဈေးလမ်းဘက်ခြမ်းရှိ ဈေးအပြင်ဘက်ဆိုင်တန်းများ ကူးစက်လောင်ကျွမ်းခဲ့ပြီး ဈေးအတွင်းပိုင်းရှိ ရတနာ(၁)၊ ရတနာ(၂)၊ မင်္ဂလာ(၁) ဈေးရုံတို့ပါ ကူးစက်လောင်ကျွမ်းကာ ဆိုင်ခန်းပေါင်း ၁၁၉၉ ခန်း၊ ဈေးရုံပေါင်း ၁၈ ရုံ မီးလောင်ကျွမ်းခဲ့ကြောင်း သက်ဆိုင်ရာမှပြောကြားချက်အရ သိရသည်။

မီးလောင်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးချက်အရ ဝိုင်ယာရှော့ခ်ဖြစ်ရာမှ လောင်ကျွမ်းမှုဖြစ်နိုင်ကြောင်း ကနဦးသိရပြီး ည ၉ နာရီ ၂၀ မိနစ်တွင် မီးညွှန့်ကျိုး၍ မီးထိန်းနိုင်ခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပမည်၊ သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး အသိပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေးမတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၁၆)ကြိမ်မြောက် ဘင်းမ်စတက်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်မှ ၂ ရက်အထိ နေပြည်တော်ရှိ ရှွှင်ရယ်ကုမုဒြာဟိုတယ်၌လည်းကောင်း၊ (၁၄) ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့်အစည်းအဝေးနှင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို မတ် ၃ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက်ဖြစ်သော www.thirdbimstecsummit.gov.mm ၌ HOME Page ရှိ MEDIA REGISTRATION ကိုနှိပ်၍ MEDIA REGISTRATION FORM တွင်ဖြည့်စွက်ကာ SUBMIT ပြုလုပ်ရန်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်နောက်ဆုံးထားပေးပို့ရန်နှင့် ဝင်ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို မတ် ၁၊ ၂ ရက်အစည်းအဝေးမှစ၍ သတင်းရယူလိုသူများအတွက် ရှွှင်ရယ်ကုမုဒြာဟိုတယ်တွင်လည်းကောင်း၊ မတ် ၃၊ ၄ ရက် အစည်းအဝေးသတင်းရယူလိုသူများအတွက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင်လည်းကောင်း နေရာအလိုက် အစည်းအဝေးစတင်သည့်ရက် နံနက်ပိုင်းတွင် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာသတင်းထောက်များအတွက် ဝင်ထွက်ခွင့် ကတ်/ဗီဇာကိစ္စတို့နှင့် ပတ်သက်၍ သိရှိလိုပါက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၅၀၉ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် ယနေ့ညနေမှ နောက်သုံးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(မိုး/ဇလ)**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း၌ ပြေးဆွဲလျက်ရှိသည့် အငှားယာဉ်များသည် ရန်ကုန်လိုင်စင်မှတ်ပုံတင်၍ ပြေးဆွဲလျက်ရှိပါသည်။ အချို့သောအငှားယာဉ်များသည် နယ်လိုင်စင်ဖြင့် ရန်ကုန်မြို့တော်အတွင်းဝင်ရောက်၍ ပြေးဆွဲလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နယ်လိုင်စင်ရှိ အငှားယာဉ်များသည် ရန်ကုန်မြို့တွင်း၌ အရေးပေါ်ကိစ္စမှလွဲ၍ အမြဲတမ်းပြေးဆွဲမောင်းနှင်ခြင်း မပြုကြရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလုပ်သမားများ၏အနည်းဆုံးအခကြေးငွေကို အမြန်ဆုံးသတ်မှတ်နိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တရားမဝင်မော်တော်ဆိုင်ကယ်များ လိုင်စင်ပြုလုပ်ပေးခြင်းစီမံချက်ကာလကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်မှစတင်၍ ၂၀၁၄ခုနှစ် ဇူလိုင်လ ၄ ရက်အထိ အများပြည်သူရုံးပိတ်ရက်မပါ ရုံးဖွင့်ရက် ရက်ပေါင်း ၉၀ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အခွန်အခကောက်ခံ၍ တရားဝင်ဖြစ်ရေးနှင့် ရရှိမည့်အခွန်ငွေများ ခွဲဝေပေးရေးဆောင်ရွက်ရန် စီမံထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက သတ်မှတ်ကာလကျော်လွန်သွားပါက နိုင်ငံပိုင်အဖြစ် သိမ်းဆည်းကာ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း၊ အကောက်ခွန်ကြေးနှင့် ကုန်သွယ်လုပ်ငန်းခွန်ကြေးတို့အား ယခင်အဌမအကြိမ်ကောက်ခံခဲ့သည့်နှုန်းထားများအတိုင်း သတ်မှတ်ကာလတန်ဖိုး၏ ငါးရာခိုင်နှုန်းစီ အာမခံပရီမီယံကြေးနှင့် ဘဏ်ဆောင်ရွက်ခအား ငွေကျပ် ၂၃၀၀၊ ယာဉ်မှတ်ပုံတင်ကြေးအား ငွေကျပ် ၂၂၀၀၀ နှုန်းထားများဖြင့် အခွန်အခများ ကောက်ခံသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံအတွင်း၌ရှိနေသည့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို အခွန်အခများ သတ်မှတ်ပေးဆောင်စေ၍ တရားဝင်မှတ်ပုံတင်ခြင်းကို (၈)ကြိမ် ပြုလုပ်ပေးခဲ့ရာ မော်တော်ဆိုင်ကယ်စီးရေ ၂၈၃၃၃၀၉ စီး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် အခွန်ငွေကျပ် ၂၇၈ ဘီလီယံကျော်ရရှိခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပြီးနောက်တွင် နည်းလမ်းမျိုးစုံဖြင့် ရောက်ရှိလာသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်အသုံးပြုမှု များပြားလာကြောင်းကို သိရှိရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆိုပါ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကိုအသုံးပြု၍ ရာဇဝတ်မှုကျူးလွန်ခြင်းနှင့် ယာဉ်တိုက်မှုများဖြစ်ပေါ်ခြင်းတို့တွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကိုသာ ဖမ်းဆီးရမိပြီးတရားခံအားဖမ်းဆီးရန် ခက်ခဲသည့်ပြဿနာများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အလားတူ Road Safety နှင့်ပတ်သက်၍ ယာဉ်သွားလာမှု စိစစ်ကြပ်မတ်ရန် ခက်ခဲခြင်းများ ရှိလာခဲ့ပါကြောင်း။

သို့ဖြစ်၍ ယခင်ဆောင်ရွက်ခဲ့သည့် နည်းလမ်းအတိုင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို အခွန်အခများပေးဆောင်စေ၍ တရားဝင်ဖြစ်လာစေရန် စီမံချက်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံချက်အောင်မြင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်တို့ပါဝင်သော ပူးပေါင်းအဖွဲ့ (One Stop Service) များဖွဲ့စည်း၍ တရားဝင်မှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုစီမံချက်မှရရှိသည့် အခွန်ငွေများအနက် အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရရှိငွေများ၏ ၂၅ရာခိုင်နှုန်းကို လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ယခင်ကဆောင်ရွက်ခဲ့သည့်နည်းတူ ဘဏ္ဍာရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ စနစ်တကျလွှဲပြောင်းပေးသွင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ဖိတ်ကြားချက်အရ ၁၃-၁၂-၂၀၁၃ရက်မှ ၁၅-၁၂-၂၀၁၃ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပသည့် နှစ်(၄၀)ပြည့် အာဆီယံ-ဂျပန် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ပဉ္စမအကြိမ် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ဂျပန်နိုင်ငံခရီးစဉ်မှတ်တမ်းကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အရအသုံးစာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၃/၂၀၁၄)နှင့်ပတ်သက်၍ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်းက ဆွေးနွေးခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အရအသုံးစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား စိစစ်တင်ပြခြင်း အစီရင်ခံစာပါဖြစ်သည့် ပြည်ပအကူအညီရငွေကိစ္စ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ ထည့်ဝင်ငွေကိစ္စ၊ လှည့်ပတ်ရန်ပုံငွေ ကိစ္စ၊ ယာယီစာရင်းများနှင့် လွှဲပို့ငွေစာရင်းများကိစ္စ၊ ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းခြင်းကိစ္စ၊ ပြည်တွင်း၊ ပြည်ပ ကြွေးမြီများကိစ္စ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဘဏ္ဍာငွေ အရအသုံးစာရင်းကိစ္စ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြသည့်ကိစ္စ၊ ပိုလျှံငွေ ပြန်လည်အပ်နှံခြင်း ကိစ္စ၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြည်ထောင်စုမှ ထောက်ပံ့ငွေကိစ္စ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးကိစ္စတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၃ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အရအသုံးစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအား စိစစ်တင်ပြသည့် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအမှတ်စဉ်(၃/၂၀၁၄)ပါ တွေ့ရှိသုံးသပ်ချက်များနှင့် သဘောထားမှတ်ချက်များအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အလုပ်သမားအလုပ်ရှင် အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏ သုံးသပ်တင်ပြချက်နှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ပြဋ္ဌာန်းပြီးသည့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဆက်လက်ဆောင်ရွက်မည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်(နမူနာ)မူကြမ်းကို စက်မှုဇုန် ၁၈ ဇုန်၏ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ အထည်ချုပ်လုပ်ငန်းများနှင့် အထည်ချုပ်မဟုတ်သည့် CMP လုပ်ငန်းများတွင်ရှိသည့် အလုပ်ရှင်၊ အလုပ်သမားများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပေးပို့အကြံဉာဏ်များတောင်းခံထားပြီး အကြံပြုချက်များ ရရှိသည့်အခါ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လစာပေးပုံစနစ်အား အနိမ့်ဆုံးအခကြေးငွေအပေါ်အခြေခံ၍ တစ်ပြေးညီသတ်မှတ်ဆောင်ရွက်ရန် အနည်းဆုံးအခကြေးငွေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလုပ်သမားများ၏ အနည်းဆုံး အခကြေးငွေကို အမြန်ဆုံးသတ်မှတ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဥပဒေပါ သတ်မှတ်ချက်များအတိုင်း လိုက်နာမှုရှိစေရေးကိုလည်း ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလုပ်ချိန်နှင့် အချိန်ပိုကြေးတို့ကို ဥပဒေသတ်မှတ်ချက်အတိုင်း လစဉ် လဆန်း ၇ ရက်မှ ၁၀ ရက်အတွင်း ထုတ်ပေးစေရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ အချိန်ပိုလုပ်ကိုင်စေခြင်းနှင့်ပတ်သက်၍ အများပြည်သူ အလုပ်ပိတ်ရက်များတွင် လုပ်ငန်းလိုအပ်ချက်အရ အလုပ်သမားတို့က သဘောတူညီ၍ အချိန်ပိုလုပ်ကိုင်ပါက ပေးမြဲနှုန်း၏ နှစ်ဆနှင့် ရှားပါးစရိတ်ကို ခံစားစေလျက်ရှိပြီး အလုပ်သမားနေ့နှင့် ဘာသာရေးဆိုင်ရာ တရားဝင်ရုံးပိတ်ရက်များမှာ အချိန်ပိုမလုပ်ရန် လိုက်နာဆောင်ရွက်မှုရှိစေ၍ စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သက်သာချောင်ချိရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့အတွက် ဥပဒေနှင့်အညီ တိကျစွာဖြည့်ဆည်းဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးစေကာ လိုက်နာမှုမရှိသည့်စက်ရုံ၊ အလုပ်ရုံများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ထပ်မံကျူးလွန်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ အမြန်ဆုံးရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးခဲ့ကြပါကြောင်း။

အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းရန်၊ အလုပ်သမား၊ အလုပ်ရှင် အငြင်းပွားမှုများကို အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ရန်နှင့် အလုပ်သမား၊ အလုပ်ရှင်ဆက်ဆံရေး ညီညွတ်မျှတရန် အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ပြီး ဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်ရုံတွင် အလုပ်သမားရေးရာ အငြင်းပွားမှုပေါ်ပေါက်ပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆင့်ဆင့်လိုက်နာဆောင်ရွက်ရန် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များမှ အမှုပေါင်း ၂၂၇ မှု၊ တိုင်းဒေသကြီး/ ပြည်နယ်ခုံသမာဓိအဖွဲ့များမှ အမှုပေါင်း ၂၈ မှုနှင့် ခုံသမာဓိကောင်စီမှ အမှုပေါင်း ၁၇ မှုတို့ကို ဖြေရှင်းဆောင်ရွက်ခဲ့ရာ ငွေကျပ်သိန်းပေါင်း ၂၇၃၀ ဒသမ ၆၂ နှင့် အမေရိကန်ဒေါ်လာ ၆၄၇၁ တန်ဖိုးရှိသည့် ငွေကြေးအကျိုးခံစားခွင့်များကို ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အလုပ်ရှင်များနှင့် အလုပ်ကြပ်များသည် လုပ်သားများအပေါ် ဆက်ဆံရေးပြေပြစ်စွာဆောင်ရွက်ရန် စက်မှုဇုန်များအလိုက် သင်တန်းကျောင်းများ ထူထောင်ခြင်း၊ ပုဂ္ဂလိကပိုင်လုပ်ငန်းကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများ ထူထောင်ရေးနှင့် အလုပ်သမားဥပဒေဆိုင်ရာ ပညာပေးမှုများအတွက် ဝန်ကြီးဌာနအနေဖြင့် အပြုသဘောဆောင်သည့် ပြည်ထောင်စုလွှတ်တော် အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏ စိတ်ရင်းစေတနာကောင်းများဖြင့် ပြည်သူလူထုအကျိုး၊ အထူးသဖြင့် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် အလုပ်သမားများအကျိုးကို မျှော်မှန်းကာ သုံးသပ်ချက်များ၊ အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

## ကမ္ဘာလှည့်ခရီးသွားများ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လေ့လာ

**နောင်ချို ဖေဖော်ဝါရီ ၁၃**

ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားဧည့်သည်များသည် ယမန်နှစ်ကထက် ယခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်မှအစပြုကာ ဆိုင်ကယ်များဖြင့် နောင်ချိုမြို့နယ်အတွင်းရှိ ကမ္ဘာကျော် ဒုတိယအမြင့်ဆုံးမီးရထားလမ်း ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းကားလမ်း၊ တံတားသဘာဝလိုဏ်ဂူ၊ သီပေါမြို့ ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုဘုရားစေတီ၊ သီပေါဟော်နန်း၊ နောင်ချိုမြို့နယ် သဖန်းကိုင်းကျေးရွာမန္တလေး၊ လားရှိုးကားလမ်းဘေးရှိ အနော်ရထာမင်းတရားကြီး တိုင်းခန်းလှည့်လည်စဉ် ခေတ္တနားခိုတော်မူပြီး တနန်းတော်ဘုရားစေတီတည်ထားတော်မူခဲ့ရာ စေတီတော်ကြီးကိုလည်း ဖူးမြော်ကြည်ညိုလေ့လာကြကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

## အောင်နိမိတ် အောင်အတိတ်ဆောင်သည့် လာဘ်ကောင်ဇီးကွက် ပြည်ထောင်စုနေ့ အခမ်းအနားတက်ရောက်လာသော ကျောင်းသူ၏ခေါင်းပေါ်လာနား

**လွိုင်လင် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့၌ ၂၀၁၄ ခုနှစ် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ်ကျောက်တိုင် (ပင်လုံကျောက်တိုင်) ပန်းခြံ အဆင့်မြှင့်တင် ပြီးစီးခြင်း ဖွင့်ပွဲအခမ်းအနား အစမ်းလေ့ကျင့်မှု ဆောင်ရွက်နေစဉ် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဇီးကွက်တစ်ကောင်သည် ညောင်ပင်ကြီးမှဆင်းလာပြီး ကျောင်းသူတစ်ဦး၏ ဦးခေါင်းပေါ်၌ လာရောက်နားခိုခဲ့ကြောင်း သိရသည်။

**လာရောက်နားခို**

ဖြစ်စဉ်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ရှမ်းပြည်နယ်အစိုးရတို့၏ စီစဉ်မှုဖြင့် တောင်တန်း ပြည်မ ပူးပေါင်းရေးစာချုပ်ကျောက်တိုင် (၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ကျောက်တိုင်) ပန်းခြံ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီး၍ ဖွင့်ပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ နံနက် ၁၁ နာရီတွင် ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားမကျင်းပမီ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၊ ဒေသခံများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၅၀၀ တို့ကို ကျောက်တိုင်ဝင်း(ပန်းခြံ) မြက်ခင်းပြင်၌ နေရာချပြီး အစမ်းလေ့ကျင့်မှုများ ဆောင်ရွက်နေစဉ် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ကျောက်တိုင်အနီးရှိ ညောင်ပင်ကြီးပေါ်မှ ဇီးကွက်တစ်ကောင်ပျံဆင်းလာပြီး တိုင်းရင်းသားအကအဖွဲ့အတွင်းမှ ကျောင်းသူတစ်ဦး၏ ဦးခေါင်းပေါ်၌ လာရောက်နားခိုခဲ့သည်။

**ယူဆကြ**

ယင်းကဲ့သို့ ဖွင့်ပွဲမစမီ အစမ်းလေ့ကျင့်နေချိန် ဦးခေါင်းပေါ် ဇီးကွက် လာရောက်နားခိုခြင်းကို ပညာရှိများက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လာဘ်ကောင်

ဖြစ်သောကြောင့် အောင်နိမိတ် အောင်အတိတ်နှင့် အောင်ကြောင်း မင်္ဂလာအဖြာဖြာဖြင့် နိုင်ငံတော်ကြီး တစ်ခုလုံးနှင့် ပင်လုံဒေသကြီး အေးချမ်းသာယာစေပြီး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံစေမည်ဟု ယူဆကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သောအဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Douangchay PHICHITH ၏ ဖိတ်ကြားချက်အရ ယနေ့မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E.Mr.Nilahath Sayarath နှင့် ဒုတိယစစ်သံမှူး Major Khampheng Sonephachanh တို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (မြဝတီ)

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်၊ ဗိုလ်ချုပ်မြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ်လှင်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၃၅ မိနစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား လာအိုကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Colonel Kenchan NANTHALANGSY နှင့်ဇနီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်ဇနီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီးတင်ထွန်းအောင်နှင့် ဇနီးနှင့် တာဝန်ရှိသူတို့က ဝပ်တိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါချစ်ကြည်ရေး ခရီးစဉ်တွင် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံခြင်း၊ လာအိုနိုင်ငံသမ္မတနှင့် ကာကွယ်ရေးဝန်ကြီးတို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြားကိစ္စရပ်များ ဆွေးနွေးခြင်း၊ မြို့တော်ဗီယင်ကျန်းနှင့် လွှန်ပရာဘန်ပြည်နယ်အတွင်း ထင်ရှားသော နေရာများသို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စင်ကာပူလေကြောင်းပြပွဲ ၂၀၁၄ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ် Major General Ravinder Singh ၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ရောက်ရှိနေသော ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဖေဖော်ဝါရီ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန၌ စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် လည်းကောင်း၊ စင်ကာပူတပ်မတော် ဦးစီးချုပ် Lietutenant General Ng Chee Meng နှင့် လည်းကောင်း၊ စင်ကာပူ ကာကွယ်ရေးဝန်ကြီး H.E.Dr.Ng Eng Hen နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော်အကြား လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆက်ဆံရေး တိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့လွတ်လပ်ရေးနှင့် တပ်မတော်သမိုင်းကြောင်း အခြေအနေအပေါ်အဝင် လုံခြုံရေးနှင့် ကာကွယ်ရေးအမြင်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန Conference Room ၌ တာဝန်ခံအရာရှိတစ်ဦးက Singapore Army Workplan အား Video ဖြင့် ရှင်းလင်းပြသမှုအပေါ် သိလိုသည်များ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး Swissotel ဟိုတယ်၌ စင်ကာပူ ကြည်းတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့သည် ညနေ ၃ နာရီခွဲတွင် အမှတ်(၃) တပ်မသို့ရောက်ရှိရာ တပ်မမှူး Colonel Ong Tze Chin က ကြိုဆိုသည်။ ထို့နောက် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူက တပ်မ ဖွဲ့စည်းတည်ဆောက်မှု၊ တာဝန်နှင့် ဝတ္တရား၊ လေ့ကျင့်ရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာနှင့် နှစ်အလိုက်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သိလိုသည်များ မေးမြန်းဆွေးနွေးပြီး ခင်းကျင်းပြသထားသည့် EW ဆိုင်ရာ စစ်သုံးပစ္စည်းများနှင့် UW ဆိုင်ရာ ယန္တရားများအား ကြည့်ရှုလေ့လာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညနေပိုင်းတွင် Singapore Air Show 2014 ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် Marina Bay Sands Ballroom သို့ရောက်ရှိရာ အခမ်းအနားတွင် စင်ကာပူသမ္မတနိုင်ငံ Deputy Prime Minister, Coordinating Minister for National Security and Minister for Home Affairs H.E.Mr.Teo Chee Heam တက်ရောက် အမှာစကားပြောကြားပြီး အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

▲ ကျောဖုံးမှ

အကြောင်းအရင်းမှာ မြန်မာနိုင်ငံ အရပ်ဖက်အစိုးရ တက်လာသည့် ၂၀၁၁ ခုနှစ်နောက်ပိုင်း နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာခြင်းနှင့် နိုင်ငံတကာ အသိုက်အဝန်းအတွင်း ထဲထဲဝင်ဝင် ပြန်လည်ဝင်ရောက်ရန် စတင်ကြိုးပမ်းလာခြင်းများ ဖြစ်ကြောင်း သိရသည်။

သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ဘဏ်အရာရှိကြီးတစ်ဦးက အမေရိကန်ပြည်ထောင်စု အရေးယူပိတ်ဆို့မှုများကို ရုပ်သိမ်းခြင်းနှင့် ငွေပြန်လည်ချေးမှုအပေါ် တစ်နှစ်တာ ဆိုင်းငံ့ထားမှုအား အဆုံးသတ်လိုက်ခြင်းနှင့် အတူ မြို့ရှင်နိုင်ငံများ၏ အဖွဲ့ဖြစ်သော Paris Club မှ များပြားသော ကြွေးမြီများ လျှော်ပစ်လိုက်ခြင်းများကပင် ယင်းပို့ကုန် သွင်းကုန်ဘဏ်အဖို့ မြန်မာနိုင်ငံအတွင်း လုပ်ငန်းလုပ်ဆောင်နိုင်သည့် အခြေအနေဖြစ်ထွန်းလာခဲ့ကြောင်း ဆိုသည်။

### ရင်းနှီးမြှုပ်နှံနိုင်

အခြားသော ဘဏ်အရာရှိတစ်ဦးကမူ အမေရိကန် ပြည်ထောင်စုပို့ကုန်တင်ပို့သောကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် လယ်ယာထွက်ကုန်အများအပြား ရှိရာ ၄င်းတို့အတွက်ကြီးမားသည့် အခွင့်အလမ်းများ ဖြစ်ကြောင်း၊ လယ်ယာသုံးပစ္စည်း၊ သတ္တု၊ လျှပ်စစ်ဓာတ်အားအပါအဝင် ဆောက်လုပ်ရေး၊ ပို့ဆောင်ရေးစသော ကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်ကြောင်း ပြောကြားသည်။

### ပံ့ပိုးပေး

အမေရိကန် ပြည်ထောင်စု ပို့ကုန် သွင်းကုန်ဘဏ်အနေဖြင့် ချေးငွေအာမခံမှု၊ ပို့ကုန်ရောင်းဝယ်မှုအတွက် တိုက်ရိုက်ချေးငွေနှင့် ပို့ကုန်ချေးငွေအာမခံလုပ်ငန်း အစရှိသော ဝန်ဆောင်မှုများကို လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ ယင်းကဲ့သို့ ဝန်ဆောင်မှုပေးရာ၌ အမေရိကန်နိုင်ငံမှ ပို့ကုန်ကုမ္ပဏီများနှင့် ၄င်းတို့၏ ကုန်ပစ္စည်းပေးသွင်းသူများ လုပ်ငန်းလည်ပတ်ရာတွင် လိုအပ်သော ကုန်ပစ္စည်းထုတ်လုပ်ရန် သို့မဟုတ် ကုန်ပစ္စည်းဝယ်ယူရန် ငွေကြေးလိုအပ်မည်ဖြစ်ရာ ယင်းလိုအပ်သော ငွေကြေးရရှိရန် ရင်းနှီးငွေ အာမခံချက်များဖြင့် ပံ့ပိုးပေးထားသည်။

အမေရိကန် ပြည်ထောင်စု ပို့ကုန်သွင်းကုန်ဘဏ်သည် ကုန်သွယ်မှုကို ရေရှည်ပံ့ပိုးမှုပြုလုပ်နိုင်ရန် နိုင်ငံတွင်း ကြုံတွေ့ရမည့် အခက်အခဲအန္တရာယ်ကို တွန်းလှန်နိုင်သော ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်ရှိရန် လိုအပ်မည် ဖြစ်သည်။

### စိတ်ဝင်စားဖွယ်

ဘဏ်တာဝန်ရှိသူ တစ်ဦးက ပို့ကုန်အကြွေးပေး အေဂျင်စီများ၏ အားကို အပြည့်အဝရရှိကြသော ကုမ္ပဏီများနှင့် ယှဉ်ပြိုင်ရန် ကြိုးပမ်းနေရသော အမေရိကန် ပို့ကုန် ကုမ္ပဏီများအတွက် မျှတသော ယှဉ်ပြိုင်မှုတစ်ရပ် လိုအပ်ကြောင်း၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး ဆန္ဒရှိနေကြသော အမေရိကန်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် သဘာဝသယံဇာတ အပါအဝင် စိတ်ဝင်စားဖွယ်ရာများစွာ ရှိနေကြောင်းဆိုသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး စိုးရိမ်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲဟူသော မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် အဆိုပါဘဏ်တာဝန်ရှိသူက နိုင်ငံရေးနှင့် လူမှုရေးအခြေအနေများကို ထည့်သွင်း စဉ်းစားထားပါကြောင်း၊ ချေးငွေပေါ် ပြန်လည်ပေးဆပ်ရေး ကိစ္စကိုလည်း အနည်းအကျဉ်း စဉ်းစားပါကြောင်း ပြောကြားသည်။

### တိုက်တွန်း

အမေရိကန် အရာရှိကြီး တစ်ဦးက ရခိုင်အရေးကိစ္စနှင့် ပတ်သက်ပြီး မိမိတို့မြန်မာအစိုးရနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်နေပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး နှစ်ဖက်အုပ်စု စိတ်ကျေနပ်မှုရရှိရန် လွတ်လပ်ပြီး ယုံကြည်ရသော စုံစမ်းစစ်ဆေးမှု တစ်ရပ်လုပ်ဆောင်ရန် မြန်မာအစိုးရကို တိုက်တွန်းထားပါကြောင်း ပြောကြားသည်။

(ရိုက်တာ)

## ပြည်တွင်းသတင်း

**❒ ရွှေဖုံးမှ**

ရေရှည်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန် ဥပဒေနှင့် ပတ်သက်၍ ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ရင်းနှီးမြှုပ်နှံသူများအား ပိုမိုဆွဲဆောင်နိုင်စေရန် ရည်ရွယ်၍ ယခင်ပြဋ္ဌာန်းခဲ့သော အထူးစီးပွားရေးဇုန်များကို လွှမ်းမိုးသည့် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း။

အထူးစီးပွားရေးဇုန် သုံးခုဖြစ်သည့် ထားဝယ်အထူးစီးပွားရေးဇုန်၊ သီလဝါ အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် သုံးခုစလုံးကို တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်ထူထောင်ရန် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့ ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ ကနဦး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါစာချွန်လွှာအရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့ မူဘောင်သဘောတူစာချုပ်ကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ သဘောတူစာချုပ်အရ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း၏ ပထမအဆင့် စီမံကိန်းအဖြစ် မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီးများဖောက်လုပ်ရေး၊ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး၊ စက်မှုဇုန်စီးပွားရေးလုပ်ငန်းများ တည်ထောင်ရေးတို့ကို ၂၀၁၅ ခုနှစ်တွင် အပြီးအကောင်အထည်ဖော်ရန် ရည်မှန်းချက်ထားခဲ့ပါကြောင်း၊ သို့သော် အီတာလျံ-ထိုင်း ကုမ္ပဏီအနေနှင့် ထားဝယ် အထူးစီးပွားရေးဇုန်၏ လုပ်ငန်းပမာဏကြီးမားခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ အကြောင်းကြောင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်မှုမရှိခြင်း၊ လုပ်ကိုင်နိုင်စွမ်း မပြည့်မီခြင်းတို့ကြောင့် မူလရည်မှန်းသည့်အချိန်အတွင်းပြီးစီးရန် အခက်အခဲအကန့်အသတ်များရှိနေခဲ့ပါကြောင်း၊ အဆိုပါအခက်အခဲအား ဖြေရှင်းနိုင်ရန်နှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ ယုံကြည်စိတ်ချစွာ လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့၏ မူဘောင်သဘောတူစာချုပ်ကို ရပ်စဲခဲ့ပြီး အစိုးရချင်းလွှဲပြောင်းခဲ့ပါကြောင်း။

### ဖွဲ့စည်း

ထားဝယ် အထူးစီးပွားရေးဇုန် နားလည်မှုစာချွန်လွှာအား ၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ လက်မှတ် ရေးထိုးခဲ့ကြပါကြောင်း၊ အဆိုပါစာချွန်လွှာအရ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ၊ ပူးတွဲလုပ်ငန်းညှိနှိုင်းမှု ကော်မတီနှင့် ပူးတွဲဆပ်ကော်မတီများအား ဖွဲ့စည်းခဲ့ပါကြောင်း။

ပူးတွဲအဆင့်မြင့် ကော်မတီအစည်းအဝေးအား ထိုင်းနိုင်ငံတွင် နှစ်ကြိမ်ဆွေးနွေးခဲ့ကြပြီး ပူးတွဲလုပ်ငန်းညှိနှိုင်းမှု ကော်မတီအစည်းအဝေးအား ထိုင်းနိုင်ငံတွင် သုံးကြိမ်နှင့် မြန်မာနိုင်ငံတွင် တစ်ကြိမ် စုစုပေါင်း လေးကြိမ် ကျင်းပခဲ့ပါကြောင်း၊ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံအနေနှင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်နိုင်ရေးအတွက်လည်း မြန်မာ-ထိုင်း-ဂျပန် သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန် ရှေ့ဆက်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးတည်ထောင်သူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဂုဏ်သတင်းမြင့်မားပြီး အတွေ့အကြုံရှိသည့် နိုင်ငံတကာ အကြံပေးကုမ္ပဏီ ရွေးချယ်ကာ တင်ဒါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

### လက်မှတ်ရေးထိုး

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းမြို့နယ်တွင်လည်း သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းအား တည်ဆောက်လျက်ရှိပါကြောင်း၊ ရင်းနှီးတည်ဆောက်သူအဖြစ် မြန်မာ Consortium နှင့် ဂျပန် Consortium များ၏ Joint Venture Agreement ကို ၂၉-၁၀-၂၀၁၃ ရက်နေ့ တိုကျိုမြို့တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်၏ ပထမအဆင့် ၄၀၀ ဟက်တာခန့်အတွင်း အခြေခံဆောက်လုပ်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်အား ၂၀၁၅ ခုနှစ်တွင် စီးပွားဖြစ် စတင်လည်ပတ်နိုင်၍ အလုပ်အကိုင်အခွင့်အလမ်းများ လျင်မြန်စွာ ပေါ်ပေါက်နိုင်စေရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို လျင်မြန်စွာအထောက်အကူပြုနိုင်စေရန် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်တွင် ကျောက်ဖြူ အထူး စီးပွားရေးဇုန်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးစီးပွားရေးဇုန် တည်ဆောက်နိုင်ရန်အတွက် ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကြံပေးအဖွဲ့ဖြင့် ဇုန်အကြံပေးကုမ္ပဏီ တင်ဒါခေါ်ယူရေးအား ရွေးချယ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မကြာခင် အတည်ပြုပေးနိုင်တော့မှာ ဖြစ်ပါကြောင်း၊ အတည်ပြုပြီး အကြံပေးကုမ္ပဏီမှ ရင်းနှီးတည်ဆောက်သူ Developer ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရွေးချယ်ပေးရမှာဖြစ်ပါကြောင်း။

အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစီးဝင်ခြင်း၊ နည်းပညာနှင့် ကမ္ဘာ့ဈေးကွက်သို့ ဝင်ဆန့်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်ခြင်း စသည့် ကောင်းကျိုးများရှိသလို နိုင်ငံအတွက် အခွန်အခလျော့နည်းသွားခြင်း၊ စိုက်ပျိုးမြေများ လျော့ပါးသွားခြင်း၊ ဒေသခံများအတွက် ပြန်လည်နေရာချထားမှု အစီအမံများ အားနည်းပါက လူမှုရေးဒုက္ခများ ကြုံတွေ့နိုင်ခြင်း စသည့်ဆိုးကျိုးများလည်းရှိပါကြောင်း၊ ထို့ကြောင့် ဘက်ပေါင်းစုံမှ ကျယ်ပြန့်စွာ သုံးသပ်ချမှတ်ထားသည့် မဟာဗျူဟာစီမံချက်ဖြင့်သာလျှင် အထူးစီးပွားရေးဇုန်လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးပြီး ပြည်ပနိုင်ငံများ၏ လက်ခုပ်ထဲကရေဖြစ်မသွားရန် သတိနှင့်စီမံသွားရန်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နယ်ပယ်ကြီး (၃)ရပ် သဟဇာတဖြစ်စွာ ဆက်စပ်ပေးရန် လိုအပ်ပါကြောင်း၊ စီးပွားရေးနှင့်လူမှုရေး နယ်ပယ်ဆက်စပ်မှုအတွက် အချိုးညီမျှတမှု၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်နယ်ပယ် ဆက်စပ်မှုအတွက် တွက်ခြေကိုက်မှု၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် နယ်ပယ်ဆက်စပ်မှုအတွက် ခံနိုင်ရည်ရှိမှုတို့နှင့် ပြည့်စုံမှသာလျှင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာ အတွေ့အကြုံများအရ စီးပွားရေးဇုန်များအား တည်ထောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် သာဓကများကို တွေ့မြင်ရသည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထူးစီးပွားရေးဇုန်သုံးခုအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်နေသကဲ့သို့ အခြားသင့်လျော်သည့် ဒေသများတွင်လည်း နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်များနှင့်အညီ အထူးစီးပွားရေးဇုန်များအား တည်ထောင်ခြင်းအားဖြင့်လည်းကောင်း၊ အထူးစီးပွားရေးဇုန် အခွင့်အရေးမပေးနိုင်သည့် နေရာများတွင် ပေါင်းစည်းစီးပွားရေးဇုန် Integrated Economic Zone (IEZ) များ တည်ထောင်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်၏စီးပွားရေးကဏ္ဍများတွင် အရေးပါသော ဇုန်ဖွံ့ဖြိုးမှုလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံဒေသတွင်းရှိ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်နေသည် ဖြစ်ပါ၍ အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ် (ASEAN Comprehensive Investment Agreement- ACIA) နှင့် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ပါ အခွင့်အရေးများအား အာဆီယံ ရင်းနှီးမြှုပ်နှံသူများနှင့် အာဆီယံစီးပွားရေး လုပ်ငန်းများ အနေဖြင့် ခံစားခွင့်ရှိနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသူများသည် ထိုအခွင့်အရေးများ၊ အကာအကွယ်များ ခံစားခွင့်ရရှိနိုင်ပါကြောင်း။

မိမိတို့နိုင်ငံတွင် စီးပွားရေးဇုန်များ၊ အထူးစီးပွားရေးဇုန်များ ပေါ်ထွန်းလာသည်နှင့်အမျှ အာဆီယံ ရင်းနှီးမြှုပ်နှံသူများနှင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းရှိ လုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံရန်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် နေရာအဖြစ် သတ်မှတ်လာမည် ဖြစ်ကြောင်း၊ အဆိုပါအခွင့်အလမ်းများကို မိမိတို့ အရယူပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စီးဝင်အောင် ဆောင်ရွက်သင့်ပါကြောင်း။

တစ်ဖက်တွင်လည်း မိမိတို့သည် ပထဝီအနေအထားအရ အာဆီယံနှင့် ဒေသချင်းဆက်နိုင်ငံများ ဆက်သွယ်မှုတွင် အရေးပါသည့် နိုင်ငံဖြစ်ပါ၍ မိမိတို့နိုင်ငံ၌ ရင်းနှီးမြှုပ်နှံသူများသည် ASEAN Connectivity ၏ အကျိုးအမြတ်များကို ခံစားနိုင်ကြောင်း၊ အလားတူ မဟာမဲခေါင်ဒေသ Greater Mekong Sub-region (GMS) စီးပွားရေးစင်္ကြံ အရလည်းကောင်း၊ အိန္ဒိယ-မဲခေါင်စီးပွားရေးစင်္ကြံ India-Mekong Economic Corridor အရ လည်းကောင်း အဓိကနေရာတွင် တည်ရှိကြောင်း၊ သို့ပါ၍ ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အရေးကောင်းများ ဖန်တီးပေးရာဒေသ ဖြစ်ပါကြောင်း။

ထို့အပြင် အာဆီယံသည် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership) အဆင့်ကို တက်လှမ်းနေပြီဖြစ်၍ အာဆီယံနိုင်ငံများသာမက အရှေ့အာရှ နိုင်ငံများနှင့်လည်း နယ်ပယ်စုံ စီးပွားရေးပေါင်းစည်းရန် အစီအမံများကိုလည်းကောင်း၊ အာရှဘက်စုံဖွံ့ဖြိုးရေး Comprehensive Asia Development အစီအမံများကိုလည်းကောင်း၊ ၂၀၁၅ ခုလွန်နှစ်များအတွက် ပြင်ဆင်နေရာ မိမိနိုင်ငံသည် အဆိုပါ Connectivity ၏ အခွင့်အလမ်းများ၊ ဒေသဆိုင်ရာ အခွင့်အလမ်းများနှင့် နိုင်ငံတွင်းစီးပွားရေးပြုပြင်ပြောင်းလဲမှု၏ အသီးအပွင့်များကို အသုံးချလျက် မိမိတို့နိုင်ငံ ASEAN Chairman တာဝန်ထမ်းဆောင်နေချိန်တွင် အထူးစီးပွားရေးဇုန်များ၏ အခွင့်အလမ်းများကို ထိထိမိမိ ဖော်ထုတ်အသုံးချသင့်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အထူးစီးပွားရေးဇုန်များနှင့်စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် အသုံးစရိတ်များကို ရှင်းလင်းတင်ပြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးအောင်က ဗဟိုလုပ်ငန်း အဖွဲ့၏ ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က တင်ပြရာတွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများနှင့် ပတ်သက်၍ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV-1) တို့ ၂၁-၁၁-၂၀၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် မူဘောင်သဘောတူစာချုပ် (Framework Agreement) ပါ ဆောင်ရွက်သွားမည့် လုပ်ငန်းအချိန်ဇယားအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ရှေ့ဆက်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများ၌ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူ (International Investor) နှင့် ရင်းနှီးတည်ထောင်သူ (Developer) များပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်နိုင်ရန် နှစ်နိုင်ငံဆွေးနွေးသဘောတူညီချက်များအရ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (Special Purpose Vehicle-SPV-1) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖွဲ့စည်းပြီး SPV-2 ကို မြန်မာနိုင်ငံတွင်ဖွဲ့စည်း၍ ရုံးများဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

SPV-1 ကို ထိုင်းနိုင်ငံ၌ ဖွဲ့စည်းရခြင်းမှာ စီမံကိန်းချေးငွေများ ရှာဖွေရန် ပိုမိုလွယ်ကူနိုင်ခြင်း၊ နောင်တွင် အများပိုင်ကုမ္ပဏီအသွင်ကူးပြောင်း၍ ထိုင်းနိုင်ငံ၏ ငွေကြေးဈေးကွက်တွင်လည်း ရှယ်ယာများရောင်းချခြင်းဖြင့် အရင်းအနှီးများ ရရှိနိုင်ခြင်း၊ မြန်မာနိုင်ငံတွင် ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာသည့်အချိန်တွင် မြန်မာနိုင်ငံ၌လည်း စတော့ရှယ်ယာများရောင်းချ၍Dual-listing ပြုလုပ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

### ရှင်းလင်းတင်ပြ

SPV-2 ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်မည်ဖြစ်ပြီး မြန်မာ-ထိုင်း အစိုးရ ဖက်စပ်ကုမ္ပဏီအနေဖြင့် ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများအား အနီးကပ်ညှိနှိုင်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်ပေးမည့် Operational Level အဆင့်ရှိသည့် ကုမ္ပဏီဖြစ်လာမှာဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအရ SPV-1၏ လုပ်ပိုင်ခွင့်များအား SPV-2 မှ အကောင်အထည်ဖော်ပေးမည် ဖြစ်ပြီး SPV-2သည် မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသည့်အတွက် ရန်ကုန်မြို့၌ ရုံးဖွင့်လှစ်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နှစ်ဖက်ညှိနှိုင်းထားသည့် လုပ်ငန်းစဉ်များအရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက တင်ပြရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းကို အခြေခံစီမံချက် (Conceptual Plan) ရေးဆွဲခြင်း၊ အကြံပေးကုမ္ပဏီ (Consulting Firm)အား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ ရင်းနှီးတည်ဆောက်သူ(Developer)အား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ ရင်းနှီးတည်ဆောက်သူ (Developer) ရွေးချယ်ပြီးနောက် အထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ (Project Implementation) လုပ်ငန်းစဉ်အဆင့် (၄)ဆင့်ဖြင့် စနစ်တကျ အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိပါကြောင်း။

လုပ်ငန်း အဆင့်ဆင့်တိုင်းကို နိုင်ငံတော်မှချမှတ်ထားသော မူဝါဒသဘောထားများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပမှတတ်သိပညာရှင်များ၏ အကြံဉာဏ်များကိုရယူခြင်း၊ ဒေသခံပြည်သူလူထု၏ သဘောထားအမြင်များကို သိရှိကာ ထည့်သွင်း စဉ်းစားနိုင်ရန်အတွက် လူမှုအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့များ၏ သဘောထားများ ရယူခြင်းဖြင့် အားလုံးပါဝင်နိုင်သည့် ပွင့်လင်းမြင်သာသော နည်းလမ်း (Transparent Approach) နှင့် တာဝန်ခံမှုရှိသည့်နည်းလမ်း (Accountable Approach)များကိုသုံးကာ ဆောင်ရွက်လျက် ရှိပါကြောင်း။

ယခုအခါ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရင်းနှီးတည်ဆောက်သူ (Developer) များ တင်ဒါခေါ်ယူမည့် လုပ်ငန်းစဉ်နှင့် စီမံကိန်းများ အရည်အသွေးထိန်းသိမ်းမှု လုပ်ငန်းစဉ်များအတွက် အကြံပေးနိုင်မည့် အကြံပေးကုမ္ပဏီ (Consulting Firm)အား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အိတ်ဖွင့်တင်ဒါ ခေါ်ယူနေသည့် ဒုတိယအဆင့်ဖြစ်သည့် လုပ်ငန်းစဉ် ဆောင်ရွက်လျက်ရှိပြီး တင်ဒါအောင်သည့် အကြံပေးကုမ္ပဏီကို ထုတ်ပြန်ကြေညာရန် လုပ်ဆောင်နေပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါ အထူးစီးပွားရေးဇုန်ဖွင့်ပွဲအား ၃၀-၁၁-၂၀၁၃ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ယခုအချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်အား မြန်မာ-ဂျပန် ပုဂ္ဂလိကနှင့် အစိုးရအဖွဲ့အစည်းတို့ ပူးပေါင်းဖွဲ့စည်းထားသည့် Myanmar Japan Thilawa Development Limited မှနေ၍ ရင်းနှီးတည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ ၎င်းဖက်စပ်ကုမ္ပဏီတွင် မြန်မာဘက်မှ ၅၁ ရာခိုင်နှုန်းနှင့် ဂျပန်ဘက်မှ ၄၉ ရာခိုင်နှုန်း ရှယ်ယာများပါဝင်ကြောင်း၊ မြန်မာဘက်တွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ၁၀ ရာခိုင်နှုန်းနှင့် မြန်မာပုဂ္ဂလိကကဏ္ဍ ကိုယ်စားပြုအများပိုင်ကုမ္ပဏီဖြစ်သည့် Myanmar Thilawa SEZ Holdings Public Limited မှ ၄၁ ရာခိုင်နှုန်း၊ ဂျပန်ဘက်တွင် ဆူမီတိုမိုကုမ္ပဏီ၊ မီဆူဘီရှီကုမ္ပဏီနှင့် မာရူဘီနီကုမ္ပဏီကြီး သုံးခုက ဦးဆောင်သော MMS Thilawa Development Co.,Ltd မှ ၃၉ ရာခိုင်နှုန်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ၁၀ ရာခိုင်နှုန်း အသီးသီး ပါဝင်ကြပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၏ ကနဦးတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားမှုလျှောက်လွှာ (Expression of Interest-EOI) များကို ၂-၆-၂၀၁၃ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာမှ ခေါ်ယူခဲ့ပြီး ၃၀-၈-၂၀၁၃ ရက်နေ့တွင် တင်ဒါခေါ်ယူ၍ ၁၀-၁၀-၂၀၁၃ ရက်နေ့တွင် တင်ဒါရွေးချယ်ခဲ့ပါကြောင်း၊ ယင်းတင်ဒါဖြင့် ရွေးချယ်ခြင်းခံရသည့် မြန်မာ-ဂျပန် ပုဂ္ဂလိကဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Penta-Suntac ကုမ္ပဏီမှနေ၍ သီလဝါ အထူးစီးပွားရေးဇုန်၏ ကနဦး ဆောက်လုပ်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရင်းနှီး တည်ဆောက်သည့် Myanmar Japan Thilawa Development Limited တွင် ပါဝင်သော မြန်မာအများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Thilawa SEZ Holdings Public Limited သည် မကြာမီအချိန်တွင် ရှယ်ယာများကို အများပြည်သူတို့အား မြန်မာကျပ်ငွေဖြင့် ရောင်းချသွားမည်ဖြစ်ပါကြောင်း၊ ကနဦးအနေဖြင့် စုစုပေါင်းရှယ်ယာအရေအတွက် ၂ ဒသမ ၁၄၅ သန်းအား ရှယ်ယာတစ်ခုလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပါကြောင်း၊ နောင်လိုအပ်လျှင်လည်း ရှယ်ယာများကို ထပ်မံရောင်းချသွားမည်ဖြစ်ပါကြောင်း၊ ယင်းရှယ်ယာများကို မြန်မာနိုင်ငံသားတစ်ဦး တစ်ယောက်ချင်းကိုသော်လည်းကောင်း၊ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုချင်းကိုသော် လည်းကောင်း ရောင်းချသွားမည် ဖြစ်ပါကြောင်း၊ ရှယ်ယာများ ရောင်းချရာတွင် ထင်သာမြင်သာဖြစ်စေရန် စီမံကိန်း သတင်းအချက်အလက်များ၊ ကုမ္ပဏီ၏ သတင်းအချက်အလက်နှင့် လုပ်ဆောင်ချက်များ၊ ရှယ်ယာနှင့်ပတ်သက်သည့် အချက်အလက်များနှင့် ရောင်းချမည့် အစီအစဉ်များ ပါဝင်သည့်လမ်းညွှန်စာအုပ် (Prospectus) အား ဖြန့်ဝေမည်ဖြစ်ပြီး နိုင်ငံပိုင်သတင်းစာ အပါအဝင် သတင်းမီဒီယာများမှ ပွင့်လင်းမြင်သာစွာ ကြော်ငြာများထည့်သွင်း၍ ရောင်းချသွားမည် ဖြစ်ပါကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်အား ၂၀၁၅ခုနှစ် နှစ်လယ်ပိုင်းမှစတင်၍ စီးပွားဖြစ်လည်ပတ်နိုင်မည်ဖြစ်ပြီး သတ်မှတ်ထားသည့် လုပ်ငန်းများအမှန်တကယ် လုပ်ကိုင်မည့်ကုမ္ပဏီများကိုသာ နှစ်ရှည်မြေငှားရမ်းလုပ်ကိုင်ခွင့် ပေးသွားမည်ဖြစ်ပြီး ထိုကဲ့သို့ ငှားရမ်းထားသည့် ကုမ္ပဏီများမှနေ၍ သတ်မှတ်ကာလအတွင်း စီးပွားဖြစ် စတင်လည်ပတ်နိုင်ခြင်းမရှိပါက မြေပြန်လည်သိမ်းခြင်းကဲ့သို့သော နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် တင်းကျပ်သည့် စည်းကမ်းများ ထားရှိသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် စီမံကိန်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးကာ အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို အထူးစီးပွားရေးဇုန် သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ခြင်း၊ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်းဖြင့် ပြည်သူများထံ အသိပေးသွားရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

# မျိုးသန့်မျိုးပွား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ကွင်းများ စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက နယူးဇီလန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင် Mr. Ross Becker နှင့် Mis.Moira Frazer တို့နှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာအနီး တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး (F1)မျိုးစေ့ထုတ်ဧက ၁၀၀ စိုက်ကွင်း၌ စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ကွင်းဝန်ထမ်းများ၊ ကောက်စိုက်လုံမေများနှင့်အတူ ပုလဲသွယ်စပ်မျိုးစပါး အဖိုလိုင်း (R) လိုင်းများပျိုးကြဲပွဲတော်သို့ တက်ရောက်၍ သိပ္ပံနည်းကျသံဆန်ခါကွက်စနစ်ဖြင့် မျိုးစေ့များကို စနစ်တကျ ပျိုးကြဲခြင်းလုပ်ငန်းအား ရင်းရင်းနှီးနှီး ပါဝင်ဆောင်ရွက်ပြီး စိုက်ကွင်းဝန်ထမ်းများ၊ ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာများနှင့် အချိုရည်များကို ပေးအပ်ကြသည်။

ထို့မှတစ်ဆင့် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီး ဂျပန်နှင့် ကိုရီးယားနိုင်ငံဈေးကွက်သို့ တင်ပို့ရန် မျိုးသန့်မျိုးပွား စိုက်ပျိုးထားရှိသော ပိန်းဥစိုက်ခင်း၊ ဂျပန်မုရင်းမျိုး ပိန်းဥနှင့် ကန်စွန်းဥစိုက်ခင်း၊ မျိုးသန့်မျိုးပွား ပိန်းဥစိုက်ခင်းများကို အရိပ်ရအမိုးအကာစနစ်ဖြင့် စိုက်ပျိုးခြင်း၊ အပွင့်များထွက်ရှိနေသော နေကြာစိုက်ခင်း၊ အသီးများထွက်ရှိနေသော ဂျပန်ဆူကာနီ ဖရုံသခွားစပ်မျိုး စိုက်ခင်းများနှင့် ဂျပန်မုရင်းမျိုး ကန်စွန်းဥစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုလဲသွယ်စပ်မျိုး နှမ်းစပါးဧက ၄၄၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး နှမ်းစပါးစိုက်ပျိုးရန် ငလိုက်ဆည်ရေသောက်စနစ် ရေပေးမြောင်းများမှ စိုက်ပျိုးရေအလုံအလောက်ပေးဝေနေမှုများ၊ ရေတော်၊ မိုးတော် အချိန်ကိုက် စိုက်ပျိုးရန်နှင့် နှမ်းစပါးကို မိုးမကျမီ အလေအလွင့်အနည်းဆုံးဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ရိတ်သိမ်းနိုင်ရေး၊ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စတင်ပျိုးထောင်ထားရှိသော ပျိုးခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက မူဆယ်မြို့နယ် ပြည်ထောင်စုအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ အယ်လ်စိုး (iprd)**

## မန္တလေးတိုင်းဒေသကြီးအတွင်း UN အဖွဲ့အစည်းများမှ ဆောင်ရွက်နေမှုများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်သည် UN Resident and Humanitarian Coordinator ဖြစ်သူ Ms.Renata Dessallien နှင့်အဖွဲ့ကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်တို့ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်း UN အဖွဲ့အစည်းများမှ ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ငဖဲမြို့နယ် တောင်ပေါ်ဒေသ စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေ ဖူလုံလျက်ရှိ

**ငဖဲ ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ ကျေးရွာများသည် တောင်ကုန်းတောင်တန်းများအပေါ် မှီတင်းနေထိုင်ကြသည့် အားလျော်စွာ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေး စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ခွင့်ပြုငွေကျပ်သိန်း ၃၀ နှင့် ဒေသခံပြည်သူများထည့်ဝင်ငွေများဖြင့် လင်းတဲကျေးရွာတွင် အရှည်ပေ ၁၃၀၀၀၊ နှစ်လက်မရေပိုက်ဖြင့် ကျေးရွာအရောက်ရေသွယ် တန်းခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ယခင်က ဝါးလုံးများဖြင့် ရေကိုခက်ခဲစွာ သွယ်တန်းရယူရာမှ ယခုအခါ အိမ်ထောင်စုတစ်စုချင်းအလိုက် ၀ ဒသမ ၅ လက်မ ပိုက်ပျော့များဖြင့် နေအိမ်အပေါ်အရောက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်၍ လင်းတဲကျေးရွာသူ ကျေးရွာသားများ ဝမ်းမြောက်ပျော်ရွှင်လျက် ရှိကြသည်။

**တင်ထွန်းဦး(iprd)**

# ခိုင်းနွား၊ နွားသိုးအလှနှင့် နို့စားနွားများ ပြပွဲပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၃**

၂၀၁၄ ခုနှစ် ဒုတိယအကြိမ်မြောက် ခိုင်းနွား၊ နွားသိုးအလှနှင့် နို့စားနွားများ ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက အမရပူရမြို့နယ် မန္တလေး-ရန်ကုန် ကားလမ်းဘေးရှိ နတ်ရေကန်ငါးလုပ်ငန်းစခန်း၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မျိုးကောင်းမျိုးသန့် နွားမျိုးများ၏ မျိုးရိုးဗီဇများ ထိန်းသိမ်းနိုင်ရန် နို့စားနွား မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာပြီး နွားနို့ထုတ်လုပ်မှု မြင့်မားလာစေခြင်းမှ ပြည်သူလူထု နို့နှင့် နို့ထွက်ပစ္စည်းများ တိုးမြှင့်စားသုံးနိုင်ရန်နှင့် အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးအစီအစဉ်ကို အထောက်အကူပြုစေရန်၊ ခိုင်းနွား မျိုးကောင်း မျိုးသန့်နွားများစွာရှိကြောင်းမွေးမြူသူများသာမက ပြည်သူလူထုသိရှိစေရန် စိတ်ပါဝင်စားလာစေရန်နှင့် နွားမွေးမြူရေးစနစ်တကျ ဆောင်ရွက်လာနိုင်ပြီး တရားဝင်နည်းလမ်းများဖြင့် မြန်မာ့နွားဈေးကွက် နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြပွဲပြိုင်ပွဲကို ကျင်းပဆောင်ရွက်ခဲ့ကြရာ ပြိုင်ပွဲဝင် မြန်မာ့နွားသိုး ၄၈ ကောင်၊ နို့စားနွားမ ၃၂ ကောင် စုစုပေါင်း နွားအကောင် ၈၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ခိုင်းနွားအကဲဖြတ်အမှတ်ပေးဒိုင် ၁၀ ဦး၊ နို့စားနွားအကဲဖြတ်အမှတ်ပေးဒိုင် ၁၀ ဦး၊ ခိုင်းနွားနှင့် နို့စားနွားများ ဒိုင်ချုပ်အဖွဲ့ ငါးဦးစီးတို့က ကိုယ်အနေအထား အချိုးအစားကျနမှု၊ နို့စားနွား၏ သွင်ပြင်လက္ခဏာများ ပြည့်စုံမှု ၊ ခန္ဓာကိုယ်ကြီးထွားကျယ်ပြန့်မှု၊ ခြေနှင့်လက်အနေအထားနှင့် နို့အုံအနေအထား မှန်ကန်ကောင်းမွန်မှု၊ နို့ထွက်နှုန်း၊ နွားမကြီး၏အသက်၊ နွားလေးအသက်၊ နွား၏သွင်ပြင်လက္ခဏာ၊ နို့အရည်အသွေး၊ ဦးခေါင်းပိုင်း၊ ခန္ဓာကိုယ်အလယ်ပိုင်း၊ ခန္ဓာကိုယ်နောက်ပိုင်း၊ နို့စားနွားအနေအထား သွင်ပြင်လက္ခဏာ ပြည့်စုံမှုစသည့် သတ်မှတ်စည်းကမ်းများနှင့် အညီ အကဲဖြတ်စိစစ်အမှတ်ပေး ရွေးချယ်ဆောင်ရွက်ပေးခဲ့ကြသည်။ အဆိုပါပြိုင်ပွဲခိုင်းနွားအလှ၊ နို့စားနွားပြိုင်ပွဲတို့တွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း၊ နှစ်သိမ့်ဆု နှစ်ဆုစီအတွက် ငွေကျပ်ငါးသောင်းစီတို့ကို ဖေဖော်ဝါရီ ၁၂ ရက်က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၀၄၀)**

## နတ်မောက်မြို့နယ်ကျောက်ခွက်ခရိုင်ချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ ကျင်းပ

**နတ်မောက် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဘန်းကုန်းအုပ်စု ကျောက်ခွက်ကျေးရွာတွင် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ခွက်ခရိုင်ချင်းဆက်လမ်း (ကျောက်ချောလမ်းသစ်)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ နံနက် ၉ နာရီက ဖွင့်လှစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးအေးမြင့်တို့က အဆိုပါမုခ်ဦးရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နတ်မောက်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာတို့က အမှာစကားပြောကြားပြီး ကျေးရွာနေပြည်သူများကိုယ်စား ဘန်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ကျောက်ခွက်ခရိုင်ချင်းဆက်လမ်း (ကျောက်ချောလမ်းသစ်) လမ်းအရှည်ပေ ၄၉၀၀ ပေ၊ အကျယ် ၁၂ ပေနှင့် အမြင့် ၁၀လက်မဖြစ်ပြီး စုစုပေါင်းကုန်ကျငွေ ၃၅၁ သိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အစီအစဉ်အရ တက်ရောက်လာကြသော မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကျောက်ခွက်ခရိုင်ချင်းဆက်လမ်း ကျောက်ချောလမ်းသစ်ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**




၁၉၉၇ ခုနှစ်တွင် စတင်ထုတ်ဝေသည်

၁၇ နှစ်မြောက် အထိမ်းအမှတ်

အထူးကျေးဇူးတင်လွှာ

တနင်္လာနေ့တိုင်း ထုတ်ဝေသည်

www.zaygwet.com (marketjournal.com)

အယ်ဒီတာအဖွဲ့ (ဈေးကွက်ဂျာနယ်)

ထုတ်ဝေသူ (ဈေးကွက်ဂျာနယ်)

website : www.zaygwet.com , E-mail : zaygwet1997@gmail.com

# လားရှိုးမြို့၌ ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

**လားရှိုး ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မြို့တော်ခန်းမ၌ နံနက် ၈ နာရီတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော သဝဏ်လွှာကို လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က ဖတ်ကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးအဖွဲ့သည် လားရှိုးမြို့ နန်းဟေဝန်ပန်းခြံအတွင်း ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းရောင်းချနေသည့် တိုင်းရင်းသားရိုးရာ အစားအစာဈေးရောင်းပွဲတော်သို့ သွားရောက်အားပေး၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲများတွင် ဆုရရှိသူများအားဆုချီးမြှင့်ခဲ့သည်။ ဆက်လက်၍ နံနက် ၉ နာရီတွင် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၂) စွယ်တော်လမ်းသစ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဦးကံမြိုင်၊ ရပ်ကွက် (၁၂) ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းအောင်ဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုခဲ့ကြောင်းသိရသည်။

**ဇော်လွင်(လားရှိုး)**



# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Tomas Ojea Quintana သည် ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆွေးနွေးခဲ့**

ယင်းနောက် Mr.Tomas Ojea Quintana သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်း အမှတ်(၂၇)ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြိုင်နှင့် ကော်မရှင်အဖွဲ့ဝင်များအား လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်ရှိ ၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)ရုံး၌ ဦးမင်းကိုနိုင်နှင့်အဖွဲ့ဝင်များအား လည်းကောင်း သွားရောက် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

# မွန်ပြည်နယ်ရဲတပ်ဖွဲ့သို့ အသိပေးတိုင်ကြားနိုင်

**မော်လမြိုင် ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး စီစဉ်ကြီးကြပ်မှုဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ လောင်းကစားမှုပပျောက်ရေး၊ မှုခင်းများကြိုတင်ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ကွက်/ကျေးရွာအေးချမ်းသာယာရေး၊ မူးယစ်ကင်းစင်ဇုန် သတ်မှတ်ရေးတို့ကို ဆောင်ရွက်ရာတွင် ပြည်သူများ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သတင်းပေးတိုင်ကြားနိုင်**

အဆိုပါ စီမံချက်အရ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရပ်မိရပ်ဖများ တွေ့ဆုံကာ စကားဝိုင်းဖွဲ့ဆွေးနွေးမှုများပြုလုပ်ပြီး နယ်မြေရဲစခန်းများသို့ သတင်းပေးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၇ ရက်မှစ၍ မော်လမြိုင်မြို့ပေါ် လူစည်ကားရာနေရာများတွင် နံရံကပ်ပိုစတာများနှင့် ဖုန်းနံပါတ်များဖြင့် သတင်းပေးတိုင်ကြားနိုင်ကြောင်း အသိပေးကြေညာထားသည်။ အလားတူ မော်လမြိုင်ခရိုင် ချောင်းဆုံ၊ ကျိုက်မရော၊ ချောင်းဆုံ၊ မော်လမြိုင်မြို့နယ်နှင့် သထုံခရိုင် လေးမြို့နယ်ဖြစ်သည့် ပေါင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်တို့ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး နယ်မြေရဲစခန်းများသို့ သတင်းပေးတိုင်ကြားနိုင်ရန် ရပ်ကွက်၊ ကျေးရွာ လူစည်ကားရာနေရာများတွင် စာတိုက်ပုံးများ ထားရှိထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(၁၀၇)**

# သာစည်-မြင်းခြံရထားတွဲ လမ်းချော်တိမ်းစောင်း

**တောင်သာ ဖေဖော်ဝါရီ ၁၃**

သာစည်မှ မြင်းခြံသို့ ထွက်ခွာလာသော ရထားအမှတ် ၁၁၁ အဆန်ရထားသည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်က တောင်သာဘူတာမှအထွက် ကုန်တွဲနှစ်တွဲ၊ ဘရိတ်တွဲတစ်တွဲ လမ်းချော်တိမ်းစောင်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ အဆိုပါရထားသည် စက်ခေါင်းအပါအဝင် ကိုးတွဲပါရှိပြီး တောင်သာဘူတာမှ နံနက် ၁၀ နာရီ မိနစ် ၂၀ က ထွက်ခွာလာရာ မိုင်တိုင်အမှတ် (၃၆၂/၅ နှင့် ၆) ကြားတွင် GBNV ၄၀၂၆၈ ကုန်တွဲမှ စတင်လမ်းချော်ခဲ့ပြီး ၄၅ လမ်း၏ အရှေ့ဘက်သို့ တိမ်းစောင်းသွားခဲ့သည်။ ၎င်းနောက် GBNV ၄၀၀၂၄ ကုန်တွဲသည် သံလမ်းနှင့် တစ်ပေအကွာတွင် ကျရောက်ခဲ့ပြီး ဘရိတ်တွဲပါ လမ်းချော်ကျခဲ့ခြင်းဖြစ်ပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လမ်းပိုင်း၊ မောင်းနှင်နှုန်း၊ ရထားတွဲများ၏ ချွတ်ယွင်းအားနည်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး သာစည်တွဲပြင်စက်ရုံမှ ကရိန်းတွဲ လာရောက် ဆွဲတင်ပေးမည်ဖြစ်သည့်အတွက် လိုအပ်သောပြုပြင်မှုများကို အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(လ/၀၃၁)**

**ဖခင်အမည်မှန်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ တော်ဝင်မြန်မာကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ခိုင်မျိုးနောင်နှင့် မန္တလေး ချမ်းမြသာစည်မြို့နယ်တွင် VEC ပညာ့ရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်း(I)မှ မောင်စိုးမြတ်နောင်နှင့် သတ္တမတန်း(B)မှ မသဥ္ဇာစုအေးတို့၏ ဖခင်အမည်မှန်မှာ ဦးအားဖိန်(ခ) ကိုစိန်ဝင်း ဖြစ်ပါကြောင်း။

**ဦးအားဖိန်(ခ)ကိုစိန်ဝင်း**

**သဇင်ပန်း၊ သဇင်ဥ**
**မျိုးစုံ/တိုင်၊ အဖူးနှင့်**
**ဆယ့်နှစ်ရာသီ ကုံကော်ပင်၊**
ဖုန်း-၀၁-၅၆၀၅၆၇၊ ၀၉-၃၁၂၆၁၂၆၀

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမျိုးမင်းထွန်း ၁၀/ပမန(နိုင်)၁၈၃၅၉၂၏ ပတ်စ်ပို့ No.A-098445 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကဖုန်း-၀၉-၂၅၅၇၀၄၆၁၀သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မီးသတိပြု**

GOLDEN STAR
❖ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
❖ ရွှေစက်တော်/ငွေဆောင်(သောကြာ)
Ph:209200, 430480, 544383, 703448, 09-5046000

**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာရှိ တိုက်အမှတ် ၁၅၊ အခန်းအမှတ် ၉ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းတင် HZA- ၀၉၁၁၀၉၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပျက်စီးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက် အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေးလုံးချင်း၊ မြေကွက်အမှတ် ၅၅၊ ဧရိယာ ပေ(၆၀×၆၀) အကျယ်အဝန်းရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၉)၊ အာသောကလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကိုအမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးအောင်ထွန်းသန်း ၉/မရတ(နိုင်)၀၅၇၉၉၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်လှလှလွင်(စဉ်-၅၇၇၃) | ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉) | ဒေါ်လဲ့လဲ့ဝင်း (စဉ်-၃၉၈၈၀) |
| ဒေါ်လွင်မာ(စဉ်-၈၉၀၉) | ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄) | ဒေါ်သဇင်အေး(စဉ်-၄၁၄၅၉) |
| တရားလွှတ်တော်ရှေ့နေများ | ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂) | ဒေါ်ဆုမွန်ထက်(စဉ်-၄၁၆၀၁) |
| အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း-၇ | | ဒေါ်ရည်မွန်ထက်(စဉ်-၄၃၀၆၂) |
| မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ | | အထက်တန်းရှေ့နေများ |
| ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈ | | |

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကျောင်းဆောင်သစ်ဖွင့်လှစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၆၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကဒါကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ ဘုရင့်နောင်တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်နံနက် ၉နာရီက အဆိုပါ ကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ် မတည်အလှူရှင် မုဒုံမြို့ဂျုံးဂျုံးကျတောရကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကိတ္တိဝဏ္ဏ၊ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုးချဲ့ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီနာယကက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမင်းထွန်းတင်က လက်ခံသည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က စံပယ်ဆောင်အချောကိုင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဘိလပ်မြေ ၂၅အိတ်ကို ကျောင်းဆောင်ဖြစ်မြောက်ရေး ကော်မတီဝင် တစ်ဦးထံ ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည် ပြောကြားကာ ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီးနှင့် ကျိုက်မရောမြို့နယ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က ဒေသခံပြည်သူလူထု၏ ဆန္ဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါ တိုးချဲ့ကျောင်းဆောင်သစ်မှာ အလျားပေ ၁၃၀၊ အနံပေ ၃၀ အာရ်စီနှစ်ထပ်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန မုဒုံမြို့ ဂျုံးဂျုံးကျတောရကျောင်းတိုက်ဦးစီး ပဓာနနာယက ဆရာတော်နှင့် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်းပေါင်း ၆၇၃ သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့သို့ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးနှင့် လက်နက်များဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အမှတ်(၂၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (တောင်ကြီး)မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၀ ရက် ည ၉ နာရီ ၄၅ မိနစ်က ရှမ်းပြည်နယ် တောင်ကြီးမြို့ အဝင် လေးမိုင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် နန့်စန်မှ တောင်ကြီးသို့ နန့်စန်မြို့ ရပ်ကွက်(၅)နေ စိုင်းမောင်(၄၂ နှစ်)မောင်းနှင်ပြီး ယာဉ်ရှေ့ခန်းတွင် တောင်ကြီးမြို့ မင်္ဂလာဦး ရပ်ကွက်နေ နိုင်ဝင်း(ခ) အားဖိန်း(၃၂ နှစ်) ယာဉ်နောက်ခန်း၌ နန့်စန်မြို့ ရပ်ကွက်(၅)နေ အားတီ (၂၆ နှစ်) နှင့် တစ်ရပ်ကွက်တည်းနေ ပီစံ(၂၄ နှစ်)တို့ လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ နိုင်ဝင်း(ခ)အားဖိန်း၏ အင်္ကျီအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၈၇၀၊ တန်ဖိုးငွေကျပ် ၂၆ ဒသမ ၁ သိန်း၊ ခတ်ခူး ၅၀ ဂရမ်၊ တန်ဖိုးငွေကျပ် ၂၅၀၀၀ နှင့် ခါးကြားမှ ပစ္စတိုသေနတ်တစ်လက်၊ ၄င်း ကျည်ခုနစ်တောင့်၊ ကျည်အိမ်တစ်ခု၊ အားတီ၏ခါးကြားမှ ချက်နိုင်ငံလုပ် RAMI-9MM အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ၄င်းကျည်

ခြောက်တောင့်၊ ကျည်အိမ်တစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် နိုင်ဝင်းပါ လေးဦးတို့ကို တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဗဟို)** **ကိုရဲ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၂-၂၀၁၄

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး ၁၆ ပဲရည် | တစ်ကျပ်သား | ၆၇၄၅၀၀ |
| ရန်ကုန်ရွှေဈေး ၁၅ ပဲရည် | တစ်ကျပ်သား | ၆၃၄၈၀၀ |

**(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)**

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၈၅-၉၉၀ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၄-၁၃၄၀ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၀ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၁. ၄၅-၃၁. ၇၉ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၆. ၁-၁၆. ၅ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၄-၁၆၂ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇-၃၂၀ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၁၀၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၆၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၁၀၀-၃၄၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၅၀-၃၂၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၂၀၀-၆၈၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၂၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၉၃၀၀-၁၄၅၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၆၃၀၀-၁၄၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၄၅၀၀-၈၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| ၁။ မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၆၈၀၀ |
| ၂။ ပေါ်ကျွဲ(အသစ်) | တစ်အိတ် | ၁၇၀၀၀ |
| ၃။ ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၂၀၀၀-၂၅၅၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၁၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၅၇၅ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၂၅-၅၇၅ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၅၀-၂၂၅၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၁၂၅ |
| ၉။ အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၂၀-၇၅၀ |
| ၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး) | တစ်ပိဿာ | ၂၇၀၀ |
| ၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၇၀၀-၅၀၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၈၈၀-၉၀၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


"Supply of equipment for a Crisis Response Centre in NayPyiTaw, Myanmar"

Publication ref : EuropeAid/135164/DD/SUP/MM

The European Commission intends to award a supply contract for the supply, delivery, installation and putting into operation of the following lots:

Lot 1: ICT equipment ; Lot 2: Office furniture ;

for the Ministry of Home Affairs in a work space located in NayPyiTaw, Myanmar, with financial assistance from the Instrument for Stability Programme of the European Union.

The tender dossier is available from the EU Delegation to Myanmar, 45 Inya Myaing Road, Golden valley (2) Ward, Bahan Township, Yangon and will also be published on the EuropeAid website: https://webgate.ec.europa.eu/europeaid/online-services/index.cfm?do=publi.welcome and on the Myanmar Delegation website : http://eeas.europa.eu/delegations/myanmar/grants_tenders/tenders/index_en.htm

The deadline for submission of tenders is 19/03/2014. Possible additional information or clarifications/questions shall be published on the above websites.



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဇလွန်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်တို့တွင် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၄-၂-၂၀၁၄ ရက်မှစ၍ တိုင်းဒေသကြီးရုံး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မဥ္ဇူလမ်း၊ ကင်မလင်းကျွန်းရပ်ကွက်၊ ပုသိမ်မြို့တွင် စုံစမ်း ဝယ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါကို ၂၁-၂-၂၀၁၄ ရက်၊ ၁၂:၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပြီး မွန်းလွဲ ၁၄:၀၀နာရီတွင် တိုင်းဒေသကြီးဦးစီးရုံး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မဥ္ဇူလမ်း၊ ကင်မလင်းကျွန်းရပ်ကွက်၊ ပုသိမ်မြို့တွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးရုံး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၄၂-၂၉၁၅၄သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



## လူပျောက်



တစ်ဖက်ပါဓာတ်ပုံရှင် မောင်ဖြိုးသော်လင်း ၁၁/စတန(နိုင်)၀၉၀၉၄၃ (ဘ) ဦးအောင်လင်း၊ (မိ)ဒေါ်မြချောဥမ္မာ၊ (ဘယ်ဘက်မေးစေ့မှဲ့ရှိ၊ ဘယ်ဘက်လက်မောင်းအပြည့် တက်တူးထိုးထား)သည် စိတ်ကျန်းမာရေးချို့တဲ့သူဖြစ်ပြီး နေအိမ်မှ စိတ်ဖောက်ကာ ထွက်ပြေးခဲ့ပါသည်။ ထို့ကြောင့် တွေ့ရှိသူများအား အောက်ဖော်ပြပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်နှင့် ဖြားယောင်းသွေးဆောင်သူ၊ လက်ခံထားသူအား တရားဥပဒေအရ အရေးယူရန် အမှုဖွင့်ထားပြီးဖြစ်သဖြင့် အမြန်ဆုံးပြန်လည်အပ်နှံပေးရန် အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၄၀၇၈၄၈**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ (Pun Hlaing Golf Estate)အတွင်းရှိ မြေကွက်အမှတ် (၂၀၃)၊ အကျယ်အဝန်း (၈၁၅၇) စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ထားသူ ၁။ ဦးကျော်ပိုင် ၁၂/ဗဟန(နိုင်)၀၂၉၇၈၉၊ ၂။ ဦးအောင်သန်း ၁၂/လမန(နိုင်) ၀၃၀၃၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B., D.B.L အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**Fax &Ph -၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့နယ်၊ မင်းလှဝကျေးရွာအုပ်စု ကွင်းအမှတ် ၇၁၊ ဦးပိုင်အမှတ်(၂၄/၃က)၊ ဧရိယာ ၅ဒသမ၅၂ ဧက၊ ဦးပိုင်အမှတ် (၂၄/၃)၊ ဧရိယာ ၄ဒသမ၉၈ဧက ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ ၆ဒသမ ၅၀ဧက စုစုပေါင်း ဧရိယာ ၁၄ဧကခန့်ရှိမြေကွက်၊ ငါးကန်၊ အိမ်နှင့်တကွ သီးပင်၊ စားပင်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သိန်းဝင်း ၁၂/အစန(နိုင်)၀၄၈၇၂၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B., D.B.L အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**Fax &Ph -၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

# မန်းအခြေစိုက် မန်းရတနာပုံလေကြောင်းလိုင်း ယခုလ ၂၇ ရက်တွင် စတင်ပြေးဆွဲမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

မန္တလေးအခြေစိုက် မန်းရတနာပုံ လေကြောင်းလိုင်းသစ်မှ ပြည်တွင်း ခရီးစဉ်များကို ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်ပြေးဆွဲပေးသွားရန် စီစဉ်လျက်ရှိပြီး အေအာတီ ၇၂-၆၀၀ လေယာဉ်သစ်များဖြင့် ပြေးဆွဲပေးသွား မည်ဖြစ်သည်။

ပြည်တွင်းပုဂ္ဂလိက ကိုးခုမြောက် လေကြောင်း လိုင်းသစ်ဖြစ်သည့် အဆိုပါ မန်းရတနာပုံလေကြောင်း လိုင်းမှ ခရီးစဉ်များအားလုံးကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗဟိုပြုကာ မြန်မာနိုင်ငံအရပ်ရပ်ရှိ လေယာဉ်ကွင်းများသို့ ပြေးဆွဲပျံသန်းမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ် ဦးကျော်မျိုးက ပြောကြားသည်။

"လေကြောင်းလိုင်းသစ်တွေကို ပြေးဆွဲပျံသန်းခွင့်ပေးတာ ပြည်သူတွေ ခရီးသွားလာရေးအတွက် အများကြီး အကျိုးရှိစေမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်ရှိမှာ အသွားအများဆုံးလေယာဉ်ကွင်း ခုနစ်ကွင်းကို အဓိကပြေးဆွဲပေးသွားမှာဖြစ်ပြီး ယခုနှစ်အတွင်းမှာ အခြားလေယာဉ်ကွင်းတွေကိုလည်း ဆင်းသက်ပျံသန်းပေးဖို့ အစီအစဉ်တွေဆွဲနေပါတယ်။ ပြည်တွင်း ပုဂ္ဂလိကလေကြောင်းလိုင်းတွေ ယခုထက်ပိုပြီးများပြားလာလေလေသုံးစွဲသူတွေအတွက် ပိုပြီးဝန်ဆောင်မှုပီပြင်လာစေမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့ မန်းရတနာပုံလေကြောင်းလိုင်းအနေနဲ့ အကျိုးအမြတ်ထက် ဝန်ဆောင်မှုကို ဦးစားပေးစဉ်းစားပြီး ခရီးစဉ်တွေရေးဆွဲနေပါတယ်။ ပြည်တွင်းခရီးစဉ်များအားလုံး ရာနှုန်းပြည့်ပြေးဆွဲနိုင်ရေးကို ယခုနှစ်အတွင်းမှာ ဆောင်ရွက်သွားနိုင်ဖို့ စီစဉ်နေတဲ့အပြင် ပြည်ပခရီးစဉ်တွေကိုလည်း နှစ်အနည်းငယ်အတွင်း တိုးချဲ့ပျံသန်းနိုင်ဖို့လျာထားပါတယ်။ ဖေဖော်ဝါရီ ၂၇ ရက်မှာ စတင်ပြီး ပြည်တွင်းခရီးစဉ်တွေကို ပျံသန်းပြေးဆွဲမှာပါ" ဟု အဆိုပါ လေကြောင်းလိုင်း၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာလင်းမြတ်ထွန်းက ပြောကြားသည်။

လာမည့် ဖေဖော်ဝါရီ ၂၇ ရက်တွင် မန်းရတနာပုံလေကြောင်းလိုင်းသစ်မှ ရန်ကုန်၊ ညောင်ဦး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြစ်ကြီးနား၊ ဟဲဟိုးမြို့များသို့ မန္တလေးမြို့မှ အခြေစိုက်ကာ စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သွန်းဝသန်**

# ယာဉ်ကြီးနှစ်စီး ခေါင်းချင်းဆိုင်တိုက်

**တပ်ကုန်း ဖေဖော်ဝါရီ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကြို့ပင်သာပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၄ နာရီ ၄၅ မိနစ်က ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၂၈၀/၀)နှင့်(၂၈၀/၁)ကြား (ကြို့ပင်သာ ပူးပေါင်းစစ်ဆေးရေး ဂိတ်)တွင် ရမည်းသင်းဘက်မှ တပ်ကုန်းဘက်သို့ ယာဉ်မောင်းစိုးမင်း ထွန်း(၃၃နှစ်) မောင်းနှင်လာသော ဆီဘောက်ဆာတွဲကားသည် စစ်ဆေးရေးဂိတ်လမ်းလယ် အုတ်ခုံကို ဝင်ရောက်တိုက်မိပြီး တပ်ကုန်းဘက်မှ ရမည်းသင်းဘက်သို့ ယာဉ်မောင်း ဦးစိန်သောင်း(၄၃နှစ်) မောင်းနှင်သော (ဖရဲသီးများတင်ဆောင်လာသော)ဖရူဆို ၁၂ ဘီးကား၏ ယာဉ်ကြောအတွင်းသို့ ဝင်ရောက်တိုက်မိခြင်းဖြစ်သည်။ **(ယာပုံ)**

**တင်ထွန်းတာ**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ကျိုက္ကစံ ဆံတော်ရှင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် တည်ထားကိုးကွယ်သော ဆံတော်ခုနစ်ဆူ၊ ဓာတ်တော် ၁၀ ဆူ ကိန်းဝပ်တော်မူသည့် သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်ဆုတောင်းပြည့်စေတီတော်၏ (၁၁၄) ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော်ကို ၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့(ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၂ ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီ ပွဲတော်ဖွင့်ပွဲ၊ ညနေပိုင်းတွင် မြန်မာ့ရိုးရာထမနဲထိုးပွဲကျင်းပပြီး ဖေဖော်ဝါရီ ၁၄ ရက်(တပို့တွဲလပြည့်နေ့) နံနက် အရုဏ်တက်ချိန်တွင် ဗုဒ္ဓရုပ်ပွားတော်များအား ထမနဲဆွမ်းကပ်လှူပွဲ၊ မွန်းလွဲ ၁ နာရီတွင် ပင့်သံဃာများနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ၍ ည ၇ နာရီတွင် မဟာဒုက်ကံစမ်းမဲအလှူရှင်ရွေးချယ်ပွဲကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် စေတီတော်ဂေါပကရုံးဖုန်း ၀၁-၅၆၄၀၈၇ နှင့် ၅၆၄၀၂၉တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၁၅-၂-၂၀၁၄ ရက်နေ့တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါပုံ၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊လမ်းမတော်၊ အလုံ၊ လှိုင်၊ စမ်းချောင်း၊ မရမ်းကုန်း၊ ကမာရွတ်၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ တိုက်ကြီး၊ ဥက္ကံ၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင် အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၁၆-၂-၂၀၁၄ ရက်နေ့တွင် မြောက်ဥက္ကလာပ၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**(ရန်ကုန်မြို့တော် ဓာတ်အားပေးရေးအဖွဲ့)**


## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွက်လိုအပ်သော အောက်ဖော်ပြပါ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **Light Truck(Made in Japan-Diesel)** (၃) စီး
**(2005 Model နှင့်အထက်)**

(ခ) **Motor Cycle 125(Made in China)** (၈) စီး

၂။ တင်ဒါစတင်မည့်ရက်မှာ ၁၄-၂-၂၀၁၄ရက် နံနက် ၉း၃၀နာရီဖြစ်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၂၈-၂-၂၀၁၄ရက် ညနေ ၄း၃၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ ရုံးအမှတ်(၅၅)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၆၇-၄၁၈၂၉၅သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**



## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ခွန်သာရပ်ကွက်ရှိ၊ အကွက်အမှတ် ၃၆၊ ဦးပိုင်အမှတ် ၁၁၈၊ ၀ဒသမ၁၂၅ဧကရှိ မြေကွက်ကို ဒေါ်မြ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေကွက်ကို ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်နေ ဒေါ်ခင်အုန်းမြင့် ၁/ဗမန(နိုင်)၀၂၇၅၆၄က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်ကို ဒေါ်မြအမည်မှ ဒေါ်ခင်အုန်းမြင့်အမည်သို့ တရားဝင်အမည်ပေါက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အမည်လွှဲပြောင်းခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော် LL.B၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၆၅)**
**သာစည်ရပ်၊ ၃၆၅၊ ဗန်းမော်မြို့၊ ဖုန်း-၀၉-၆၄၂၂၁၇၂**





## မသိသူကျော်သွား --- သိသူဖော်စား
## မြေကွက်ရောင်းမည်

- လှည်းကူးနှင့်ဖောင်ကြီးကြားလမ်းမဘေး(၅ ဧက)
- လယ်ဂရန်မြေစလစ်ပုံစံ(၁၀၅)ရပြီး
- မိမိအကွက်နှင့်ကပ်လျက်တွင် လက်ရှိ အမြန်လမ်းဖောက်နေသည်။
- ဘေးပတ်ဝန်းကျင်အကွက်များပေါင်းလျှင်စုစုပေါင်းဧက(၂၅)ဧက နီးပါးရှိသည်။
- ဘေးပတ်ဝန်းကျင်တွင် ကိုရီးယားများ စက်ရုံလုပ်ရန် ဝယ်ထားပြီးဖြစ်သည်။
- (၂၅)ဧကလုံးလိုချင်လျှင်လည်းရသည်။ ခွဲဝယ်ချင်လည်းရသည်။
- လယ်ယာစိုက်ပျိုးမြေလုပ်ငန်းများ(သို့)လန ဆက်လျှောက်၍ စက်ရုံဂိုဒေါင်လုပ်ငန်းများလုပ်ရန် သင့်တော်သည်။

**မှတ်ချက်။** ။ အရှုပ်အရှင်းမရှိ၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ပွဲစားမလို။ ညှိနှိုင်းဈေး။
**စိတ်ဝင်စားပါက ဆက်သွယ်ရန်ဖုန်း- ၀၉-၈၆၁၈၀၉၀၊ ၀၉-၄၂၁၀၅၅၄၀၆**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၂၊ မြေကွက်အမှတ် ၂၅၈၊ ဗိုလ်ကြီးဝင်းနိုင် အမည်ပေါက်မြေချပါမစ်၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆွေဇင်လတ် ၁၂/လမန(နိုင်)၀၀၁၄၇၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေအတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကိုပြုလုပ်ရန် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်သိမ့်ထွန်း** — **ဒေါ်သူဇာယဉ်**
**အထက်တန်းရှေ့နေ(စဉ်-၃၄၃၇၇)** — **အထက်တန်းရှေ့နေ(စဉ်-၁၉၇၂၂)**
**အမှတ် ၄၄(လေးလွှာ)၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၂၀၃၇၁၇**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဂ/၂၄၅၈ Toyota Celsior UCF 31 Saloon (4×2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းရီ ၁၃/ကတန(နိုင်)၀၁၁၀၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

# အိမ်ကွင်းမှာ မှတ်တမ်းကောင်းဆက်ထိုးဦးမယ့် ဘိုင်ယန်မြူးနစ်

**ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၁)ကို ဖေဖော်ဝါရီ ၁၅ ရက်နဲ့ ၁၆ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာမို့ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲတွေ ကစားနေရတဲ့ အသင်းတွေ ပွဲပန်းနေပေမယ့် ထိပ်တန်းအသင်းကြီးတွေကတော့ အိမ်ကွင်းမှာ အခြေအနေကောင်းတွေနဲ့ ဆုံတွေ့နိုင်ဖို့များနေပါတယ်။ ဒါပေမယ့် အသင်းငယ်တွေရဲ့ ရုန်းကန်အားကပြင်းထန်မှာမို့ အကြိတ်အနယ်ရှိလာနိုင်မယ့်ပွဲတွေ ပါဝင်လာဖို့ရှိတာတော့အမှန်ပါပဲ။**

### ဘိုင်ယန်မြူးနစ်နှင့် ဖရိုင်းဘတ်

ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ အိမ်ကွင်း ရှုံးပွဲ၊ သရေပွဲမရှိသေးဘဲ နိုင်ပွဲတွေ ချည်းရယူထားတဲ့ ဘိုင်ယန်မြူးနစ်ဟာ ဒီပွဲမှာလည်း သုံးမှတ်ရယူဖို့ အားထုတ်မှာ သေချာနေပါတယ်။ တန်းဆင်းဇုန်ထဲ မကျဆင်းအောင် ရုန်းကန်မယ့် ဖရိုင်းဘတ်တို့ကတော့ အဝေးကွင်းမှာ ခြေစွမ်းမပြနိုင်တာမို့ အခုပွဲမှာလည်း မျှော်လင့်ချက်ကြီးကြီးထားလို့မရနိုင်ပါဘူး။ ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ရှုံးပွဲမရှိ စံချိန်တင်နေတာမို့ အခုပွဲမှာလည်း အဲဒီစံချိန်ကိုဆက်လက်တင်နိုင်ပါလိမ့်မယ်။

### ဒေါ့မွန်နှင့် ဖရန့်ဖတ်

ပြီးခဲ့တဲ့ပွဲစဉ်(၂၀)မှာ ဘိုင်ယန်မြူးနစ်ကို ငါးဂိုးပြတ်ရှုံးထားတဲ့ ဖရန့်ဖတ်ဟာ အခုပွဲစဉ်(၂၁)မှာလည်း ဒေါ့မွန်နဲ့ တွေ့ဆုံတာဟာ ဆက်တိုက်ကံဆိုးတာလို့သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ဒေါ့မွန်ဟာ ဒီနှစ်ဘောလုံးရာသီမှာ ပုံမှန်ခြေစွမ်းရနေပြီး အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို အနိုင်ယူမှုများနေပါတယ်။ အမှတ်လိုအပ်နေတဲ့ ဒေါ့မွန်ဟာ ဒီပွဲကို အနိုင်ရအောင် ဖိအားပေးကစားပါလိမ့်မယ်။ တန်းစီဇယားဒုတိယနေရာက လေဗာကူဆင်ကို အမီလိုက်ဖို့အတွက် ဒေါ့မွန်တို့ဒီပွဲကို သုံးမှတ်အပြည့်ယူဖို့ လူစုံထုတ်ပါလိမ့်မယ်။

### လေဗာကူဆင်နှင့် ရှော်လ်ကေး

ဒီပွဲကတော့ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းပါပဲ။ လေဗာကူဆင်ဟာ တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာနဲ့အမှတ်ကွာဟမှု ကျဉ်းမြောင်းအောင် ကြိုးစားမှာမို့ ဒီပွဲအတွက် သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ ရှော်လ်ကေးတို့ကတော့ အဝေးကွင်းမှာ ခြေစွမ်းပြနိုင်ပေမယ့် ခံစစ်ပိုင်းအားနည်းချက်ရှိနေတာမို့ သတိထားရပါလိမ့်မယ်။ လေဗာကူဆင်ဟာ ဒီပွဲအတွက် အမာခံကစားသမားတွေ အကုန်ထုတ်ပေမယ့် ခက်ခဲမယ့် ပွဲဖြစ်နေပါတယ်။ ဒါပေမယ့် အကြိုက်က အိမ်ရှင်ဖြစ်ပါတယ်။

### မိန့်ဇ်နှင့် ဟန်နိုဗာ

မိန့်ဇ်ဟာ အိမ်ကွင်းမှာ ခြေစွာပြီး အနိုင်ရလဒ်ရရှိအောင်လည်း ပုံဖော်ဖန်တီးနိုင်စွမ်း ရှိပါတယ်။ မိန့်ဇ်ရဲ့တိုက်စစ်မှူးတွေက ဂိုးသွင်းခြေစွမ်းမထက်မြက်ပေမယ့် ခံစစ်ပိုင်းအားသာချက်ရှိတာမို့ ဟန်နိုဗာတိုက်စစ်မှူးတွေအတွက် အကျပ်အတည်းတွေ့နိုင်ပါတယ်။ ဒါပေမယ့် ဟန်နိုဗာဟာ အဝေးကွင်းမှာ ရလဒ်ဆိုးရွားနေတာမို့ ဒီပွဲက အိမ်ရှင်ပရိသတ်တွေ အောင်ပွဲခံရမယ့်ပွဲပါပဲ။

**မိုးမြင့်လင်းလက်**

## လီဗာပူးတို့ ဖူလ်ဟမ်ကိုနိုင်

ပရီမီယာလိဂ်ပွဲစဉ် (၂၆)အဖြစ် လီဗာပူးနှင့်ဖူလ်ဟမ်တို့ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ စတီဗင်ဂျရတ်၏ နောက်ကျ ပယ်နယ်တီဂိုးဖြင့် လီဗာပူးတို့သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒန်နီရယ်စတာရစ်က လီဗာပူးအတွက် ဂျရတ်၏ဖြတ်တင်ဘောမှ ချေပဂိုးမသွင်းမီ လီဗာပူးမှ ကိုလိုတိုရေးက ကိုယ့်ဂိုးကိုယ်ပြန်သွင်းခဲ့သည်။ သို့သော် မာတင်စတာတယ်၏ နောက်တန်းပိတ်ဆို့မှုအားနည်းခြင်းကြောင့် ဖူလ်ဟမ်အသင်းမှ ရစ်ချတ်ဆင်က ဦးဆောင်ဂိုးပြန်သွင်းခဲ့သည်။ ယင်းဂိုးကို ဖီးလစ်ကော်တင်ဟိုက ကိုက် ၂၀ အကွာမှ ချေပဂိုးသွင်းယူခဲ့သည်။ ဖူလ်ဟမ်မှ ဆတ်ချာဂိုသာက စတာရစ်ကို ကြမ်းတမ်းစွာကစားခဲ့၍ ကွင်းလယ်ဒိုင်လူကြီး ဖီးလ်ဒေါင်းက ပယ်နယ်တီပေးခဲ့ရာ ဂျရတ်က ကန်သွင်းယူခဲ့သည်။

## အာဆင်နယ် မန်ယူ ဂိုးမရှိရလဒ်ဖြင့်အဆုံးသတ်

အာဆင်နယ်နှင့်မန်ယူပွဲတွင် ဂိုးမရှိသရေပွဲဖြစ်သွားသည်။ အာဆင်နယ်တို့နိုင်ပွဲမရလိုက်၍ ဇယားထိပ်ဆုံးနေရာပြန်တက်ရေး မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။ အာဆင်နယ်တို့လွန်ခဲ့သည့် သီတင်းပတ်က လီဗာပူးကို ငါးဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့မှုအပေါ် ပြန်လည်အနိုင်ရရှိရန်ကြိုးစားခဲ့သည်။ ထို့အတူ မန်ယူကလည်း ဖူလ်ဟမ်နှင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ခြင်းကို ပြန်လည်နိုင်ပွဲရရန် ကြိုးစားခဲ့သည်။ မန်ယူနှင့်အာဆင်နယ်အကြိတ်အနယ် ကြိုးစားသော်လည်း ဂိုးမရှိရလဒ်ဖြင့် အဆုံးသတ်ခဲ့ရသည်။

## စပါးဂိုးပြတ်နိုင်

နယူးကာဆယ်နှင့်စပါးတို့ပွဲတွင် စပါးက လေးဂိုးပြတ်သွင်းယူခဲ့သည်။ အဒီဘာယောက စပါးအတွက်နှစ်ဂိုးသွင်းယူပြီး ထိပ်ဆုံးလေးနေရာကို အနီးကပ်စိန်ခေါ်လိုက်သည်။ အဒီဘာယောက ပွဲချိန် ၁၉ မိနစ်နှင့် ၈၂ မိနစ်တို့တွင် ဂိုးများသွင်းယူပေးခဲ့သည်။ စပါးအတွက် ပေါ်လင်ဟိုနှင့် ချတ်ဒီတို့ကလည်း တစ်ဂိုးစီသွင်းယူပေးခဲ့သည်။ စပါးတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် လီဗာပူးနှင့် သုံးမှတ်အကွာ ကပ်၍လိုက်လာသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

**ပြင်သစ်လီဂူး ပွဲစဉ်-၂၅** — **ဖေဖော်ဝါရီ ၁၅**

| | | | |
|---|---|---|---|
| ပီအက်စ်ဂျီ | - | ဗလင်စီနက်စ် | နံနက် ၂:၀၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၂၁** — **ဖေဖော်ဝါရီ ၁၅**

| | | | |
|---|---|---|---|
| မိန့်ဇ် | - | ဟန်နိုဗာ | နံနက် ၂:၀၀ |

**အီတလီစီးရီးအေ ပွဲစဉ်-၂၄** — **ဖေဖော်ဝါရီ ၁၅**

| | | | |
|---|---|---|---|
| အေစီမီလန် | - | ဘိုလော့ဂ်နာ | နံနက် ၂:၁၅ |

**စပိန်လာလီဂါ ပွဲစဉ်-၂၄** — **ဖေဖော်ဝါရီ ၁၅**

| | | | |
|---|---|---|---|
| အယ်လ်ချီ | - | အိုဆာဆူနာ | နံနက် ၂:၃၀ |

### မိန့်ဇ် Vs ဟန်နိုဗာ

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၀)အပြီး မိန့်ဇ်က ရမှတ်၃၀နဲ့ အဆင့် ၉မှာ ရပ်တည်နေပြီး ဟန်နိုဗာက ရမှတ် ၂၄မှတ် အဆင့်၁၀နဲ့ အထက်အောက်ရှိနေပါတယ်။ ဒီရာသီ မိန့်ဇ် အိမ်ကွင်းခြောက်ပွဲမှာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ သုံးပွဲနိုင်ထားပြီး ဟန်နိုဗာအဝေးကွင်း ခုနစ်ပွဲမှာ ခြောက်ပွဲရှုံးပြီး တစ်ပွဲသာ နိုင်ထားပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတိုင်းမှာ ဟန်နိုဗာက နိုင်ပွဲများပေမယ့် လက်ရှိခြေစွမ်းမှာ နှစ်သင်းစလုံးခြေရည်မကွာဘဲ ဟန်နိုဗာမှာ အဝေးကွင်းညံ့ပြီး မိန့်ဇ်က အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ဖန်တီးနိုင်တာကြောင့် ဒီပွဲမှာ အိမ်ရှင်ကို အကြိုက်တွေ့မိပါတယ်။

**အိမ်ကွင်း အဝေးကွင်း တွေ့ဆုံမှု နောက်ဆုံးကိုးပွဲ**

| | | | |
|---|---|---|---|
| ၃၁.၈.၂၀၁၃ | ဟန်နိုဗာ | ၄-၁ | မိန့်ဇ် |
| ၄.၅.၂၀၁၃ | ဟန်နိုဗာ | ၂-၂ | မိန့်ဇ် |
| ၁.၁၂.၂၀၁၂ | မိန့်ဇ် | ၂-၁ | ဟန်နိုဗာ |
| ၁၁.၂.၂၀၁၂ | မိန့်ဇ် | ၁-၁ | ဟန်နိုဗာ |
| ၂၈.၈.၂၀၁၁ | ဟန်နိုဗာ | ၁-၁ | မိန့်ဇ် |
| ၉.၄.၂၀၁၁ | ဟန်နိုဗာ | ၂-၀ | မိန့်ဇ် |
| ၁၃.၁၁.၂၀၁၀ | မိန့်ဇ် | ၀-၁ | ဟန်နိုဗာ |
| ၂၃.၁.၂၀၁၀ | မိန့်ဇ် | ၁-၀ | ဟန်နိုဗာ |
| ၁၅.၈.၂၀၀၉ | ဟန်နိုဗာ | ၁-၁ | မိန့်ဇ် |

| မိန့်ဇ် နောက်ဆုံးအိမ်ကွင်းငါးပွဲရလဒ် | | | ဟန်နိုဗာ နောက်ဆုံးအဝေးကွင်းငါးပွဲရလဒ် | | |
|---|---|---|---|---|---|
| မိန့်ဇ် | ၂-၀ | ဖရိုင်းဘတ် | ရှော်လ်ကေး | ၂-၀ | ဟန်နိုဗာ |
| မိန့်ဇ် | ၀-၀ | ဂလက်ဘတ် | ဝုဖ်ဘတ် | ၁-၃ | ဟန်နိုဗာ |
| မိန့်ဇ် | ၁-၃ | ဒေါ့မွန် | ဖရိုင်းဘတ် | ၂-၁ | ဟန်နိုဗာ |
| မိန့်ဇ် | ၁-၀ | ဖရန့်ဖတ် | စတုဂတ် | ၄-၂ | ဟန်နိုဗာ |
| မိန့်ဇ် | ၂-၀ | ဘရန်းရှ်ဝစ် | ဟမ်းဘတ် | ၃-၁ | ဟန်နိုဗာ |

### (၃၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ကျရောက်သော **မေမေ ဒေါ်နန်းလင်းသီ**၏ (၅၆)နှစ်မြောက် မွေးနေ့မင်္ဂလာနှင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်(Valentine's Day) တွင် ကျရောက်သော **ဖေဖေ ဦးအောင်ကျော်မင်း နှင့် မေမေ ဒေါ်နန်းလင်းသီ** တို့၏ (၃၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် ရတုအဆက်ဆက်တိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နေ့ရက်တိုင်းမှာ ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သားသမီးများ-**

**သားကြီး** - **စိုင်းတေဇာဖြိုး(1st Engineer- F.G)-**
**ဒေါက်တာ လွင်နေခြည်အောင်**
**သမီးလတ်** - **မြတ်မွန်အောင်(မီးမီး)**
**(နိုင်ငံခြားရေးဝန်ကြီးဌာန၊နေပြည်တော်)**
**သားငယ်** - **ကေမင်းထက်**






ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

# စွမ်းအင်သယံဇာတနှင့် သတ္တုဆိုင်ရာဆပ်ကော်မတီ (Delivery Unit)သို့ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်များ သွားရောက်စဉ် မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဖြေရှင်းဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

*ယမန်နေ့မှအဆက်*

၃။ **လွိုင်ကော်မြို့နယ်အတွင်း မဟာဓာတ်အားလိုင်း ဖြတ်သန်းရာ နေရာများတွင် မလွတ်ကင်းသည့်နေရာများ၊ မြေယာဆုံးရှုံးမှု၊ သီးနှံဆုံးရှုံးမှုအတွက် နစ်နာကြေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း တင်ပြမေးမြန်းချက်နှင့်ပတ်သက်၍** နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် 230 KV ဘီလူးချောင်းနှင့်ရွှေမြို့ ဓာတ်အားခွဲရုံသို့ဓာတ်အားလိုင်း မိုင် ၁၀၁ ဒသမ ၄၄၃ တည်ဆောက်လျက်ရှိပါကြောင်း၊ အဆိုပါဓာတ်အားလိုင်းဖြတ်သန်းမှုကြောင့် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သီးနှံစိုက်ခင်းနှစ်ရှည်ပင်များ၊ ဥယျာဉ်ခြံမြေများ၊ မလွှဲမရှောင်သာ ဖြတ်သန်းတည်ဆောက်ရခြင်းကြောင့် နစ်နာဆုံးရှုံးမှုများအတွက် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ လမ်းညွှန်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ပါဝင်ဖွဲ့စည်းထားသော သီးနှံပျက်စီးနစ်နာမှုစစ်ဆေးရေးအဖွဲ့နှင့် ဈေးနှုန်းစိစစ်ရေးအဖွဲ့မှ တည်ဆဲသီးနှံလျော်ကြေးဥပဒေအရ တွက်ချက်ပေးထားသောနှုန်းထားအတိုင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပေးလျော်သွားမည်ဖြစ်ပါကြောင်း၊ ဖော်ပြပါအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကယားပြည်နယ်အစိုးရအဖွဲ့ထံ ၃၀-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၃ လစ/(MEPE)(၇၇၄၇)/၂၀၁၃ ဖြင့် ညှိနှိုင်းမေတ္တာ ရပ်ခံထားပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **လွိုင်ကော်မြို့နယ်အတွင်း ဓာတ်အားလိုင်းတစ်လျှောက် နှစ်မိုင်အတွင်း ကျေးရွာ ၁၄ ရွာ လျှပ်စစ်ဓာတ်အားရရှိရန် အစီအစဉ်ရှိသည်ဟု ကြားသိရကြောင်း၊ မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ဓာတ်အားလိုင်းဖြတ်သန်းရာအောက်ရှိ ကျေးရွာ ၁၄ ရွာ အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လွိုင်ကော်မြို့တွင် ၂၃ ရွာ၊ ဒီမောဆိုမြို့နယ်တွင် ၂၇ ရွာ၊ ဖရူးဆိုမြို့နယ်တွင် ၁၂ ရွာ၊ ဘော်လခဲမြို့နယ်တွင် ၁၁ ရွာနှင့်ဖားဆောင်းမြို့နယ်တွင် ရှစ်ရွာ စုစုပေါင်း ၈၁ ရွာကို ထပ်မံ၍ ဓာတ်အားဖြန့်ဖြူးပေးရန် စီစဉ်ထားပါကြောင်း၊ ကျန်ကျေးရွာများအား ဓာတ်အားဖြန့်ဖြူးနိုင်ရန် လွိုင်ကော်မြို့၊သတ္တပလူကျေးရွာအနီးတွင် 132/66 KV 100MVA နှင့် 123/33 KV 50MVA ဓာတ်အားခွဲရုံကြီးတစ်ရုံအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကုန်ကျငွေခန့်မှန်းကျပ် သန်းပေါင်း ၂၇၅၄ ဒသမ ၄၃၇ အကုန်အကျခံ၍ တည်ဆောက်လျက်ရှိကြောင်း၊ ကယားပြည်နယ်အတွင်း ကျေးရွာများအား ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် 33/11kV 5MVA ဓာတ်အားခွဲရုံ လေးရုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရန်လျာထားကြောင်း၊ အဆိုပါဓာတ်အားခွဲရုံများနှင့်အတူ ကျေးရွာများ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် 11 kVဓာတ်အားလိုင်းများအား ကယားပြည်နယ်အစိုးရ၏ ရန်ပုံငွေဖြင့် တိုးချဲ့တည်ဆောက်ရန် ညှိနှိုင်းထားပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **လွိုင်ကော်မြို့နယ်တွင် ပါဝါမီတာများတပ်ဆင်၍ အသုံးပြုရမည့် လုပ်ငန်းများတွင် ရိုးရိုးမီတာများကိုသာ အသုံးပြုနေ၍ အခွန်ငွေရရှိမှုအားနည်းနေကြောင်း၊ သို့ပါ၍ လုပ်ငန်းရှင်များတပ်ဆင်အသုံးပြုရန် ပါဝါမီတာမည်ကဲ့သို့ လျှောက်ထားရမည်ကို သိလိုပါကြောင်း တင်ပြမေးမြန်းချက်နှင့်ပတ်သက်၍** စက်မှုသုံးပါဝါမီတာ တပ်ဆင်ရေးအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက (၅) ရက်အတွင်း တပ်ဆင်ပေးနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

(က) စည်ပင်သာယာရေး၏ လုပ်ငန်းလိုင်စင်ရှိရမည်။
(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ငန်းခွင့်ပြုမိန့်ပါရှိရမည်။
(ဂ) ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းဝန်အားနိုင်နင်းမှုရှိရမည်။
(ဃ) ၃ သွင် ၄ ကြိုး ဓာတ်အားလိုင်းနှင့် ပေ ၃၀၀ အတွင်းရှိရမည်။

၆။ **ဘီလူးချောင်းပေါ်တွင် တည်ဆောက်ခဲ့သော ဒေါတခြားရေတံခါးကြောင့်လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်စဉ် လိုအပ်သော ရေအနက်ပေတူးဖော်ခြင်းမရှိ၍လည်းကောင်း၊ လွိုင်ကော်မြို့အား ရေကြီးရေလျှံမှုနှစ်ကြိမ်ဖြစ်စေသည်ဟု ယူဆမိ၍ ဘီလူးချောင်းအားလိုအပ်သလို စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြချက်နှင့် ပတ်သက်၍** ၂၀၁၁ ခုနှစ် မိုးရာသီနှောင်းပိုင်းကာလတွင် ဘီလူးချောင်းရေမြင့်တက်ပြီးလွိုင်ကော် မြို့၏ အနိမ့်ပိုင်းအချို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်စေခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်သည် မိုးများသောနှစ်တစ်နှစ်ဖြစ်ကြောင်း၊ မိုးနှောင်းကာလတွင် စဉ်ဆက်မပြတ်မိုးရွာသွန်းခဲ့ကြောင်း၊ ထိုသို့သောအခြေအနေကြောင့် လွိုင်ကော်မြို့အထက် ဘီလူးချောင်းတွင် တည်ဆောက်ထားခဲ့သော မိုးဗြဲရေလှောင်တမံ၏ ကန်ရေပြည့် Level သို့ စောစီးစွာ ရောက်ရှိခဲ့ကြောင်း၊ မိုးဗြဲ ရေလှောင်တမံ၏ အဓိကလုပ်ငန်းမှာ ဘီလူးချောင်းအမှတ်(၁)နှင့်(၂) ဓာတ်အားပေးစက်ရုံများဓာတ်အားထုတ်လွှတ်ရေးအတွက် လိုအပ်သောရေကို ထိန်းညှိထုတ်လွှတ်ပေးရန်ဖြစ်ကြောင်း၊ သို့ရာတွင် ၂၀၁၁ ခုနှစ် မိုးနှောင်းကာလတွင် ရွာခဲ့သည့်မိုးကြောင့် တမံ၏ လုံခြုံစိတ်ချမှုအတွက် ရေထုတ်လွှတ်မှု ပိုမိုခဲ့ပါကြောင်း၊ ထိုသို့ထုတ်လွှတ်ခဲ့ရသည့်အတွက် ဘီလူးချောင်းအတွင်း ရေ Level မြင့်တက်ပြီး လွိုင်ကော်မြို့၏ အနိမ့်ပိုင်းရပ်ကွက်အချို့ ရေလွှမ်းခဲ့ကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် ဘီလူးချောင်း၏ ရေစီးရေလာကောင်းမှုကို အဟန့်အတားဖြစ်ပေါ်စေသည့်အတွက် အဓိက ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသဖြင့် ဘီလူးချောင်းရေစီးရေလာကောင်းမွန်ရန် ရေလမ်းချဲ့ထွင်ခြင်း၊ ချောင်းရိုးတစ်လျှောက် သစ်ပင်ကြီးငယ်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊အချို့သောကျွန်းခုံများပေါ်တွင် ရေလမ်းကြောင်းအသစ်များ ချဲ့ထွင်ပေးခြင်းလုပ်ငန်းများကို စက်အား၊ လူအားဖြင့် ၂၀၁၁-၂၀၁၂ ပွင့်လင်းရာသီအတွင်း ရေအားလျှပ်စစ်ဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ပါ၍ ၂၀၁၂ နှင့် ၂၀၁၃ မိုးရာသီများအတွင်း ဘီလူးချောင်းရေမြင့်တက်ခဲ့သော်လည်း လွိုင်ကော်မြို့တွင် ရေကြီးမှုမရှိခဲ့ကြောင်း၊ ဘီလူးချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လွိုင်ကော်မြို့ပေါ်ရှိ သစ်သားတံတားများတွင် အမှိုက်များပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ မြို့သူ/မြို့သားများမှာလည်း ထိန်းသိမ်းဆောင်ရွက်ပေးစေလိုကြောင်း၊ ရေကြီးရေလျှံမှုသည် ရေတံခါးဆည်ပြုလုပ်ခြင်းနှင့် မသက်ဆိုင်ကြောင်း၊ မိုးဗြဲနှင့် ဘီလူးချောင်း စီမံကိန်းများ မပြုလုပ် ခင် အချိန်များတွင်လည်း ရေကြီးသည့် မှတ်တမ်းမှတ်ရာများရှိကြောင်း၊ ဘီလူး ချောင်း စီမံကိန်းဆောင်ရွက်၍ ရေကြီးခြင်းမဟုတ်ကြောင်း ဖြေကြားအပ်ပါသည်။

၇။ **ဒီမောဆိုမြို့နယ်အတွင်း ကျေးရွာ ၁၁အုပ်စုအတွင်းရှိ ၄၄ ရွာတွင်သာ လျှပ်စစ်ဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီး ကျန်ကျေးရွာများ လျှပ်စစ်မီး မရရှိကြောင်း၊ အဆိုပါ ကိစ္စများအား မည်သို့ဖြေရှင်းပေးမည်ကို သိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာအုပ်စု ၈ ခု၊ ရွာ ၂၂ ရွာတွင် လျှပ်စစ်ဓာတ်အားပေးနိုင်ရန် ဆောင်ရွက်နေကြောင်း၊ ကျန် ရှိသည့်ရွာများကို ဘဏ္ဍာရေးနှစ်အလိုက် ပေးနိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြီးစား တည်ဆောက်မှုများအား ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည်ဖြစ်ပြီး အသေးစားလုပ်ငန်းများအား ဒေသခံများမှ ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း ဖြေကြားအပ်ပါသည်။

၈။ ဒီမောဆိုမြို့နယ် ငူးပလော့ရပ်နှင့် ရှူးဖယ်ခူရပ်ကွက်ရှိ နေအိမ်များအတွက် တိုးချဲ့မီးလိုင်းများ ဆောင်ရွက်ပေးရန် သက်ဆိုင်ရာလျှပ်စစ်ဌာနအား တင်ပြချက်နှင့်ပတ်သက်၍ ငူးပလော့ရပ်နှင့် ရှူးဖယ်ခူရပ်ကွက်ရှိ နေအိမ်များအတွက် တိုးချဲ့မီးလိုင်းများ ဆောင်ရွက်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် SI လုပ်ငန်းအဖြစ် 11/0.4kV, 200k VA ခွဲရုံ တစ်လုံးနှင့် ၄၀၀ ဗို့လိုင်း ၁.၅ မိုင်အား ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၉။ **ရှားတောမြို့နယ်တွင် ၂၄ နာရီအချိန်ပြည့် မဟာဓာတ်အားလိုင်းမှ မီးရရှိရေးအစီအစဉ်ကို သိလိုကြောင်း၊ အကယ်၍ မီးရရှိခဲ့လျှင် ၁၀ မိုင် ပတ်လည်ရှိ ရွာများ လျှပ်စစ်သွယ်တန်းပေးနိုင်မှု ရှိ/မရှိ သိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** လွိုင်ကော်၊ ရှားတော 66kV ဓာတ်အားလိုင်း ၄၅မိုင် သွယ်တန်းရန် ခွဲရုံတစ်ရုံတည်ဆောက်ရန် ဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လျာထားပါကြောင်း၊ ကျေးရွာများအား ဓာတ်အားပေးရန် ဒေသခံများမှ ဦးစားပေးအစီအစဉ်အလိုက် ကျေးရွာ စာရင်းပေးစေလိုကြောင်း၊ အဆိုပါကုန်ကျငွေကို ပြည်နယ်ရန်ပုံငွေဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

# မိဘမဲ့ကလေးငယ်များအား ပြုစုစောင့်ရှောက်လျက်ရှိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၃**

မိတ္ထီလာမြို့မှ သာစည်မြို့နယ်သို့သွားရာ မိတ္ထီလာ-သာစည်-တောင်ကြီးကားလမ်း၏ဝဲဘက် တောမဘူတာမီးရထားသံလမ်းအရှေ့ဘက်အနီး ထမုန်ကန်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင်တည်ရှိသည့် ခေမာသီရိသီလရှင်သင် ပရဟိတ စာသင်ကျောင်းတွင် မိဘမဲ့ကလေးငယ်များကို ပြုစုစောင့်ရှောက်ထားရှိကြောင်း ကျောင်းအုပ်ချုပ်သူ ဒေါ်ခေမာစာရီ၏ပြောပြချက်အရသိရသည်။ “ခေမာသီရိပရဟိတသီလရှင် စာသင်ကျောင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် စတင်တည်ထောင်ခဲ့ပါတယ်။ တောင်ကြီး၊ မြောင်းမြ၊မော်လမြိုင်၊ တာချီလိတ်၊ မိတ္ထီလာနှင့်သာစည် မြို့နယ်များအတွင်းမှ မိဘမဲ့ ဆင်းရဲနွမ်းပါးကလေးငယ်များ (သာမဏေ၊သီလရှင်၊ကျောင်းသား ကျောင်းသူ)စုစုပေါင်း ၇၈ ဦး အခမဲ့ပညာသင်ကြားပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ ကျောင်းသား ကျောင်းသူ ၁၃၅ ဦးကို ဆရာ ဆရာမ ရှစ်ဦးနဲ့ ပညာသင်ကြားပေးလျက်ရှိပါတယ်” ဟု ၎င်းကပြောကြားသည်။ကျောင်းသား ကျောင်းသူများမှာ တောင်ကြီးမြို့ကျေးရွာဒေသများမှတိုင်းရင်းသားကလေးငယ်များ အများစုပါဝင်ပြီး အခြားမြို့နယ်စုံမှကလေးများလည်း ပါဝင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**


**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**နေပြည်တော်**

**သင်ထောက်ကူပစ္စည်းဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော်မှ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ကွန်ပျူတာတက္ကသိုလ်များအတွက် အောက်ပါ သင်ထောက်ကူပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Hardware Lab Accessories (Meter,PIC Programmer, soldering iron,sucker, Breadboard, Lead, Resistor,Capacitor, Tranistor,Diode etc.,)
(ခ) XK-DSP-1 high performance embedded DSP Experiment box. XK-ARM-1 high performance embedded ARM-9 experiment box
(ဂ) Wireless Asses Point Operate With(LWAPP)Complaint tandard
(ဃ) Transformer 200 KVA with Accessories
(င) Rock Mount Server,Dell Power Edge R910,Processor Xeon Processors 7500 Eight-Core(2)Nos,Memory;32GB
(စ) မီးစက်ကြီးတစ်လုံး
(ဆ) ကွန်ပျူတာဆက်စပ်ပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၂-၂၀၁၄ရက်၊ ၁၄း၀၀နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါစည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၄၅၁၅၊ ၀၆၇-၄၀၄၄၉၁၊ ၀၆၇-၄၀၄၅၁၆**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ(G-40) Defomed Bar (Ø25 mm) (3000 Tons) အား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)အား ၁၉-၂-၂၀၁၄ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော ကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)အား ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁**



**အမည်ပြောင်း**

ဦးစိုးဆွေ၏သား တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အမက မြစ်ငယ်၊ ဒုတိယတန်း(ဂ)မှ မောင်စိုးမင်းခန့်အား မောင်ဟိန်းသစ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းသစ်အောင်**



**အမည်မှန်**

ဦးဇော်မြင့် ၉/မထလ(နိုင်)၀၀၄၅၇၉၏သား အထက(တာချီလိတ်)၊ စတုတ္ထတန်း(G)မှ မောင်ဝေမင်းဦး၏ အမည်မှန်မှာ မောင်ဝေမင်းသူ ဖြစ်ပါကြောင်း။

**မောင်ဝေမင်းသူ**



**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန ခုတင်(၂၀၀)ဆံ့ ပုသိမ်ပြည်သူ့ဆေးရုံကြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သော ဆေး/ဆေးပစ္စည်းများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၁၇-၂-၂၀၁၄ ရက် (တနင်္လာနေ့) |
| **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** | - ဆေးရုံအုပ်ကြီးရုံး၊အထွေထွေရောဂါကုဆေးရုံကြီး၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |
| **တင်ဒါပုံစံနောက်ဆုံး ပေးသွင်းရမည့်ရက်/အချိန်** | - ၂၅-၂-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ |

၂။ တင်ဒါပုံစံ စည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေး/ဆေးပစ္စည်းစာရင်းအသေးစိတ်များ သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး အထွေထွေရောဂါကုဆေးရုံကြီး ပုသိမ်မြို့ ဖုန်း-၀၄၂-၂၁၇၅၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**ပုသိမ်ပြည်သူ့ဆေးရုံကြီး**



**လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်းဖွင့်မည်**

Concordia Int'l Co., Ltd. မှ လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်း(၄၂/၂၀၁၄)ကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်မှ မတ် ၈ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအထိ နေပြည်တော်ရှိ Concordia ရုံးခွဲတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အဆိုပါသင်တန်းတွင် GPS အခြေခံသီအိုရီနှင့်လက်တွေ့တိုင်းတာခြင်းများ၊ Mapsource Software, Topcon Link Software, Civil CAD Software များဖြင့် Downloading နှင့် Processing ပြုလုပ်ခြင်းများ၊ Google Earth Software အသုံးပြုခြင်းနှင့် မြေပုံတိုင်းတာခြင်းများ၊ ခေတ်မီ Instrument များဖြစ်သော DGPS, Total Station များဖြင့် မြေတိုင်းတာခြင်းများကို ကျွမ်းကျင်ပညာရှင်နည်းပြများမှ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး အစိုးရဝန်ထမ်းများအတွက်လည်း အထူးအစီအစဉ်အနေဖြင့် စီစဉ်ထားရှိကြောင်း၊ အသေးစိတ်သိရှိလိုပါက Concordia Int'l Co., Ltd. အမှတ်(၁၄၄)၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော် ဖုန်း-၀၆၇-၄၂၁၃၆၂၊ ၄၂၀၈၁၉၊ ၀၉-၄၃၁၁၅၃၁၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# သန်းခေါင်စာရင်းကောက်ယူရေး ဝိုင်းဝန်းကူညီပေး

ငယ်စဉ်က ကျွန်တော်တို့မိသားစုတွင် အိမ်သား ၁၃ ဦးရှိသည်။ မောင်နှမခြောက်ဦး၊ လာနေသူများအပါအဝင် အားလုံးပေါင်း အိမ်ရှိလူများဖြစ်သည်။ ဖခင်ကြီးတစ်ဦးတည်း၏ စီးပွားရေးလုပ်ငန်းဖြင့် မိသားစုဝန်ကို လည်ပတ်စေနိုင်သည့် အချိန်ဖြစ်သည်။ စည်းစနစ်ကျသော ရှေးလူကြီးများဖြစ်သဖြင့် ဝင်ငွေ၊ သုံးငွေတို့ကို စိစစ်သုံးတတ်ပြီး အိမ်ထောင်စုကို ကောင်းစွာ ထိန်းထားနိုင်သည်။ ကျွန်တော်တို့နှင့် ကပ်လျက်အိမ်မှာ တရုတ်လူမျိုးကုန်သည်ဖြစ်ပြီး မိသားစုဝင် အတော်များသည်။ သားသမီးက ၁၀ ဦး၊ အရွယ်ရောက်၍ အိမ်ထောင်ကျသူ၊ ထိုသူတို့မှ ပေါက်ဖွားလာသူ၊ ထိုသူအပေါင်းတို့သည်လည်း တစ်အိမ်ထဲမှာ အတူနေကြရာ အိမ်ထောင်စုစာရင်း မဆံ့သဖြင့် နှစ်ရွက်ရေးရသည် အထိဖြစ်သည်။ အိမ်ထောင်စုဝင်များလာသည်နှင့် ဝင်ငွေ၊ သုံးငွေ အလေအလွင့်မရှိအောင် တရုတ်ကြီးကလည်း စနစ်တကျ စီမံခန့်ခွဲပါသည်။ ယခုအခါတွင်မူ လူနည်းစုမှလွဲ၍ မြောက်မြားစွာသော လူများမှာ ဆိုင်ရာဝန်ကိုထမ်းကြရာမှ မိသားစုဝန်လည်ပတ်နိုင်ရုံ ရှိကြသည်။ အပြင်ထွက်အလုပ်လုပ်သူရှိသလို အိမ်မှုကိစ္စအဝဝကို ထမ်းသူလည်း ရှိမှလည်ပတ်နိုင်ရုံရှိသည်။ မိသားစုတစ်ခုတွင် အလုပ်လုပ်နိုင်သူထက် မှီခိုသူ၊ နာတာရှည်မကျန်းမာသူ ရှိနေပါက ထိုအိမ်ထောင်စုအဖို့ ကြီးမားသော ဝန်ထုပ်ဝန်ပိုးကြီးကို မနိုင်ဝန်ထမ်းနေရသလို ဖြစ်နေသည်။

မိသားစုအခြေခံမှစ၍ လူ့အဖွဲ့အစည်းတစ်ခုလုံး ကောင်းမွန်စွာ ရပ်တည်နိုင်မှုအတွက် စနစ်ကျသော စီမံခန့်ခွဲနိုင်မှုသည် အလွန်အဓိက ကျပါသည်။ထိုသို့ဆောင်ရွက်နိုင်ရန်Grassroots အခြေခံအကျဆုံးဖြစ်သော မိသားစုတစ်ခုချင်းစီ၏ လူဦးရေ၊ မိသားစုအခြေအနေတို့ကို မှန်ကန်စွာ သိထား၊ မှတ်တမ်းပြုထားရန် အရေးကြီးလှသည်ဟု ယူဆပါသည်။

အိမ်ထောင်စု တစ်ခုကဲ့သို့ပင် နိုင်ငံတစ်ခုလုံး၏ လူဦးရေ၊ ထိုလူဦးရေနှင့် ပတ်သက်သော အခြေခံအချက်တို့ကို စနစ်တကျ တိကျမှန်ကန်စွာ ကောက်ယူထားနိုင်မှသာ နိုင်ငံတည်ဆောက်ရေးအတွက် မှန်ကန်သော စီမံခန့်ခွဲမှုများကို ချမှတ်ဆောင်ရွက်နိုင်လိမ့်မည်ဟု လည်း ယုံကြည်ပါသည်။

ထို့ကြောင့် လူဦးရေစာရင်း တိကျသေချာစွာ ကောက်ခံနိုင်ရေးကို ဆောင်ရွက်မည့် အစီအစဉ်ဆောင်ရွက်သင့်သည်မှာ အမှန်ဟုထင်ပါသည်။ ကျွန်တော်တို့သည် သာမန်အရပ်သားပြည်သူတစ်ဦးသာဖြစ်ပြီး ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၀ ရက်တိုင် သန်းခေါင်စာရင်းကောက်ယူမည့် အဖွဲ့အစည်းများနှင့် မည်သို့မျှမပတ်သက်ပါ။ သို့သော် တိုင်းပြည်အတွက် အမှန်တကယ် အခြေခံကျသော လိုအပ်မှုကြီး ဖြစ်သဖြင့် အောင်မြင်စေလိုသော ဆန္ဒဖြင့် ရေးသားလိုခြင်း ဖြစ်သည်။ အခြေခံအချက်များအပေါ် မူတည်ပြီးမှ လူဦးရေသိပ်သည်းမှု၊ အသက်အုပ်စုနှင့် ကျား၊ မ လူဦးရေရာခိုင်နှုန်း၊ လူဦးရေအများဆုံးရှိရာမြို့များ၊ အလုပ်အကိုင်အလိုက် အလုပ်လက်ရှိ လူဦးရေရာခိုင်နှုန်း၊ မြို့များနှင့် ကျေးလက်ဒေသအတွက် အခြေခံဖွားသေစာရင်းအင်းနှုန်းများ၊ မြို့နှင့် ကျေးလက်ဒေသများ၏ ကျား၊ မ အလိုက် မွေးစ ပျမ်းမျှမျှော်မှန်းသက်တမ်း၊ နောက်ဆုံး တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအပေါ်အခြေခံသော လူဦးရေပြမြေပုံကြီးက မှန်ကန်စွာ ရေးဆွဲနိုင်လိမ့်မည်ဟု ယူဆပါသည်။

လူဦးရေစာရင်းကောက်ယူရာတွင် အလွန်ကျယ်ပြန့်လှသဖြင့် ၁၀ နှစ်တစ်ကြိမ်သာ ကောက်ယူလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်အစိုးရလက်ထက် ၁၈၇၂ ခုနှစ်ကတစ်ကြိမ်၊ ၁၈၈၁ ခုနှစ်က တစ်ကြိမ် ကောက်ယူခဲ့ပြီး ပထမဆုံးသန်းခေါင်စာရင်းကောက်ယူမှုကို ၁၈၉၁ ခုနှစ်တွင် ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။ ၁၉၀၁ ခုနှစ်မှစ၍ ၁၉၄၁ ခုနှစ်အထိ မြန်မာတစ်နိုင်ငံလုံး လူဦးရေသန်းခေါင်စာရင်းကောက်ယူမှုကို ၁၀ နှစ် တစ်ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ၁၉၇၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းကောက်ယူနိုင်ရန် ၂၉-၄-၁၉၇၂ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ထိုစာရင်းကို ကောက်ယူခဲ့ရာ မဲဆန္ဒရှင် စာရင်းကိုပါ ပြုစုရရှိခဲ့သည်ဟု သိရသည်။ ဒုတိယအကြိမ်ကောက်ယူမှုကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ၁၉၈၃ ခုနှစ်တွင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့နောက်ပိုင်းတွင်မူ အခြေအနေအရပ်ရပ်အရ မကောက်ယူနိုင်သည်မှာ ယခုအချိန်အထိဖြစ်ရာ အထူးလိုအပ်ပြီမှာ အမှန်ဖြစ်သည်။

> ပြည်သူများပါဝင်ခြင်းသည် နိုင်ငံအတွက် အကျိုးပြုခြင်း တစ်ခုသာဖြစ်. . .

သန်းခေါင်စာရင်း၏အဓိပ္ပာယ်မှာ နေ့တစ်နေ့၏ သန်းခေါင်အချိန်တွင် အမှန်ရှိနေသည့် လူဦးရေကို တစ်ပြိုင်တည်း စာရင်းကောက်ယူခြင်းကို ခေါ်ကြောင်းသိရသည်။ ခေတ်မီသန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်များမှာ စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ဆောင်ရွက်နိုင်ရေးအတွက် မှန်ကန်သော စာရင်းရရှိရန် ဖြစ်သည်။ မှန်ကန်သောစာရင်းပေါ်မူတည်ပြီး နိုင်ငံတော်၏ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေးစီမံကိန်းများ အောင်မြင်စွာ ချမှတ်နိုင်ခြင်း၊ သုတေသနအခြေခံ လူဦးရေစာရင်း ရရှိနိုင်ခြင်း၊ နမူနာစစ်တမ်းများ ဆောင်ရွက်ရေးအတွက် အခြေခံလူဦးစာရင်း ရရှိနိုင်ခြင်း၊ အခြားသန်းခေါင်စာရင်း ကောက်ယူရာတွင် ထောက်ကူနိုင်ခြင်း၊ လူဦးရေမှတ်ပုံတင်ကိစ္စများအတွက် အခြေခံလူဦးရေ စာရင်းရရှိနိုင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။ ယခုကောက်ယူရာတွင် အသက်၊ လူမျိုး၊ အိမ်အကြောင်းအရာ၊ မိသားစုဦးရေ၊ အလုပ်အကိုင်၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းစသည့် နိုင်ငံအတွက် လိုအပ်ချက်တို့ကို မူတည်ပြီး မေးမြန်းကောက်ယူမည်ဟုလည်း သိရသည်။

ထိုသို့စာရင်းကောက်ယူမှုများကို ယခင်ကာလများကကဲ့သို့ အစိုးရဌာနဆိုင်ရာများက မေးမြန်းလျှင် အခွန်ကောက်ဖို့၊ အလှူကောက်ဖို့၊ တစ်ခုခုစည်းကြပ်ဖို့ စသည့်အခြေအနေမျိုးထင်မြင်မနေသင့်ပါ။ လွတ်လပ်စွာ အရှိအတိုင်း ဖြေကြားသင့်ပါသည်။ အမှန်တကယ်လည်း ယခင်ကာလများက အစိုးရဌာနများကို ပြည်သူများက ကြောက်ရွံ့စိုးထိတ်ခဲ့သည်မှာ အမှန်ဖြစ်သည်။

ထိုသို့ ပြည်သူများပါဝင်ခြင်းသည် နိုင်ငံအတွက် အကျိုးပြုခြင်းတစ်ခုသာဖြစ်ကြောင်း ခံယူသင့်ပါသည်။ ကြုံတောင့်ကြုံခဲ အဆိုပါသန်းခေါင်စာရင်းကောက်ယူမှုကြီးကို အများပြည်သူတို့ ပါဝင်ကူညီသင့် ကြပါကြောင်း တိုက်တွန်းအပ်ပါသည်။

**ဒေါက်တာမြင့်သန်း(ညောင်လေးပင်)**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူလတန်းကြိုကျောင်း (၂၇)ကျောင်းမှ ရင်သွေးငယ်များ၏ ကျောင်းပေါင်းစုံကာယစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာလမ်းရှိ အမှတ်(၁) မူလတန်းကြိုကျောင်း အားကစားကွင်းတွင် ကျင်းပရာ ရင်သွေးငယ်ပေါင်း ၃၃၂ဦး ပါဝင်ယှဉ်ပြိုင်ကြစဉ်။ အောင်သန်း(မင်္ဂလာတောင်ညွန့်)

## စော်ရဲကျေးရွာမှ စဥ့်ကိုင်မြို့သို့ ဆက်သွယ်သည့်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**စဥ့်ကိုင် ဖေဖော်ဝါရီ ၁၃**

စဥ့်ကိုင်မြို့နယ်အတွင်းရှိ ပြည်သူများသွားလာရေး လွယ်ကူချောမွေ့စေရန်အတွက် ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ ကျေးရွာများနှင့် မြို့ဆက်သွယ်ထားသော လမ်းများ အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် စဥ့်ကိုင်-စော်ရဲလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စဥ့်ကိုင်-စော်ရဲလမ်းသည် ယခင်က ကျောက်ချောလမ်းဖြစ်ပြီး ယခုအခါတွင် ကတ္တရာလမ်းအဖြစ်အရှည် ၅ မိုင် ၄ ဒသမ ၅ ဖာလုံကို Kinetic Art Co.,Ltd ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီ ၆ ရက်က ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်ဦးနှင့် တာဝန်ရှိသူများသည် လမ်း၏သတ်မှတ်စံချိန်၊ စံညွှန်းများနှင့် ပြည့်စုံမှု ရှိ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**


### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
### မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် အောက်ဖော်ပြပါပစ္စည်းများအတွက် Specification,Catalogueနှင့်အတူ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | သင်ကြားရေးစာအုပ်များ | 1 Lot |
| (ခ) | Seives | 1 Set |
| (ဂ) | CNC Milling Machine | 1 No |
| (ဃ) | Power Hacksaw Machine | 1 No |
| (င) | Chuck for Lathe Machine | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇-၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၁-၂-၂၀၁၄ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ဖုန်း-၀၆၄-၃၅၂၄၃၊ ၃၅၂၄၅ တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

### ရွှေကူမြို့၊ တောပုန်းကျေးရွာ၊ တုံးပုံအရှေ့ကွင်း ကားကြီးဝင်းတည်ဆောက်ခြင်းလုပ်ငန်းအတွက်
## တင်ဒါခေါ်ယူခြင်း

၁။ ရွှေကူမြို့၊ တောပုန်းကျေးရွာ၊ တုံးပုံအရှေ့ကွင်း မြေဧရိယာ ၆ဒသမ ၆၂ဧကတွင် ကားကြီးဝင်းတည်ဆောက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်မည့်ပုံစံများနှင့် ဆောင်ရွက်မည့်အစီအစဉ်များအား အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို ၃-၂-၂၀၁၄ရက်မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုပုံစံ တင်ဒါများကို ၂၄-၂-၂၀၁၄ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ တင်သွင်းရမည်။ အဆိုပြုတင်ဒါပုံစံများကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄**
**တင်ဒါစိစစ်ရေးနှင့်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**
**မြစ်ကြီးနားမြို့**

### မြန်မာ့သစ်လုပ်ငန်း
### ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၈/၂၀၁၃-၂၀၁၄ ကြိမ်မြောက် သစ်လုံးဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ပြည်တွင်းသုံး သစ်လုံးကုန်ကြမ်းများ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချခြင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် နောက်ဆုံးအကြိမ်အဖြစ် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၅-၂-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ
- ၂၆-၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ပယ်ကျွန်း/သစ်မာသစ်လုံး(၅၆၀၀)တန်ခန့်

(ဂ) **ရောင်းချမည့်နေရာ** - အမှတ်(၁၀၃)သစ်စက် ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber. com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များသို့လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့နယ်၊ နောင်ခရီကျေးရွာ၊ ရခိုင်ကုန်းရပ်ကွက်၊အမှတ်(၃၂)နေ ကျွန်တော်ကျွန်မတို့၏ သမီးဖြစ်သူ မစိုးစိုးဝင်း(ခ) မစိုး ၁၀/မဒန(နိုင်)၀၀၃၄၁၁ သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကြည်ဝင်း ၁၀/မဒန(နိုင်)၀၀၇၂၁၁**
**ဒေါ်သန်းမြင့် ၁၀/မဒန(နိုင်)၀၀၇၄၉၄**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့နယ်၊ ရိုးရိုးရွာသစ်၊ အိမ်အမှတ် ၂၃၃နေ မောင်မြတ်ထွန်းအောင်သည် မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စအဝဝနှင့် ပတ်သက်၍ တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကျင်ရီ ၁၀/ရမန(နိုင်)၀၂၃၄၈၂**

**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊ အထက(၁)၊ သတ္တမတန်း(က)မှ မောင်အောင်ခန့်ဦးနှင့် ဆဋ္ဌမတန်း(ဃ)မှ မမေသင်းခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်း ၁၃/တကန(နိုင်)၀၁၃၃၄၃ ဖြစ်ပါကြောင်း။ **ဦးထွန်းလင်း**

### ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အလက(၁၁)၊ ဆဋ္ဌမတန်းမှ နန်းအုပ်ခမ်း၏ ဖခင်အမည်မှန်မှာ ဦးခွန်သိန်းဦး ဖြစ်ပါကြောင်း။ **ဦးခွန်သိန်းဦး**

### အမည်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးကျော်စိုးမိုး-ဒေါ်ထားထားခိုင်တို့၏သား မောင်အောင်စည်သူခန့်အား ယနေ့မှစ၍ မောင်အောင်ကျော်မိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကျော်မိုး**

### ဖခင်အမည်မှန်

မြိတ်တက္ကသိုလ် ဘူမိဗေဒအဓိက၊ ခုံအမှတ် ၃ဘ-၁၇ ဖြင့် အောင်မြင်ခဲ့သော မစိုးသီရိဇော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသိန်းဇော်ထွန်း ၆/ဘပန(နိုင်)၀၀၀၀၉၄ ဖြစ်ပါကြောင်း။

**ဦးသိန်းဇော်ထွန်း**

### ကျေးဇူးဆပ်ပါမည်

၃-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီခန့်တွင် ဦးဝင်းနောင်ထွန်းအမည်ပါ ဝန်ထမ်းကတ်များပါသော ပိုက်ဆံအိတ်အနက်(၁)လုံး MICCရှေ့လမ်းမှသပြေကုန်းရပ်ရှင်ရုံလမ်းကြားတွင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၄၃၀၃၃၈၁၃၊ ၀၉-၄၂၀၇၀၅၀၂၁၊ ၀၉-၄၂၀၇၀၅၀၁၇၊ တိုက် ၂၃၈၀၊ အခန်း(၅)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကလေးဒေသနေ ချင်းလူမျိုးတို့၏ ဂျပ်ခုတ်ရက်လုပ်ငန်းများ ပျောက်ကွယ်မည့်အရေးနှင့်ရင်ဆိုင်နေရ

**ကလေး ဖေဖော်ဝါရီ ၁၃**

"ကလေးမြို့က စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာပါတာဖြစ်ပေမယ့် လူဦးရေ၏ထက်ဝက်ကျော်က ချင်းလူမျိုးတွေဖြစ်ပါတယ်၊ကလေးဒေသမှာ ချင်းလူမျိုးတို့ရဲ့ ဂျပ်ခုတ်ရက်လုပ်ငန်းက တစ်နိုင်တစ်ပိုင်အဖြစ် မိသားစု အနည်းငယ်သာ ရက်လုပ်နိုင်တော့တာကို တွေ့ရမှာဖြစ်ပါတယ်၊ စီးပွားဖြစ်လည်း မရက်နိုင်ကြတော့ပါဘူး၊ လက်ဆင့်ကမ်းမှုအားနည်းတယ်လို့ ဆိုရမလား မပြောတတ်ပါဘူး၊ ဒီနေ့ခေတ်လူငယ်တွေကလည်း စိတ်ဝင်စားမှုမရှိတော့တာဟာ ရိုးရာဂျပ်ခုတ်လုပ်ငန်းအတွက် ရင်လေးစရာပါ"ဟု ချင်းတိုင်းရင်းသားတစ်ဦးက ပြောသည်။

"ဂျပ်ခုတ်ရက်လုပ်ငန်း လုပ်နိုင်ရန်အတွက် ချည်ကို အိန္ဒိယနိုင်ငံ မီဇိုရမ်ဘက်က လာသောချည်ကို အသုံးပြုရပါတယ်၊ ချင်းရိုးရာ အခမ်းအနားတွေရှိရင် မိသားစုခြုံဖို့၊ ဝတ်ဖို့ရည်ရွယ်ပြီး ရက်လုပ်ကြတာပါ၊ ရောင်းဖို့ မဟုတ်ပါဘူး၊ ရောင်းမယ်ဆိုရင်တော့ တစ်ထည်ကို ငွေကျပ် ၄၀၀၀၀ ကျော်မှာ ဖြစ်ပါတယ်၊ တစ်ထည်ပြီးဖို့လည်း တော်တော်လေး ကြိုးစားရက်လုပ်ကြရပါတယ်၊ အချိန်အားဖြင့်တော့ ပုံမှန်ရက်လုပ်ရင် ရက်ပေါင်း ၂၀ မှ တစ်လအထိကြာပါတယ်၊ အရောင်အနေဖြင့် အဖြူ အနီ၊ အပြာ၊ အစိမ်းစသည်ဖြင့် အရောင်တောက်တောက်တွေကို သုံးတာများပါတယ်၊ တီးတိန်က အစိမ်းနှင့်အနီကို သုံးတာများပြီး၊ ဖလမ်းကတော့ အနက်ရောင်ကို အဓိကထားသုံးကြတယ်၊ တောင်ပိုင်းချင်းတွေကျတော့ အဖြူနှင့် အနက်ကို သုံးကြတာများတယ်" ဟု မြောင်းဆုံကျေးရွာမှ ဂျပ်ခုတ်ရက်လုပ်ငန်းကို ကိုယ်တိုင်ရက်လုပ်နေသူ ချင်းတိုင်းရင်းသူတစ်ဦးက ရှင်းပြသည်။ဂျပ်ခုတ်ရက်လုပ်ပြီး စောင်များ၏ အလျားမှာ ငါးပေခန့်ရှိပြီး အနံအနေဖြင့် နှစ်ပေကျော်ရှိကြောင်း သိရပြီး အမျိုးသားများအနေဖြင့် ရိုးရာကုတ်အင်္ကျီ၊ ဦးထုပ်အဖြစ် ချုပ်ဝတ်ကြပြီး အမျိုးသမီးများအနေဖြင့် ခြုံစောင်အဖြစ် အသုံးပြုခြင်းများကြောင်း သိရသည်။

**သျှင်နေမင်း**

# တိုင်းရင်းသားရိုးရာ ပဒေသာကပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

တက္ကသိုလ်များ(ရန်ကုန်)၏ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲ၊ ရိုးရာအစားအစာများ ရောင်းချပွဲနှင့် အနုပညာတင်ဆက်မှုများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ် ပြည်လမ်းရှိတက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က အမှာစကားပြောကြားပြီး တိုင်းရင်းသားရိုးရာ ပဒေသာကပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ တိုင်းရင်းသား တိုင်းရင်းသူများ စုပေါင်းပါဝင်သော မြရိပ်ညိုညိုအဖွင့်သီချင်း၊ တိုင်းရင်းသားအားလုံးပါဝင်သောစည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်စသော တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် တင်ဆက်ရာ အပျိုတော်ယိမ်း၊ ကချင်မျိုးနွယ်စု၏စုံလင်သောအကပဒေသာ၊ ကယားကိုးမျိုးအက၊ ကရင်ဒုံးယိမ်းအက၊ ချင်းရိုးရာဝါးညှပ်အက၊ မွန်ရိုးရာ ဟင်္သာအက၊ ဗမာချစ်ခြင်းတရားနှင့် ပြည်ထောင်စုတေးသရုပ်ဖော်၊ ရခိုင်ဗုဒ္ဓပူဇနိယစသော အကပဒေသာများဖြင့်တင်ဆက်ပြီး တိုင်းရင်းသားရိုးရာအစားအစာများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း ၊ မွန်၊ ဗမာ၊ ထားဝယ်၊ ရခိုင်၊ ရှမ်းအစားအစာများနှင့်အမှတ်တရ ပစ္စည်းများရောင်းချခဲ့ရာ တက္ကသိုလ်များ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

**(၁၆၃)**

# ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဖွင့်ပွဲကို ဖေဖော်ဝါရီ၁၁ရက် နံနက် ၉ နာရီက ရွာလယ်လမ်းရှိ ထရန်စဖော်မာအနီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး တက်ရောက်ချီးမြှင့်ခဲ့သည်။

မီးလင်းရေးဖွင့်ပွဲကို ရွာသစ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေ၊ ကျေးရွာအထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးထွေးနှင့်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ် တာဝန်ခံ ဦးသန်းဌေးက စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အားလိုင်းကို ထုတ်လွှတ်ပေးခဲ့ပြီးကျေးရွာအတွင်းလျှပ်စစ်ဓာတ်အားတပ်ဆင်သုံးစွဲသည့် နေအိမ်များကို လှည့်လည်ကြည့်ရှု၍ လျှပ်စစ်မီးကို စနစ်တကျ သုံးစွဲရန်မှာကြားခဲ့သည်။ အခမ်းအနား ဒုတိယပိုင်းကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဆက်လက်ကျင်းပရာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းက လျှပ်စစ်မီးရရှိရေးဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြပြီး ကျေးရွာအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးထွေးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့နောက်ဥတ္တရသီရိခရိုင် လျှပ်စစ်အင်ဂျင်နီယာဦးမျိုးသန်းထွန်းက လျှပ်စစ်မီးအသုံးပြုခြင်းနှင့် ပတ်သက်၍အန္တရာယ်မဖြစ်ပွားစေရန် လိုက်နာရမည့်အချက်အလက်များကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများအနေဖြင့် လျှပ်စစ်မီးရရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်ခဲ့သော ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာမီးလင်းမှုရရှိရေးအတွက် နိုင်ငံတော်သမ္မတကြီး၏စီမံမှုဖြင့် ၃၀၀ KV ထရန်စဖော်မာ တစ်လုံးရရှိပြီး ကျေးရွာနေဒေသခံ အလှူရှင်များ၏ အလှူငွေများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရွာသစ်ကျေးရွာရှိ အိမ်ခြေ ၃၅၀ အနက် ပထမအဆင့် အိမ်ခြေ ၁၆၆ အိမ် လျှပ်စစ်မီး ဆက်သွယ်မှုပြီးစီးခဲ့ပြီး ဆက်လက်၍ ကျန်ရှိအိမ်များကိုလည်း လျှပ်စစ်မီး သွယ်တန်းပေးသွားမည်ဖြစ်ကြောင်း မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းထံမှ သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**


## ပါမောက္ခ ဦးတင်ရွှေ(ဓာတု)၏

(၁) HOT SPOTS(2014) (၁၀-တန်း ဓာတုဗေဒ အနီးကပ်အိတ်ပိတ်ခန့်မှန်းမေးခွန်းများနှင့် အဖြေများ) (အောင်မှတ်ကို မဆိုထားနှင့်၊ ဂုဏ်ထူးကိုပင်မျှော်မှန်းနိုင်သော စာအိတ်)

(၂) WORK BOOK၊ ကြက်တူရွေးကျက်၊ ကျက်စရာမလိုသော ၁၀-တန်း ဓာတုဗေဒအတွေးအခေါ်နှင့် ဗဟုသုတပညာပေးစာအုပ်၊ (မိဘများ၊ မိမိတို့ရဲ့သားသမီးများကို အာဆီယံအဆင့်မီစေလိုပါက စာအုပ်ရဲ့ အမှာစာ၊ မှတ်ချက်များနဲ့ ဗဟုသုတများကို ဖတ်ကြည့်စေချင်ပါသည်။)

**အမြို့မြို့စာအုပ်ဆိုင်ကြီးများတွင် ထွက်ပြီ။**

ဓာတုဗေဒဆရာဖြစ်သင်တန်း-အဝေးသင်စနစ်ဖြင့် Lecture guide များနှင့် ရှင်းလင်းချက်များကို အိမ်တိုင်ရာရောက်ပေးပို့၍ သင်ကြားမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၁၂၁၂၃**


## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်စီမံခန့်ခွဲမှုစနစ်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်းလုပ်ငန်းအစီအစဉ်တွင် အသုံးပြုမည့် လုံခြုံမှုအဆင့်အတန်းရှိပြီး တုပပြုလုပ်မှုကို ကာကွယ်နိုင်သည့် အခွန်အမှတ်တံဆိပ်များကို ဝယ်ယူလိုပါ၍ ထုတ်လုပ်ရောင်းချပေးနိုင်မည့်သူများကို အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းများကို ၁၇-၂-၂၀၁၄ ရက်မှ ၁၉-၂-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်နှင့် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး၊ အမှတ် ၅၉/၆၁၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ တို့တွင် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၂-၂၀၁၄ရက် ရုံးချိန်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်ရှိ တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် လာရောက်ပေးသွင်းကြရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သည့်တင်ဒါများကို လုံးဝ ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ရုံးအမှတ်(၄၆)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၃၀၀၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းနှင့် ကိုယ့်မင်းကိုယ့်ချင်းလမ်းထောင့်၊ ယုဇနတာဝါ၊ အခန်းအမှတ်-၁၄၀၂၊ အကျယ်ပေ(၃၀×၆၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်စန္ဒာဝင်း ၁၂/ဗဟန(နိုင်)၀၀၀၈၂၅ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** | **ဦးကောင်းမြတ်ဇော်**
**အထက်တန်းရှေ့နေ (စဉ်-၃၂၃၃၅)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)**

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၀၆၄၇ Honda C 90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ချောလွင် ၁/မညန(နိုင်)၀၀၀၄၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၃၈၃၇ Honda C 90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမွေးစိန် ၁၃/မဆတ(နိုင်)၀၀၀၄၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၅၀၁၅ Cherokee (China)၊ S/w (4×4) L. ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပွင့်ဖြူတင်ထွန်း ၁၂/မရက(နိုင်)၁၁၈၀၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၆၃၈၈ Toyota Cresta LX 80 ၊ S/L (4 ×2) R ယာဉ်လက်ဝယ်ရှိသူ ဦးစောကနေဒီရင် ၁၂/ကမတ(နိုင်)၀၀၅၅၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

သုတဆောင်းပါးနှင့်ဆောင်းပါး

# စစ်မြေပြင်သုံးခွေးများ

ခွေးသတ္တဝါများဟာ အသိဉာဏ် ရှိကြပါတယ်။ သင်ကြားပေးလို့ရတဲ့ သတ္တဝါတွေဖြစ်ပြီး လူ့ရဲ့အကောင်းဆုံး မိတ်ဆွေတွေဟုပင် တင်စားကြပါတယ်။ စိမ့်ဘားနတ်လို့ခေါ်တဲ့ ခွေးအမျိုးအစားကို လူ့အသက်ကို ကယ်ဖို့ သင်ပေးထားပြီး ရဲအဖွဲ့အစည်းတွေမှာလည်း မူးယစ်ဆေးဝါး၊ လက်နက်နှင့်အခြားတရားမဝင်ပစ္စည်းများကို ရှာဖွေရာမှာ သူတို့ကို သုံးပါတယ်။ ရှေ့တန်းစစ်မျက်နှာပြင်တွေမှာလည်း သူတို့ဟာ လူသားစစ်သည်တွေနဲ့ အတူ ပါဝင်ဆင်နွှဲနေကြပါတယ်။

မကြာသေးမီကတော့ အာဖဂန်နစ္စတန်မှာ တာလီဘန်တို့က မဟာမိတ်တပ်တို့ရဲ့ စစ်မြေပြင်သုံး ခွေးတစ်ကောင်ကို ဖမ်းမိထားကြောင်း ဗီဒီယို မှတ်တမ်းပြသခဲ့ကြတယ်။ ဗီဒီယိုထဲမှာတော့ ခွေးလေးက မျက်လုံးလေး ကလယ်ကလယ်နဲ့ အမြီးလေးလှုပ်နေရှာတယ်။ သူ့ဘေးမှာတော့ သေနတ်တကားကားနဲ့ တာလီဘန်တွေ ဝိုင်းနေကြတယ်။

အထီးလား အမလားတော့ မသိကြရသေးပါ။ သို့သော် ဗြိတိသျှတပ်က သုံးတဲ့ ဘယ်လ်ဂျီယံမယ်လီနွိုင်း အမျိုးအစားလို့တော့ သိရပါတယ်။ ဘယ်လ်ဂျီယံ မယ်လီနွိုင်းတွေဟာ အပူဒဏ်ကိုခံနိုင်တော့ အီရတ်တို့၊ အာဖဂန်နစ္စတန်တို့လို လွင်တီးခေါင်မြေမျက်နှာပြင် ရာသီဥတုမှာ သင့်တော်ပါတယ်။ အကြောက်တရားကင်းမဲ့တဲ့ ဒီမျိုးစိတ်တွေကို အမေရိကန် အထူးတပ်ဖွဲ့များကလည်း အသုံးပြုပါတယ်။ အထူးသဖြင့် ပေါက်ကွဲစေနိုင်တဲ့အရာများနှင့် မူးယစ်ဆေးဝါးများကို ရှာဖွေရာမှာ အသုံးပြုကြတာပါ။ သာမန်အားဖြင့် တပ်မတော်များဟာ ရန်သူ့လက်ကို သုံ့ပန်းအဖြစ် ကျဆင်းသွားတဲ့ မိမိတို့ရဲ့စစ်မြေပြင်သုံးခွေးတွေရဲ့ အမည်စာရင်းကို ထုတ်ဖော်ကြေညာလေ့မရှိပါဘူး။

ထူးခြားဖြစ်စဉ် တစ်ခုကတော့ ဒုတိယကမ္ဘာစစ်အတွင်းက ဂျူဒီလို့ အမည်ပေးထားတဲ့ စစ်မြေပြင်သုံး ခွေးမလေးတစ်ကောင်ကို ဂျပန်တပ်များ ဖမ်းမိသွားခဲ့ကြတယ်။ ဂျပန်တို့က သူ့ကို သုံ့ပန်းစာရင်းမှာ ထည့်သွင်းခဲ့ကြပြီးနောက် သေဒဏ်ချမှတ်ခဲ့တယ်။ ဒါပေမယ့် ဒီခွေးမလေးအသက်မခံခဲ့ရပါဘူး။ စစ်ကြီးပြီးတော့ အင်္ဂလန်ကို ပြန်ရောက်လာခဲ့တယ်။ ဒီမှာတင် သူ့ကို ထူးကဲတဲ့သတ္တိနှင့် ခံနိုင်ရည်တို့အတွက် ဂုဏ်ပြုတံဆိပ် ချီးမြှင့်ခဲ့ကြတယ်။ ဘီဘီစီအသံလွှင့်ဌာနက ဒီခွေးမလေးရဲ့ ဟောင်သံလေးတွေကို ဂုဏ်ပြုတဲ့အနေနဲ့ အသံလွှင့်ပေးခဲ့တယ်။

## အနံ့နဲ့ အကြားအာရုံဟာ လူတွေထက်များစွာ သာလွန်. . .

စစ်မြေပြင်သုံး ခွေးတွေဟာ အီရတ်နဲ့အာဖဂန်စစ်ပွဲတွေမှာလည်း အရေးပါ အရာရောက်ခဲ့ကြတယ်။ အမေရိကန်တပ်မတော်မှာ ဆိုရင် စစ်မြေပြင်သုံး ခွေးတပ်ဖွဲ့ဝင် စုစုပေါင်း အင်အား ၂၅၀၀ ရှိပါတယ်။ သူတို့တွေဟာ လွင်တီးခေါင် ရာသီဥတုမျိုးကို ခံနိုင်ရည်ရှိကြပါတယ်။ သေနတ်တွေ၊ ဗုံးတွေ၊ အမြောက်တွေနဲ့ပစ်ခတ်နေတဲ့ကြားက မကြောက်မရွံ့ တာဝန်ထမ်းဆောင်ကြတယ်။ ဒါပေမယ့် သူတို့လည်း လူလိုပဲပေါ့၊ အမျိုးမျိုးအစားစားရှိကြတယ်။ တချို့က ခိုင်းမှ လုပ်တယ်။ တချို့က ပျင်းလွန်း အားကြီးတယ်။ တချို့ကျပြန်တော့ အဆော့သန်လွန်းကြတယ်။

အမေရိကန် တပ်မတော်မှာ ခွေးတွေကို အသုံးပြုဖို့ စတင်အကြံပြုခဲ့သူကတော့ အမေရိကန်ပြည်ထောင်စုကို တည်ထောင်ခဲ့ကြသူတွေမှာ တစ်ဦးဖြစ်တဲ့ ဘင်ဂျမင်ဖရင်ကလင်ပဲ ဖြစ်ပါတယ်။ သူက ခွေးတွေကို လူနီအင်ဒီးယန်းတွေနဲ့ တိုက်ခိုက်ရာမှာ အသုံးပြုဖို့ အားပေးခဲ့တယ်။

“ဒီကောင်တွေဟာ စစ်မြေပြင်မှာ အသုံးဝင်တယ်။ သူတို့ပါတော့ ရန်သူဟာ လူကိုအရင်တိုက်ရမှာလား။ ခွေးကိုပဲ အရင်သတ်ရမလားဆိုပြီး ခေါင်းရှုပ်သွားနိုင်တာပေါ့” လို့ သူက မှတ်ချက်ပြုခဲ့ပါတယ်။ အမေရိကတိုက်ကို အရင်ဦးစွာ ရောက်ခဲ့ကြတဲ့ စပိန်တို့ဟာ စစ်ချီရာမှာ ဘူးလ်မတ်စ်တစ်ခေါ် ခွေးများကို ခေါ်ဆောင်သွားလေ့ရှိပါတယ်။

၁၈၃၅ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ဒုတိယ ဆင်မီးနိုးစစ်ပွဲမှာ အမေရိကန်တပ်မတော်ဟာ နိုင်ငံတောင်ပိုင်းရှိ ဖလော်ရီဒါပြည်နယ်ရဲ့ ဒီရေတောတွေမှာ ရန်သူ လူနီအင်ဒီးယန်းတို့ကို ရင်ဆိုင်တိုက်ခိုက်ခဲ့ပါတယ်။ ထိုစဉ်က အမေရိကန် တပ်ဖွဲ့ဝင်များနှင့်အတူ ကျူးဘာမျိုးစိတ် အင်းခွေး ၃၃ကောင်လည်း ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ၁၈၉၈ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ စပိန်နဲ့ အမေရိကန်စစ်ပွဲမှာလည်း ဆက်သားအဖြစ်သော်လည်းကောင်း၊ ကင်းထောက်တပ်ဖွဲ့ဝင်များအဖြစ် သော်လည်းကောင်း စစ်မြေပြင်သုံးခွေးတို့ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။

ပထမ ကမ္ဘာစစ်အတွင်းက ထောင်ပေါင်းများစွာသော ခွေးတို့ဟာ ဆက်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြတယ်။ ဒုတိယကမ္ဘာစစ်မှာတော့ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များဟာ ဂျပန်တို့ရဲ့ လျှို့ဝှက်တပ်စခန်းများနဲ့ ဂျပန်တပ်ဖွဲ့ဝင်တွေ ပုန်းခိုရာ နေရာတွေကို အနံ့ခံရှာဖွေဖို့ အသုံးပြုခဲ့ကြသည်။ ဗီယက်နမ်စစ်ပွဲကာလ အတွင်းကလည်း အရေအတွက်အားဖြင့် ၅၀၀၀ ကျော်ရှိတဲ့ စစ်မြေပြင်သုံးခွေးတွေဟာ ကင်းလှည့်တပ်ဖွဲ့များနှင့်အတူ အမှုတော်ထမ်းခဲ့ကြတယ်။ သူတို့ရဲ့ ကျေးဇူးကြောင့် စစ်သည်တစ်သောင်းကျော် သေဘေးက လွတ်မြောက်ခဲ့ပါတယ်။

ယနေ့ခေတ်မှာတော့ စစ်မြေပြင်သုံး ခွေးတွေဟာ သူရဲကောင်းမှတ်တမ်းဝင် ဖြစ်လာကြပါပြီ။ ဒါဟာ သူတို့ရဲ့ ကိုယ်ပိုင်အခွင့်အရေးပါ။ ကိုင်ရိုလို့ခေါ်တဲ့ ဘယ်လ်ဂျီယံ မယ်လီနွိုင်းတစ်ကောင်ဟာ အိုစမာဘင်လာဒင်ကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ ရေတပ်ဆီးလ်အဖွဲ့နှင့် အတူပါဝင် တာဝန်ထမ်းဆောင်ခဲ့တယ်။ ဒီအတွက် သူ့ကို ဂုဏ်ပြုခဲ့ကြတယ်။ အီရတ်စစ်ပွဲအတွင်းကလည်း ရက်ခ်လို့ခေါ်တဲ့ ဂျာမန်ရှပ်ပတ်ခွေး တစ်ကောင်ဟာ သူ့သခင်ရဲဘော်အတွက် ဆိုးရွားပြင်းထန်တဲ့ အခြေအနေတွေကို ရင်ဆိုင်ကျော်လွှားစေနိုင်ခဲ့တဲ့ ခွန်အားတစ်ရပ်ဖြစ်ခဲ့တယ်။

သူတို့ရဲ့အနံ့နဲ့ အကြားအာရုံဟာ လူတွေထက်အဆများစွာ သာလွန်တော့ စစ်မြေပြင်မှာ အားကိုးလောက်ပါတယ်။ သခင်အပေါ် သစ္စာစောင့်ထိန်းမှု၊ ကိုယ်ကျိုးစွန့်မှုတို့နှင့်အတူ သိလို့ပဲဖြစ်စေ၊ မသိလို့ဘဲဖြစ်စေ လူ့အသက်တွေကို သူတို့ကယ်ခဲ့ကြတယ်။ သခင်နှင့် ခွေးအကြား သံယောဇဉ်တစ်ခုတည်းနဲ့တော့ စစ်မြေပြင်မှာ တာဝန်ထမ်းဆောင်လို့မရပါ။ သခင်ဟာ သူ့ရဲ့ခွေးကို စစ်ပွဲမှာ အကောင်းဆုံး အသုံးချနိုင်ဖို့တော့ လိုပါတယ်။ **တင်မောင်သန်း**(NLM)

## သတင်းတို

### ယဉ်ကျေးလိမ္မာသင်တန်း သီပေါမြို့၌ဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြန်မာရပ်ဓမ္မသုခသီလရှင်သင်ပရဟိတ ပညာရေးကျောင်း၌ ဖေဖော်ဝါရီ ၁၀ ရက်က နှစ်ထောင်အဖွဲ့ (2000 Group) က ဦးစီးကျင်းပသော ကလေးသူငယ် ယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ် (၆၇/ ၂၀၁၄) သင်တန်းဖွင့်ပွဲ ကျင်းပရာ အဖွဲ့ခေါင်းဆောင် ဒေါ်မေအေးဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်မှန်းချက်များကို ပြောကြားပြီး ဒေါက်တာဒေါ်အေးအေးတစ်က ကျန်းမာရေးဆိုင်ရာ ဆေးကုသပေးမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ အဆိုပါ ကလေးသူငယ်ယဉ်ကျေးလိမ္မာသင်တန်းတွင် သာသနာ့နွယ်ဝင် သီလရှင်ဆရာလေး အပါး ၉၀နှင့် ကျောင်းသားကျောင်းသူ ၈၈ ဦးတို့ တက်ရောက်သင်ကြားကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### ပေါက်ပင်သာကျေးရွာ ပညာရည်ချွန်ဆုပေး

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာအခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးဝင်းထူးနှင့် ဦးထွန်းမင်း၊ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမင်းတို့က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ဆုရကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကများ၊ ပဒေသာအကများ၊ တပင်တိုင်အကများဖြင့် ဧည့်ခံကြောင်း သိရသည်။

**မောင်ကြည်မှူ**

**ဒုတိယအကြိမ်မြောက်**
**စက်မှုလက်မှုသိပ္ပံ အင်းစိန် EGTI (Civil) ကျောင်းသား၊**
**ကျောင်းသူများ၏**
**အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် အကြိုညှိနှိုင်းဆွေးနွေးပွဲ ဖိတ်ကြားခြင်း**

အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းတွင် (၁၉၉၈မှ၂၀၀၂)ခုနှစ်အတွင်း EGTI (Civil) ဖြင့် တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူ သူငယ်ချင်းအပေါင်းတို့ ခင်ဗျား ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ၂၉-၃-၂၀၁၄ရက် (စနေနေ့)တွင် ပြုလုပ်ရန်အတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **နေ့ရက်** | - ၁၆-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) |
| **အချိန်** | - မွန်းလွဲ ၂း၀၀နာရီ |
| **နေရာ** | - တက္ကသိုလ် စိန်ရတုဝင်း၊ ဦးသက်လွင်နေအိမ် |

**ဆက်သွယ်ရန်**

| | |
|---|---|
| **ဦးသက်လွင် ဖုန်း-၀၉-၅၀၆၅၆၆၅** | **ဦးကျော်သန်း ဖုန်း-၀၉-၅၀၅၅၅၁၃** |
| **ဦးမြင့်လွင် ဖုန်း-၀၉-၃၁၁၁၆၃၉၈** | **ဦးသန့်ဇင် ဖုန်း-၀၉-၅၀၃၀၁၈၀** |
| **ဒေါက်တာနွယ်နီမြင့် ဖုန်း-၀၉-၅၁၇၇၀၄၂** | **ဦးစိုးဝင်း ဖုန်း-၀၉-၅၀၈၄၉၁၃** |
| **ဒေါ်ကြည်သာညိုဝင်း ဖုန်း-၀၉-၄၂၀၇၄၂၈၁၄** | **ဦးသာအေး ဖုန်း-၀၉-၄၉၃၁၀၈၃၆** |
| **ဦးတင်ထွန်းဇော် ဖုန်း-၀၉-၄၃၀၃၉၈၁၆** | **ဦးအောင်သူ ဖုန်း-၀၉-၅၁၆၃၆၃၂** |
| **ဦးရာဇာမျိုး ဖုန်း-၀၉-၅၁၈၄၀၆၄** | **ဦးသီဟ ဖုန်း-၀၉-၅၁၆၈၃၂၇** |
| **ဦးဝင်းဇော်မိုး ဖုန်း-၀၉-၄၉၅၈၁၇၅၂** | **ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၁၂၉၀** |
| **ဦးမြင့်အောင် ဖုန်း-၀၉-၅၀၈၈၉၅၀** | **ဒေါ်အောင်သီတာဝင်း ဖုန်း-၀၉-၅၁၀၈၅၀၁** |

**မင်္ဂလာဆုမွန်လွှာ**

ချစ်ဖေဖေဦးမျိုးဝင်း (ညွှန်ကြားရေးမှူး၊ပြည်သူ့လွှတ်တော်ရုံး၊ နေပြည်တော်)-ချစ်မေမေ ဒေါ်ဝေဝေလွင် (နှင်းဝေလှိုင်-သစ်ခွခြံ၊ ပုလဲမြို့သစ်၊ ရန်ကုန်)တို့၏ ၁၄-၂-၂၀၁၄ရက်တွင် ကျရောက်သော (၂၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာသော မင်္ဂလာရက်များဆီသို့ ချစ်သမီး၊ ချစ်သားတို့နှင့်အတူ လက်တွဲ၍ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်သမီး -မျိုးကေခိုင်(ခ)မျိုးချစ်ခင်
M.E (Chemical) (Junior Chemical Engineer, Loi Hein Co.,Ltd.)
ချစ်သား -ထူးဝေအောင်(ခ)ဝေထူး B.Tech 2nd year (Electronic)
Technological University (Thanlyin)

**အမည်မှန်**

မိုးညှင်းမြို့နယ်၊ မော်ဟန်အထက၊ အဌမတန်း(ခ)မှမောင်စိုးစန္ဒာထွန်း ၁/မညန(နိုင်)၁၆၁၃၅၇ ၏ အမည်မှန်မှာ မောင်စိုင်းအောင်ခန့် ဖြစ်ပါကြောင်း။

**မောင်စိုင်းအောင်ခန့်**

**အမည်မှန်**

လားရှိုးမြို့၊ အထက(၃)၊ နဝမတန်း (D)မှ မနာတိုရှဲ၏ အမည်မှန်မှာ မနာဘိုရှဲ ဖြစ်ပါကြောင်း။

**မနာဘိုရှဲ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈/ဝါဆို၊ မြေကွက်အမှတ် ၃၇၀၊ မြေကွက်တည်နေရာအမှတ် ၃၈၊ အောင်တံခွန်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမျိုးဝင်းအမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးမျိုးဝင်းသည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး(အစ်ကို)ဦးအောင်တင်သည် ၄င်းထက်စော၍ ကွယ်လွန်ခြင်းတို့ကြောင့် (အစ်မ)ဒေါ်ခင်ဝင်း ၁၂/ဒပန(နိုင်)၀၁၅၁၁၅က ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားခြင်းကိုလည်း ဒေါ်ခင်စန်းရီ(ဦးအောင်တင်)၏ ဇနီးက ကန့်ကွက်ရန်ဆန္ဒမရှိကြောင်း ကျမ်းကျိန်လွှာ၊ ဦးမျိုးဝင်း၏သေစာရင်းနှင့်ဂရန်မူရင်းတို့တင်ပြ၍ဒေါ်ခင်ဝင်းမှပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် (၂၃၅၄)၊ အမည်ပေါက် ဒေါ်ခင်အုန်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဖြူဖြူနိုင် ၁၃/လရန(နိုင်)၀၉၉၈၇၀က မြေကွက်စလစ်မူရင်း၊ ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီးမြေချပါမစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာ အပ်ပါသည်။ **မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီတိုးချဲ့၊ မြေကွက်အမှတ် (၁၈၂၅)၊ အမည်ပေါက် ဦးစိုးဝင်းအောင်၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ရှောက်လူ ၁၃/ဟပတ(နိုင်)၀၀၆၉၅၇က မြေကွက်စလစ်မူရင်း၊ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများ တင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည် အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်တီဂျူးခေါင် ၁၃/လရန(နိုင်)၁၀၃၀၅၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၃၆၁၀၈၈၀၂**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၇၅၃၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာစိုး ၁၀/သထန(နိုင်)၁၀၂၆၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (သထုံ)**

**ဖောင်းကြွပျောက်**

ယာဉ်အမှတ် ၅ခ/၂၂၂၄၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ခ/၄၉၀၃၊ Kyar Koe Kaung,L/T(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင်စိုး ၁၄/ဝခမ(နိုင်)၁၄၂၀၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ရန်ကုန်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## သောက်သုံးရေရ၍ ပြည်သူများ ဝမ်းသာ

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ခွင့်ပြုငွေဖြင့် နှစ်စဉ်သောက်သုံးရေရှားပါးသော ကျေးရွာများအတွက် သောက်သုံးရေဖူလုံစွာ ရရှိနိုင်စေရန် ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်တွင် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကျေးရွာတွင် နှစ်စဉ်သောက်သုံးရေဖူလုံစွာမရရှိသည့်အတွက် ဒုက္ခအမျိုးမျိုး ခံစားရသည့်ဘေးမှ လွတ်မြောက်သွားပြီဟော့ဟု အိုးစည်ဗုံမောင်းများဖြင့် ကပြပြီးပျော်ရွှင်စွာဖြင့် သောက်သုံးရေများကို စည်းကမ်းရှိစွာ ခပ်ယူ သယ်ဆောင်လျက်ရှိကြောင်း တွေ့မြင်ရသည်။

**ဇော်ဇော်(မြို့သစ်)**

## ပြည်ပဈေးကွက်ဝင် နွေနှမ်းစိုက်ပျိုးမည်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ဆင်တဲဝ (သမက္ကျ)ဆည်ရေသောက် သာယာမြိုင်ကျေးရွာအုပ်စုရှိ ချောင်းဆုံပန့်ရေ တင်ဒေသတွင် ယခုနှစ်စိုက်ပျိုးရာသီမှစတင်၍ နွေနှမ်းစိုက်ပျိုးသွားမည် ဖြစ်သည်။ နွေနှမ်းစိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းပညာပေးခြင်းနှင့် မျိုးဖြန့်ဝေခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး ပြည်ပဈေးကွက်ဝင် ဆင်းရတနာ(၃) နှမ်းမျိုးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ၎င်းဆင်းရတနာ(၃) နှမ်းမျိုးသည် စိုက်ပျိုးသည့်ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ်များသည့် သီးနှံဖြစ်သည့်အတွက် ဒေသခံတောင်သူများမှ ၆၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

**နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၄) မီးသတ်စခန်းမှ ဟိုတယ်ဇုန်(၁)ရှိ Capital Hypermarket တွင် ဖေဖော်ဝါရီ ၈ ရက်က ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့်အဖွဲ့က Capital Hypermarket ရှိ (လုံခြုံရေးမန်နေဂျာ)ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်းများအား မီးဘေးလုံခြုံရေး ရှင်းလင်းဟောပြောပြီး လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။** (နေပြည်တော်မီးသတ်)

# စက်သုံးဆီအရောင်းဆိုင်များ ဝန်ဆောင်မှု အပြိုင်အဆိုင်ပေးလာ

**သတင်းနှင့်ဓာတ်ပုံ-ကိုကိုနေ**

ရန်ကုန်-မန္တလေးအဝေးပြေး လမ်းဟောင်း ပျဉ်းမနားနှင့်တပ်ကုန်းအကြား လမ်းဘေးဝဲယာတစ်လျှောက် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ အများအပြား ဖွင့်လှစ်ရောင်းချလျက်ရှိရာ ဝယ်ယူသူများအား ဝန်ဆောင်မှုများပါ အပြိုင်အဆိုင်ပေးနေကြကြောင်း တွေ့ရသည်။

ရန်ကုန်-မန္တလေး လမ်းဟောင်း သိုက်ချောင်းလမ်းဆုံမှစ၍ ပင်လောင်းလမ်းခွဲအထိ လမ်းမကြီးနံဘေးဝဲယာတစ်လျှောက် ပုဂ္ဂလိကစက်သုံးဆီဆိုင်ကြီး၊ဆိုင်လတ် ၁၀ ဆိုင်ကျော်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ထို့ပြင် အဆောက်အအုံ တည်ဆောက်ဆဲ၊ မြေယာပြုပြင်ဆဲ စက်သုံးဆီအရောင်းဆိုင်ကြီးများ အများအပြားတွေ့မြင်နေရသည်။

အပြိုင်အဆိုင်ရောင်းချမှုကြောင့် ဝယ်ယူသုံးစွဲသူများအား ရေသန့်ဘူး၊ စနိုးတာဝါများ လက်ဆောင်ပေးခြင်း၊ စက်သုံးဆီဝယ်ယူမှုမှတ်တမ်းစာအုပ်နှင့် မှတ်တမ်းပြုစု၍ လက်ဆောင်ပစ္စည်းများပြန်ပေးခြင်း၊ မော်တော်ယာဉ်သန့်ရှင်းရေး ဝန်ဆောင်မှုပေးခြင်းမှစ၍ ယာဉ်များ ရပ်တန့်နားနေရန် နေရာများ ဝန်ဆောင်မှုပေးခြင်းစသည်ဖြင့် ဝယ်ယူသူများအားဆွဲဆောင်ရောင်းချပေးလျက်ရှိသည်။ စက်သုံးဆီဆိုင်ကြီး၊ ဆိုင်လတ်များမှ ဝန်ဆောင်မှုများပေး၍ အချိန်အဟုန်မြင့်ပြိုင်ဆိုင်ရောင်းချလာသကဲ့သို့ ယခင်ရှိပြီးသား စက်သုံးဆီဆိုင်ငယ်လေးများမှာ ရပ်ဆိုင်းပျောက်ကွယ်သွားသည်ကို တွေ့ရသည်။

## ဝန်ဆောင်မှုပေးခြင်းဖြင့် ဝယ်ယူသူများအား ဆွဲဆောင်ရောင်းချ

စက်သုံးဆီဆိုင်များမှ မော်တော်ဆိုင်ကယ်များအတွက် ဓာတ်ဆီကို ငွေကျပ် ၁၀၀၀ ဖိုးမှစ၍ ရောင်းချပေးသကဲ့သို့ အဆင့်မြင့်ယာဉ်ငယ်များအတွက် အောက်တိန်းပရီမီယံဒီဇယ် ယာဉ်ကြီးများအတွက် ရိုးရိုးဒီဇယ်၊ စသည်ဖြင့် စက်သုံးဆီအမျိုးမျိုးရောင်းချပေးလျက်ရှိသည်။ ရောင်းချသောဈေးနှုန်းများမှာ စက်သုံးဆီအမျိုးအစားအလိုက် ပရီမီယံဒီဇယ်၊ ရိုးရိုးဒီဇယ်တစ်လီတာလျှင်ငွေကျပ်၉၅၀၊၁၀၀၀၊ ၁၀၅၀၊ အောက်တိန်းနှင့် ဓာတ်ဆီတွင်လည်း တစ်လီတာလျှင်ငွေကျပ်၁၀၀၀၊ ၁၀၄၀၊ ၁၀၅၀ စသည်ဖြင့် ကွဲပြားလျက်ရှိသည်။ ဤကဲ့သို့ ဈေးနှုန်းကွဲပြားရခြင်းမှာ ခွဲတမ်းဆီရရှိမှု၊ မရရှိမှုအပေါ်တွင် မူတည်ကြောင်း ဆီဆိုင်အသိုင်းအဝိုင်းကပြောကြားသည်။

“ဝန်ဆောင်မှုတွေနဲ့အပြိုင်အဆိုင်ရောင်းချကြတော့ ကျွန်တော်တို့လည်း ဝယ်ရတာပျော်တာပေါ့။ ဒါပေမယ့် ဝန်ဆောင်မှုကောင်းတာပေးပြီး အခြင်အတွယ်လျော့သွားမှာကိုတော့ စိုးရိမ်မိတယ်။ သက်ဆိုင်ရာအနေနဲ့ထိရောက်တဲ့ စစ်ဆေးမှုလေးတွေ လုပ်ပေးမယ်ဆိုရင်အကောင်းဆုံးပေါ့ဗျာ”ဟု အဝေးပြေးယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

## ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးရှင်းလင်း

**ဖျာပုံ ဖေဖော်ဝါရီ ၁၃**

ဖျာပုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဒုတိယအကြိမ်ရှင်းလင်းသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဖျာပုံခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းက ၂၀၁၄ ခုနှစ် ဧပြီလတွင် ကောက်ယူမည့် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အခြေအနေနှင့် မေးခွန်း ၄၁ ချက်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကွက်ကျေးရွာစာရေးများ စုစုပေါင်း ၂၅၀ခန့်တက်ရောက်ခဲ့ကြသည်။

**ဇော်မင်း(iprd)**


## ရက် (၁၀၀)ပြည့်နာမည်ပေးကင်ပွန်းတပ်မင်္ဂလာ

ဖေဖေ ဦးသိန်းသန်းတိုးနှင့် မေမေ ဒေါ်ချောစုထွေးတို့၏ တစ်ဦးတည်းသောသားလု ရတနာလေး၏ ၁၄-၂-၂၀၁၄ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့် မင်္ဂလာရက်မြတ်တွင် သားသားလေးအား မောင်ဘုန်းမြင့်မြတ်သိန်း @ Brian ဟု နာမည်ပေးကင်ပွန်းတပ်ပြီး ယနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ရာကျော်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးကိုသိတတ်သော ပညာထူးချွန်ထက်မြက်သည့် သားကောင်းရတနာလေးအဖြစ် ပြီးပြည့်စုံသောဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**နှစ်ဖက်ဘိုးဘိုး ဘွားဘွားများ - ဦးလှမြင့်သိန်း-ဒေါ်မြင့်မြင့်သန်း**
**- ဦးဖေမြင့်-ဒေါ်မြင့်မြင့်စီ**
**ဖေဖေ မေမေ - ဦးသိန်းသန်းတိုး-ဒေါ်ချောစုထွေး**
**မမ - မမေမြတ်စုသိန်း @ May**

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဂမုန်းပွင့်ကွန်ဒို၊ လေးလွှာ၊ အခန်းအမှတ် (G.H) ဟု ခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်ဌေးဦး ၉/မလန(နိုင်)၀၀၉၄၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၁၀-၂-၂၀၁၄ရက်စွဲပါ နှစ်ဦးသဘောတူ အရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် စာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့အရောင်းအဝယ်ကိစ္စအပေါ် အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်းနိုင် ဒေါ်စန္ဒာအေး၊ ဒေါ်ကြည်ကြည်ထွေး**
**စဉ်-၇၈၄၈ စဉ်-၁၉၇၆၉၊ စဉ်-၃၀၃၂၀**
**(တရားလွှတ်တော်ရှေ့နေ) (အထက်တန်းရှေ့နေများ)**
**အမှတ် ၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀**

**အမည်မှန်**

အထက(ခွဲ)နောင်မွန် သတ္တမတန်း (B)မှ မကြာစင်၏ အမည်မှန်မှာ မဖူမေနှင့် ဖခင်အမည်မှန်မှာ ဦးအေးချမ်း ၁၃/လရန(နိုင်)၁၁၈၃၀၀၊ LSO-၁၃၆၇၂၉ ဖြစ်ပါကြောင်း။ **ဦးအေးချမ်း**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် ၃၆၁၊ မြေကွက်တည်နေရာအမှတ်-၃၆၁၊ ရတနာလမ်း၊(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်စန်းရီ၊ ဦးအောင်စိုး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းရီနှင့် ခင်ပွန်း ဦးမော်သင်း (သမီး)ဒေါ်ထိုက်ထိုက် (အပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ဦးရဲမောင်၁၂/ဥကတ(နိုင်)၀၆၃၃၂၃၊ ဦးကျော်တင့် ၁၂/သလန(နိုင်)၀၃၅၄၄၀၊ ဦးရဲနိုင် ၁၂/ဥကတ(နိုင်)၀၀၂၂၃၉ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အပိုင်ပေးစာချုပ်ရန် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်စိုး၏ အထွေထွေကိုယ်စားလှယ် ဦးရဲမောင် ၁၂/ဥကတ(နိုင်)၀၆၃၃၂၃က ကိုယ်စားလှယ် လွှဲစာအမှတ်၂၁၄၇၆ (၁-၁၁- ၁၃)နှင့် ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃-၃၂၅၆(၁၉-၁၁-၁၃)ကို တင်ပြပြီးပူးတွဲ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက် (၅)၊ နယ်မြေ ၃၊ ၃၈လမ်း၊ ၂၃×၂၄လမ်းကြား၊ အိမ်အမှတ် ၈၀၀၊ ဦးပိုင်အမှတ် ၈၀၀၊ မြေဧရိယာ ၆၀×၅၀=၃၀၀၀ စတုရန်းပေမြေကွက်သည် မူလက ဦးရွှေဖန်(သေဆုံး)အမည်ပေါက်ပိုင်ဆိုင်ခဲ့သော်လည်း ယခုအခါ အဆိုပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအိုက်လျံ ၁၃/လရန(နိုင်)၀၀၀၅၆၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အရပ်ကတိစာချုပ်ဖြင့် အပြီးပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်ကို ဦးရွှေဖန် အေယူ-၀၁၂၃၉၈ အမည်မှ ဒေါ်ရန်ဆိုက်ရှမ်း ၁၃/လရန(နိုင်)၀၈၀၄၉၁ အမည်သို့ တရားဝင်အမည်ပေါက်အောင် ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အမည်လွှဲပြောင်းခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုသဇင်ထွန်း LL.B, LL.M အထက်တန်းရှေ့နေ (စဉ်-၃၅၅၉၅)**
**ဖုန်း-၀၉-၄၇၃၀၂၅၇၆၊ ၀၉-၃၆၀၀၆၁၉၇**

**တိုက်ခန်းရောင်းမည် (ပွဲစားမလို)**
**စမ်းချောင်းမြို့နယ် (နေရာကောင်း)**

၁။ ပေ(၁၄×၅၀)၊1.F (တိုက်သန့်)(690)L
၂။ ပေ(၁၅×၆၀)၊1.F (လမ်းမ) (830)L
၃။ ပေ(၁၈×၈၅)၊7.F (တိုက်သန့်)(730)L
၄။ ပေ(၁၂½×၅၀)၊ မြေညီ(တိုက်သစ်) H(17')၊ (နှစ်ထပ်) တင်ရေ၊ ရေမီးစုံ(850)L

**ဖုန်း-၀၉-၅၀၇၁၁၄၄၊ ၀၉-၇၃၁၅၆၄၉၄**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊၇ရပ်ကွက်၊ဦးချိုလမ်းသွယ်၊အမှတ်(၁၃၀/ဒီ)မြေညီထပ်ဟုခေါ်တွင်သော တိုက်ခန်းနှင့် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးစိုးပိုင် ၇/ညလပ(နိုင်)၁၁၂၀၉၈**
**ဖုန်း-၀၉-၇၃၀၅၆၉၇၃၊ ၀၉-၂၅၄၁၂၉၆၃၁**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# နေပြည်တော်ဆိုင်ကယ်ဈေးကွက်နှင့် ပြည်သူ့အသံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်တွင် ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်း၌ လိုင်စင်မဲ့ဆိုင်ကယ်များအား အခွန်ဆောင်၍ လိုင်စင်ပြုလုပ်ပေးမည်ဟု သိရသည်။ ကြားသိနေရသော မော်တော်ဆိုင်ကယ်များ လိုင်စင်ချပေးမည့် သတင်းသည် နေပြည်တော်မော်တော်ဆိုင်ကယ်ရောင်းဝယ်ရေးဈေးကွက်သို့ ရောင်းဝယ်အားကျဆင်းစေခဲ့သည်ဟု ပျဉ်းမနားမြို့နယ် ဆိုင်ကယ်အရောင်းဆိုင်များမှ သိခဲ့ရသည်။ ယခင်တစ်နေ့လျှင် ငါးစီးမှ ခြောက်စီးရောင်းနေရသော်လည်း ယခုအချိန်တွင် တစ်ရက်ပျမ်းမျှ တစ်စီးတောင် မရောင်းရသဖြင့် မြို့ခံဆိုင်များသည် ဝန်ထမ်းစရိတ်ပေးရန်ပင် ဝင်ငွေရရှိမှုအလွန်နည်းသွားသောကြောင့် အခက်အခဲများ ရှိလာကြောင်း သိရသည်။

ယခုအချိန်တွင် တရုတ်နိုင်ငံမှတင်သွင်းသည့် လိုင်စင်မဲ့ ဆိုင်ကယ်များဈေးနှုန်းသည် ကမ်ဘို 110 ငါးသိန်းတစ်သောင်း၊ ကမ်ဘို 125 ရုပ်ဆိုး ငါးသိန်းခြောက်သောင်း၊ ကမ်ဘို 125 CZi ဖား ငါးသိန်း ရှစ်သောင်း၊ လော့ဂျား 110 ငါးသိန်းတစ်သောင်းခွဲ၊ လော့ဂျာ 125 ရုပ်ဆိုး ငါးသိန်း ခြောက် သောင်း၊ ရင်ဇင်း 110 လေးသိန်းလေးသောင်း၊ အမည်တံဆိပ်သစ်ဆိုင်ကယ်များမှာ သုံးသိန်းသုံးသောင်းဝန်းကျင်ဈေးနှုန်းများဖြင့် ရောင်းချနေကြောင်း တရုတ်ပြည်မှ တင်သွင်းရောင်းချနေသူ ဆိုင်ကယ်အကျိုးဆောင်တစ်ဦးထံမှ ဈေးနှုန်းများ သိရသည်။

ယခုသိရှိထားသော လိုင်စင်မဲ့ဆိုင်ကယ်ဈေးနှုန်းများနှင့် လိုင်စင်များ ချပေးမည့်အချိန်တွင် အခွန်ကျသင့်တန်ဖိုးများနှင့် ပေါင်းစပ်၍ ကုန်ကျမည့် ကုန်ကျမှုငွေကြေးတန်ဖိုးကို သိချင်နေကြပြီဖြစ်သည်။ ပြည်သူများအနေဖြင့် ယခုပြုလုပ်ပေးမည့် လိုင်စင်သစ်ဈေးနှုန်းများသည် မူလကုမ္ပဏီများ ပေးဆောင်နေရသော အခွန်နှုန်းထားများအတိုင်း ပြုလုပ်ပေးမည်ဆိုပါက ဝယ်ယူသူများ မိမိ၏ အမည်ပေါက်ဖြစ်၍ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ယခုချိန်ကာလသည် နေပြည်တော်ဆိုင်ကယ်များ ဆိုင်ကယ်အရောင်းပြခန်းများတွင် အရောင်းအဝယ်ပါးနေသော်လည်း တစ်ပတ်ရစ်ဆိုင်ကယ်ဈေးမှာ ငွေကျပ် နှစ်သိန်း၊ သုံးသိန်းဝန်းကျင် လိုင်စင်ပါဆိုင်ကယ်များကို ပွဲစားတန်းများမှ ဝယ်ယူမှုရှိနေသေးကြောင်း၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ဆိုင်ကယ်ပွဲစားတန်းတွင် ပျမ်းမျှတစ်ရက်လျှင် လိုင်စင်ပါ ဆိုင်ကယ် ငါးစီးမှ ခြောက်စီးခန့် အရောင်းအဝယ်ရှိနေကြောင်း ဆိုင်ကယ်ဝယ်ရောင်းများထံမှ သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ့)**

## ရမည်းသင်းမြို့နယ်တောင်ပေါ်ဒေသ မူလွန်ကျောင်းပညာရည်ချွန်ဆုနှင့် ဘက်စုံဆုချီးမြှင့်ပွဲကျင်းပ

**ရမည်းသင်း ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အရှေ့တောင်ပေါ်ဒေသ ဝါးဖြူတောင်အုပ်စု ဝါးဖြူတောင်ရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုများ ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက မြို့နယ်တွင် မူလတန်းကျောင်း ၁၉၂ ကျောင်းရှိသည့်အနက် တောင်ပေါ်ဒေသရှိ ဤကျောင်းမှ နိုင်ငံတော်က ချီးမြှင့်သော စကောလားရှစ်ဆုရရှိသဖြင့် ဝမ်းသာ ဂုဏ်ယူရပါကြောင်း၊ ပညာရေးအားပေးသည့်အလှူရှင် ရွှေမိုးယံ ကုမ္ပဏီအား ကျေးဇူးတင်ရှိပါကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် လက်ထောက်ပညာရေးမှူး ဦးသိုက်ထွန်းက နိုင်ငံတော်၏ ပညာရေးပြုပြင်တိုးတက်ပြောင်းလဲမှုများအား ရှင်းလင်းကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းက အလှူရှင် ရွှေမိုးယံကုမ္ပဏီသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ၚင်းနောက် သူငယ်တန်းမှ သတ္တမတန်းအထိ ပညာရည်ချွန်ဆုရ ၂၄ဦး၊ ဘက်စုံထူးချွန်ဆုရသုံးဦးနှင့် စကောလားရှစ်ဆုရ တစ်ဦးတို့အား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၊ လက်ထောက်မြို့နယ် ပညာရေးမှူး၊ ရွှေမိုးယံကုမ္ပဏီမှ တာဝန်ရှိသူ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က ချီးမြှင့်ငွေများ ပေးအပ်ကြကြောင်း သိရသည်။

**(၀၁၁)**

## ယာဉ်ကြောပိတ်ဆို့သည့် ပြဿနာနှင့်ယာဉ်အန္တရာယ်

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်များကို နိုင်ငံခြားမှ တရားဝင် တင်သွင်းခွင့်ရရှိပြီးသည့် နောက်ပိုင်းတွင် ရန်ကုန်မြို့၌ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်နေသည်။ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများကို သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရှိနေရသည်။

ရန်ကုန်မြို့၏ လမ်းဆုံ လမ်းခွများတွင် ခုံးကျော်တံတားများ ထိုးပေးခြင်း၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ အင်အားတိုး၍ ချထားပေးခြင်းများဖြင့် အမျိုးမျိုးပြေလည်အောင် ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရှိရသည်။

ယခု ယာဉ်ကြောပိတ်ဆို့သည့် နေရာမှာ ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်းမပေါ်ရှိ သျှင်ပါကူဆေးရုံရှေ့ ဗျိုင်းရေအိုးစင် အထွက်လမ်းနှင့် ဖိုးစိန်အထွက်လမ်းတို့တွင်ဖြစ်သည်။ တာမွေအဝိုင်းမှ ဗညားဒလလမ်းထဲသို့ ချိုးကွေ့ဝင်လာသောကား၊ ကျိုက္ကဆံလမ်းမှ ဗညားဒလလမ်းသို့ ချိုးကွေ့ဝင်ရောက်လာသောကားများနှင့် ဗျိုင်းရေအိုးစင်လမ်း၊ ဖိုးစိန်လမ်းတို့မှ ထွက်လာသောကားများမှာ ထိုယာဉ်ကြောပိတ်ဆို့သော သျှင်ပါကူဆေးရုံရှေ့အရောက်တွင် ဘယ်ကွေ့မည့်ကား၊ ညာကွေ့မည့်ကား၊ ရှေ့သို့ ဆက်သွားမည့်ကားနှင့် ခေါင်းခြင်းဆိုင်တစ်မျိုး၊ ကန့်လန့်ဖြတ်တစ်မျိုးတို့ဖြင့် တိုးမပေါက်အောင်ဖြစ်နေပါသည်။ ထိုသို့ပိတ်ဆို့ ကျပ်တည်းနေမှုကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး သက်ဆိုင်ရာမှ အမြန်ဆုံးကြိုတင်ဖြေရှင်း ဆောင်ရွက်နိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

**ထွန်းတောက်ကြယ်**


### အမည်မှန်

သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ မယ်ဇလီကန်ကျေးရွာနေ(ဘ)ဦးခင်မောင်ရင်၏သမီး မဇာခြည်လှိုင် ၉/သစန(နိုင်)၁၇၀၂၂၁၏အမည်မှန်မှာ မဇာကြည်လှိုင် ဖြစ်ပါသည်။ **မဇာကြည်လှိုင်**

### အမည်ပြောင်း

ဦးသက်ပိုင်စိုး၏သား မော်ဘီမြို့နယ် တပ်ကြီးကုန်း၊ (အထက)တွင် ပညာသင်ယူနေသော မောင်မင်းဟံကိုအား မောင်မင်းဟံဦးဟု ခေါ်ဆိုပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၊ မြေကွက်အမှတ် ၈၅၄/က၊ မြေကွက်တည်နေရာအမှတ် (၈၅၄/က)၊ စာဂ ၁၆လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မိမိမြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မိမိမြင့်YNG-၁၁၈၅၈၉ မှဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ တင်ပြ၍ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၆၅၉ (၁-၁၀-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်စန်းစန်းမေ ၁၂/ဥကတ(နိုင်)၀၃၉၃၇၆မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၉၈၆၂(၁၀-၁၀-၁၃)ကို တင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ တိုက်အမှတ် ၄၅၊ နှစ်ခန်းတွဲ၊ ခြောက်ထပ်တိုက်အဆောက်အအုံ၏ ခုနစ်လွှာ(ဒါဘ)၊ အကျယ်အဝန်း(အလျား ၂၅'×အနံ ၅၀') တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်ကျော်ဝင်း ၆/ကသန(နိုင်)၀၀၂၆၅၆မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** — **အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)**
**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနန်းမြင့် ၁၄/ခနဖ(နိုင်)၀၂၅၀၄၃၏ ရေယာဉ်မောင်းပထမတန်း ရေယာဉ်အုပ်လက်မှတ် ဆပ-၀၂၀/၀၆ လိုင်စင်စာအုပ် ပျောက်ဆုံးသွားပါကြောင်း။
**ဦးနန်းမြင့်**
**ဖုန်း-၀၉-၃၃၅၂၅၇၇၉၊ ၀၉-၈၃၀၃၄၅၉**

### ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ ၉ဃ/၆၈၆၁ ကမ-၃ စာအုပ်ပျောက်ဆုံးသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
**ဖုန်း-၀၉-၅၀၀၅၈၆၀၊ ၀၉-၄၃၀၈၅၀၂၂**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင် (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက် မြေကွက်/ဦးပိုင်အမှတ်၊ (၄ ဏ/၂)၊ ဧရိယာ ၀ဒသမ၀၅၇ ဧကရှိ ဦးနေဝင်း ပါ-၂၊ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးဇော်စိုးမိုး (အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၄၅၅၂၁ (ဘ) ဦးနေဝင်းပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာဖြင့် တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်၊ ၄ တ/၂)၊ ဧရိယာ ၀ဒသမ၀၄၅ ဧကရှိ မြေကွက်အား ဦးဇော်စိုးမိုး (အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/ပမန(နိုင်)၀၄၅၅၂၁ (ဘ) ဦးနေဝင်းပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာဖြင့်တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် (၁၁၉၆)၊ အမည်ပေါက် ဦးထွန်းဝ-ဒေါ်ငွေး၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးမြင့်ဇော် ၁၂/သလန(နိုင်) ၀၆၆၇၅၈၈ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် (၁၁၉၂)၊အမည်ပေါက် ဦးထွန်းဝ-ဒေါ်ငွေး၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဘေဘီဝင်း ၁၂/သလန(နိုင်) ၀၆၉၇၅၅၈ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် (မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးမြင့်ဦး - ဒေါ်ဥမ္မာလွင်တို့၏သမီး မဟေသင်ဦး ၁၂/ဥကတ(နိုင်)၁၈၂၄၇၃သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူ၍ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားသဖြင့် သမီးအဖြစ်မှ ရာသက်ပန် စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးမြင့်ဦး-ဒေါ်ဥမ္မာလွင်**

### အများသိစေရန်

ဦးကျော်ခင်၏သား မောင်အောင်တင်ကြိုင်(ခ)မောင်ချစ်ဆန်း ၁၂/သဃက(နိုင်) ၁၆၉၂၂၅နှင့် ဦးတိုး၏သမီး မဇင်မာထွေးတို့သည် ၂၁-၁-၂၀၁၄ရက်တွင် နှစ်ဖက်မိဘစုံညီစွာဖြင့် အသိသက်သေများရှေ့မှောက်၌ လက်ထပ်စာချုပ်တွင် တရားဝင်လက်မှတ်ရေးထိုးခဲ့ကြပါသည်။ သို့ပါ၍ မဇင်မာထွေးသည် ကျွန်တော်၏ တရားဝင်ဇနီးသာဖြစ်ကြောင်း အများသိစေအပ်ပါသည်။
**မောင်အောင်တင်ကြိုင်(ခ)**
**မောင်ချစ်ဆန်း**

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

"" ရောင်းမည် ""

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၅**

ဦးကာစင်(ခ)ဦးသိန်းနိုင် **နှင့်** ဦးအောင်လှ
**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၁၂၃၀)နေ ဦးအောင်လှ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၃-၂-၂၀၁၄ ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(မြင့်ထွေး)**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး**

---

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂) (သမိုင်း)၊ ဦးပိုင်အမှတ် (၁၄/ခ)၊ ဧရိယာ ဝ.၁၁၃မ၇၀၁ကေရှိသော**

## မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ် (၁၁/၄၇)တွင် နေထိုင်သည့် ဦးအေးသိန်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်ပါမြေကွက်၏ အမည်ပေါက်ပိုင်ရှင်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးသိန်း၏အဘိုးဖြစ်သူ ဦးဘထွန်းပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပါသည်။ ဦးဘထွန်း ကွယ်လွန်ပြီးနောက်တွင် အမွေဆက်ခံသူအဖြစ် တစ်ဦးတည်းသော မြေးဖြစ်သူ ဦးအေးသိန်းမှ ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ မည်သူမျှ ဦးအေးသိန်း၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မြေကွက်၏ မည်သည့်အစိတ်အပိုင်းကိုမျှ ရောင်းချပိုင်ခွင့်ရှိမည်မဟုတ်ပါ။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းများသည် ကျွန်ုပ်၏မိတ်ဆွေ ဦးအေးသိန်း၏ လက်ဝယ်၌ ရောက်ရှိနေသည်ဖြစ်ရာ အဆိုပါမြေကွက်ကို ပိုင်ရှင်မဟုတ်သူများထံမှ မှားယွင်း မဝယ်ကြရန်နှင့် ဝယ်ယူခဲ့ပါက ဝယ်သူ၏တာဝန်သာဖြစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထွန်း(စဉ်-၂၂၉၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၃၇၆၅၊ ၀၉-၄၄၈၀၂၂၀၈၈**

---

## အများသိစေရန်

ဦးမောင်မောင်သန်း ၁၂/ကတတ(နိုင်)၀၁၆၆၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမောင်မောင်သန်း၏ ဇနီး ၊ ဦးဇော်ဝင်း၏ သမီးဖြစ်သူ မလွဲလွဲမော် ၈/ရစက(နိုင်) ၂၀၃၁၈၁ ကိုင်ဆောင်သူနှင့်သမီးဖြစ်သူ အေးရန့်မောင်တို့အား ပခုက္ကူသီဟိုရှင်ဘုရားအနီးနားနေ မိခင် ဒေါ်ဝင်းနွဲ့နှင့် ခင်ပွန်းဖြစ်သူ ဦးသိန်းဇော်တို့မှ အလည်ခေါ်ယူထားပြီးနောက် ဇနီးဖြစ်သူ မလွဲလွဲမော်နှင့် သမီးဖြစ်သူ အေးရန့်မောင်တို့အား အဆက်အသွယ်ပြု၍မရတော့ပါ။ သို့ပါ၍ မလွဲလွဲမော်နှင့် မအေးရန့်မောင်တို့အား လက်ခံထားသူများမှ ဦးမောင်မောင်သန်းထံ (၃)ရက်အတွင်း အမြန်ပြန်လည် ပို့အပ်ရန်နှင့် ပို့အပ်ခြင်းမပြုပါက ဥပဒေနှင့်အညီ တာဝန်ရှိသူများကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမောင်မောင်သန်း**
**၁၂/ကတတ(နိုင်)၀၁၆၆၂၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြသွေး(ဥပဒေအကျိုးဆောင်ရှေ့နေ)**
**အမှတ် ၅၈၊ တတိယထပ်၊ အခန်း ၃၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၀၄၉၅၁၉၊ ၀၁-၂၆၈၂၆၃**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ ရိုးရာလမ်းနှင့် ရွှေအုန်းပင်လမ်းထောင့်ရှိ မြေကွက်အမှတ်-၁၁၄၆၊ အလျား ၄၃ပေ×အနံပေ ၆၀ခန့်အကျယ်အဝန်းရှိ ဦးအေးကြူ AD-၀၃၅၂၀၉ အမည်ပေါက်သည့် မြေချပါမစ်မြေကွက်ကို ဦးအေးကြူထံမှစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဇော်မြင့် ၉/မခန(နိုင်)၀၂၅၆၂၆ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်နီ(ပျဉ်းမနား) အထက်တန်းရှေ့နေ(စဉ်-၁၆၉၅၁)**
**၁၀၃၇၊ သင်းဝင်(၅)လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၄၃၁၁၃၆၁၈၉**

---

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ ဆုထူးပန် ၈ လမ်း၊ အမှတ် ၁၂၆၂/က၊ ပေ(၂၀×၆၀) မြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေက သက်သေများရှေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဝယ်ယူသည့်အချိန်ကတည်းက စာရွက်စာတမ်း တချို့တစ်ဝက်မပါရှိ ပျောက်ဆုံးနေခဲ့ပါသည်။ ယခုအခါပျောက်ဆုံးနေသည့် စာရွက်စာတမ်းတစ်ချို့အား ပြန်လည်လျှောက်ထားလို၍ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ပြန်လည်လျှောက်ထားလိုသည့်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမြသီတာ** LL.B
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၈၀)**

**ဒေါ်အေးသန္တာမင်းအောင်** LL.B, D.B.L
**အထက်တန်းရှေ့နေ(စဉ်-၃၅၁၅၅)**

**ရုံးအမှတ် ၅၈(စီ)၊ အဝေရာလမ်းသွယ်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၀၇၂၄၉၄၊ ၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၂၅၀၂၆၉၆၄**

---

# မြန်မာ့သစ်လုပ်ငန်း

## ကျွန်းခွဲသား၊ ပျဉ်ပါးနှင့် ထင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနလက်အောက်ရှိအမှတ် (၁/၂/၃/၆/၈/၁၀/၁၄)သစ်စက်များတွင် အောက်ဖော်ပြပါ ကျွန်းခွဲသား၊ ပျဉ်ပါးနှင့်ထင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| | ကျွန်းခွဲသား(တန်) | ပျဉ်ပါး(တန်) | ထင်း(တန်) |
|---|---|---|---|
| (က) အမှတ် (၁)သစ်စက်(ကြည့်မြင်တိုင်) | ၂၄.၂၁ | - | ၂၂၇ |
| (ခ) အမှတ် (၂)သစ်စက်(အလုံ) | - | - | ၇၅ |
| (ဂ) အမှတ် (၃)သစ်စက်(ဝါးတရာ) | - | - | ၁၂၀ |
| (ဃ) အမှတ် (၆)သစ်စက်(ဝါးတရာ) | - | ၁၂.၀၀ | ၂၄၀ |
| (င) အမှတ် (၈)သစ်စက်(လှိုင်) | - | - | ၂၇၀ |
| (စ) အမှတ် (၁၀)သစ်စက်(သန်လျင်) | ၈၀.၇၇ | - | ၄၆၅ |
| (ဆ) အမှတ် (၁၄)သစ်စက်(ဒလ) | ၂၁.၄၃ | - | - |

၂။ **လေလံတင်ရောင်းချမည့်နေ့ရက်နှင့်အချိန်** - ၆-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀နာရီ
၃။ **လေလံတင်ရောင်းချမည့်နေရာ** - အမှတ် (၁)သစ်စက်(ကြည့်မြင်တိုင်)
၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံ ရောင်းချမည့်ရက်နှင့်နေရာ** - ၁၇-၂-၂၀၁၄ရက်မှ ၅-၃-၂၀၁၄ရက်အထိ (ရုံးချိန်အတွင်း) အမှတ် (၁)သစ်စက်(ကြည့်မြင်တိုင်)၊ ကမ်းနားလမ်းနှင့်နတ်စင်လမ်းထောင့်၊ ဖုန်း-၀၁-၅၃၄၄၇၀၊ ၀၉-၅၁၉၂၅၄၂

**လေလံတင်ရောင်းချရေးအဖွဲ့**

---

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၁၀၈၈၊ အမည်ပေါက် ဦးဘသီး၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ဂျာအောင် ၁/မကန(နိုင်)၀၈၆၇၉၄မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂) မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄**

ဦးထိပ်တင်ရှိန် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စုစုထွေး) **နှင့်** ဦးတင်လှ
**တရားလို** **တရားပြိုင်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၁၁)လမ်း၊ အမှတ် (၂၀၇/၂)နေ ဦးတင်လှ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၃-၂-၂၀၁၄ ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ဝင်းနိုင်)**

**တွဲဖက်မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၈၊ မြေကွက်အမှတ် ၅၆၆၊ ပေါ်ဆန်းလမ်း၊ အလျားပေ၄၀×အနံပေ ၆၀ပါမစ်မြေ၊ မူလ ဒေါ်ကြည်ကြည် AD-၀၂၅၄၈၇ အမည်ပေါက်မြေ၏ထက်ဝက် မခွဲစိတ်ရသေးသော (အလျား ပေ ၂၀×အနံပေ ၆၀) ခြေရင်းခြမ်းကို အရပ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူခဲ့ပြီး၊ ယခုလက်ရှိထားပိုင်ဆိုင်သူ ဒေါ်သန်းသန်းထွေး ၁၂/သဃက(နိုင်)၀၀၁၆၄၄ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မူရင်းအထောက်အထားအစုံအလင်နှင့် ကျွန်ုပ်ထံသို့ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်သူ B.A, R.L, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၁၄)**
**အမှတ် (၁၀/၁၁)၊ အခန်း (၁၀၃/F)၊ ပထမထပ်၊ ၃၅လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၀၁၁၈၃**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉-အယ်လ်၊ မြေကွက်အမှတ် ၈၉၊ မြေကွက်တည်နေရာအမှတ် (၃၇)၊ ၆၂လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် ဒေါ်ရင်မေ ၁၂/ဗတထ(နိုင်)၀၁၂၉၅၁ အမည်ပေါက် နှစ် ၉၀ ဂရန်(သက်ကုန်)မြေအား အမည်ပေါက် မိခင် ဒေါ်ရင်မေနှင့်ဖခင် ဒုဗိုလ်မှူးကြီးတင်မြင့် ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးစိန်ငွေး ၁၂/ဗတထ(နိုင်)၀၁၃၃၂၆၊ (၂) ဦးမြင့်ငွေး ၁၂/ဗတထ(နိုင်)၀၂၄၀၈၂၊ (၃) ဦးဟန်ငွေး ၁၂/ဗတထ(နိုင်)၀၂၂၅၄၉၊ (၄) ဦးလှငွေး ၁၂/အလန(နိုင်)၀၂၉၀၉၃၊ (၅) ဦးမောင်မောင်ငွေး ၁၂/ဗတထ(နိုင်)၀၁၆၉၉၃တို့၏ GP ၁၄၄၀၇/၂၀၁၃(၁၅-၈-၂၀၁၃)ရသူ သမီးတစ်ဦးလည်းဖြစ်သည့် (၆)ဒေါ်တင်မေငွေး ၁၂/ဗတထ(နိုင်)၀၁၃၃၅၀က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် (၁)၊ ခုနစ်လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅ပေ×ပေ၆၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍**

## ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးတင်ငွေ ၁၂/ဗဟန(နိုင်)၀၃၂၀၈၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုမောင် LL.B (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)**
**လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင်အထက်တန်းရှေ့နေများ**
**အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၀၅၁၄၆၇**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၁၃၇၅ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်သည် မူလအမည်ပေါက် ဦးအောင်ရှိထံမှ အရပ်စာချုပ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားသူ ဒေါ်စောမြသီတာသွင် ၁၂/ရကန(နိုင်)၀၀၀၆၄၂ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားစာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးနောက်တွင် အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း LL.B**
**အထက်တန်းရှေ့နေ(စဉ်-၃၂၂၆၂)**
**ရုံး-တိုက် (၉/၁၁)၊ အခန်းအမှတ် (005-B)၊**
**၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၇၆၆၀၇**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊မြေကွက်အမှတ်၅၁၀၊ မြေကွက်တည်နေရာအမှတ်-၅၁၀၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးဝင်းနိုင်-ဒေါ်အုန်းကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းနိုင်-ဒေါ်အုန်းကြည်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၃၄၅/၁၇-၆-၂၀၁၀ ဖြင့် လွှဲအပ်ခံရသူ ဦးသူရဇော် ၁၀/ကထန(နိုင်) ၀၀၀၇၉၁ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/တောင်၊ မြေကွက်အမှတ် ၃၉၁/ခ၊ မြေကွက်တည်နေရာအမှတ်-၃၉၁/ခ၊ အောင်ချမ်းသာလမ်း၊ ကြီးပွားရေး/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးဖေညွန့် (ဘီဂျီ-၀၃၁၅၅၅) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဖေညွန့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ညိုညိုအောင်၁၂/ဗဟန(နိုင်)၀၆၅၉၉၀က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၂၄၅၊ မြေကွက်တည်နေရာအမှတ်-၅၄၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံ (ဦးမြဒင်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြဒင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စိန်အေး ၁၂/ဒပန(နိုင်) ၀၂၉၄၇၃ ထံမှ GP ၂၆၀၅၃/၁၃/ ၁၇-၁၂-၁၃ ရရှိသူ ဦးမျိုးမင်းကြည် ၇/ပမန(နိုင်)၁၁၀၅၈၈နှင့် ဦးရူပ ၁၂/ပဇတ(နိုင်)၀၀၀၆၀၇ တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်(ကျူး)၊ မြေကွက်အမှတ် ၃၃၀၊ မြေကွက်တည်နေရာအမှတ်-၂၁၊ အောင်ဇေယျ(၆)လမ်းဝဲ၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးသန်းညွန့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းညွန့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တင်အေး ၁၂/သဃက(နိုင်)၀၈၉၈၇၀ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉ ၊ မြေကွက်အမှတ် ၁၉၇၀၊ မြေကွက်တည်နေရာအမှတ်-၁၉၇၀၊ (၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ရီရီမြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ရီရီမြင့်ထံမှ အရပ်ကတိ စာချုပ်ဖြင့် ဒေါ်နီနီဝင်း ၁၂/မရက(နိုင်)၀၁၉၃၅၄က ဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊မြေကွက်အမှတ် ၃၉၁/က၊ မြေကွက်တည်နေရာအမှတ်-၃၉၁/က၊ မြို့မ(၈)လမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်စန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စန်း(မိခင်)နှင့်ဦးကျော်စိန်(ဖခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁)ဒေါ်စိန်ရွှေ၁၂/သကတ(နိုင်)၀၇၄၀၂၂၊ (၂) ဒေါ်သန်းသန်းဝင်း ၁၂/သကတ(နိုင်)၀၃၅၂၀၁ က သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ စွန့်လွှတ်စာချုပ်ချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၁၀၈၆/က၊ မြေကွက်တည်နေရာအမှတ်-၁၀၈၆/က၊ မာန်ပြေ ၅ လမ်း၊ ၂/တောင် ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ညိုရင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ညိုရင်(မိခင်)နှင့် ဦးသပါဟူဆင်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားဖြစ်သူ ဦးတင်ထွေး ၁၂/သကတ(နိုင်)၁၃၂၂၇၈ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၇၃၉/၁၃ /၄-၁၁-၁၃ ရသူ ဦးဝင်းနိုင် ၁၂/သကတ(နိုင်) ၁၃၃၈၆၂ မှ သေစာရင်း၊ ကျမ်းကျိန်လွှာများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၇ ၊ မြေကွက်အမှတ် ၁၁၃၆/ က၊ မြေကွက်တည်နေရာအမှတ်-၁၁၃၆/က၊ မင်းရဲကျော်စွာ (၁)လမ်း၊ ဦးအောင်ငြိမ်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်ငြိမ်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်နှင့် ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်ကျော်မိုး ၁၂/ကခက(နိုင်) ၀၇၈၃၁၀ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာ

### ယဉ်ကျေးလိမ္မာကလေးကမ္ဘာ(၁၀)ရက်တရားစခန်းပွဲ

**အမှတ်(၁)ကျောင်းတိုက်၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၁-၅၇၁၂၅၈၊ ၀၁-၈၅၀၀၃၄၅၊ ၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၇၇၃၂၈၊ ၀၉-၂၃၃၄၄**

ယဉ်ကျေးလိမ္မာကလေးကမ္ဘာ(၁၀)ရက်တရားစခန်းပွဲ ၂၀၁၄ခုနှစ် မတ် ၂ရက်မှ ၁၂ရက်အထိ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီယနိကာယကောဝိဒ၊ ဘွဲ့တံဆိပ်တော်(၇)ဘွဲ့ရ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်နာယက ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပသာသနာပြု ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ(ပိဋကတစ်ပုံအောင်)မှ ဦးဆောင်လျှက် အတတ်ပညာရှင်၊ အသိပညာရှင်၊ ဆရာတော်များ၊ ဆရာလေးများ၊ လူပုဂ္ဂိုလ် ဆရာမကြီးများ၊ စာရေးဆရာကြီးများမှ အသက်(၁၁)နှစ်မှ (၁၇)နှစ်အရွယ်အထိ ကလေး လူငယ်(ကျား/မ)(၁၀၀)ဦးတို့အား ရှင်သာမဏေပြုခြင်း၊ သီလရှင်ဝတ်ခြင်းတို့ကို ကျင်းပပြုလုပ်ပေးပါမည်။

၁။ ဘာသာရေးအသိပညာ
၂။ လူမှုရေးသိပ္ပံနှင့် ဆက်ဆံရေးအတတ်ပညာ
၃။ စိတ်ဓာတ်မြှင့်တင်ရေးအသိပညာ
၄။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးပညာ/မြန်မာ့ကိုယ်ခံပညာ
၅။ ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် အခြေခံ ပဋ္ဌာန်းပညာ
၆။ လက်တွေ့သတိပဋ္ဌာန်ရှုပွားအားထုတ်နည်းတို့ကို သင်ကြားပေးမည်။
ဆရာတော်မှ(သင်္ကန်း၊ သီလရှင်ဝတ်စုံတို့ကို ဆင်မြန်းလှူဒါန်းမည်။)

**အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ညနေဖျော်ရည်တို့ကို ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ပါသည်။**
**တစ်နေ့တာလှူဒါန်းခြင်း ကျပ်သုံးသိန်း။**
**ဖေဖော်ဝါရီ(၁၈၊ ၁၉၊ ၂၀) ရက် စာရင်းပေးသွင်းနိုင်ပါသည်။**

## မြင်းခြံ စွန်းလွန်းဆရာတော်ကြီး၏ ၁၃၆နှစ်မြောက် မွေးနေ့ပူဇော်ပွဲ

ကျေးဇူးတော်ရှင် မြင်းခြံစွန်းလွန်းဆရာတော်ကြီး ဦးကဝိ၏မွေးနေ့ဖြစ်သော တပေါင်းလဆန်း ၂ရက်၊ ၂-၃-၂၀၁၄ရက်၌ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ စွန်းလွန်း တပည့်သာဝကများ စုပေါင်း၍ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်ကို အာရုံပြုလျက် ပူဇော်ခြင်းနှင့်တွေ့ဆုံဆွေးနွေးခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ပင့်ဖိတ်စာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ စွန်းလွန်းရိပ်သာ တပည့်သာဝကများအနေဖြင့် စုံညီစွာတက်ရောက်နိုင်ကြပါစေရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

**စည်းဝေးပွဲကျင်းပမည့်ရက်** - ၁၃၇၅ခုနှစ် တပေါင်းလဆန်း ၁ရက်
၁-၃-၂၀၁၄ရက် (စနေနေ့)
နံနက် ၈နာရီမှ ၁၀နာရီ၊ မွန်းလွဲ ၁နာရီမှ ၅နာရီ

# စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | 2 KW Radio FM Transmitter | 1 Set |
| (ခ) | 1 KW Radio FM Transmitter | 2 Sets |
| (ဂ) | 500 W Radio FM Transmitter | 2 Sets |
| (ဃ) | ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်း(ရေကူးစတူဒီယို) | 1 Lot |
| (င) | Convergence News Room System | 1 Lot |
| (စ) | Digital Mobile News Gathering System | 4 Sets |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၂-၂၀၁၄ ရက်မှ ၁၆-၂-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃ အိတ်ဖွင့်တင်ဒါများကို ၁၇-၂-၂၀၁၄ ရက် နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

---

## ကြော်ငြာစာ

(အမှုဆိုင်ရာဥပဒေပုဒ်မ - ၈၃)

Aga Mohamed Bacher Bindaneen

[illegible]

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ( ၂၀ ) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း အမှတ်- ၉၄၂ (ခ) ရှိ မြေကွက်အမှတ်- လှိုင်သာယာ-၁၇/၉၄၂/ခ၊ ဦးကျော်မောင် ၁၂/ဆယက (နိုင်) ၀၀၀၀၀၀ အမည်ပေါက် မြေဂရန်ပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးပိုင်ခွင့်တစ်စုံတစ်ရာရှိသည်ဟု အဆိုရှိပါက ကျွန်ုပ်ထံ ( ၇ )ရက်အတွင်း တင်ပြကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမျိုးမော် (အထက်တန်းရှေ့နေ)
B.Sc, H.G.P, D.B.L, D.I.L, D.M.L,
DL-IP, WIPO in Geneva

တိုက် (၆/ခ/၃)၊ သရက်ဗျားရိပ်သာ
လှိုင်ထဲကွင်ရိပ်သာလမ်း၊ လှိုင်မြို့နယ်
ရန်ကုန်မြို့၊ Ph: 09 51 56683

E-mail : myomaw 2007@gmail.com

---

## သင်္ဃန်းကျွန်းမြို့နယ် ( ၁၆/၄ )ရပ်ကွက်၊ ... လမ်း နှင့် ... လမ်းထောင့် အမှတ်(၁၁၂၅) မြေအိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်များအရ

ဦးအေးမြင့် ( LL-B )
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆)
Ph-09-731 70516

ဒေါ်ဟန်နွယ်ခိုင် ( LL-B )
အထက်တန်းရှေ့နေ(စဉ်-၂၃၅၇၇)
Ph-09-4209 73685

အမှတ်( ၅၀ )၊ ... လမ်း၊ အခန်း(B-၂)၊ ... မြို့နယ်

---

# OD TOUR ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

February(23)
March (23)
7 Night & 8 Days,
14 Night & 15 Days

[illegible]

ရုံးချုပ် ... ရန်ကုန်။ PH: 01-... Hot Line: 09-5024269

---

FAME
# Nature A®
Carotenoids complex
သဘာဝဗီတာမင်အေ
TMR 000439 (1014)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

---

FAME
# Phototec®
Natural antioxidant for eye
မျက်စီဆေး
TMR 000234 (1115)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

---

KMD Computer Centre
# LCCI Accounting
Level I,II,III
Since 1996

- BE(Textile) Pass with credit, DA (LCCI,UK)
- KMD ... Certificate ...
- LCCI ... LCCI(UK) မှ Certificate ...

June Series (2014)
Level I,II
OPENING DATE
18-Feb-2014
( Tue to Fri )
1:00pm -3:00pm

---

## မြေအိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်များအရ

ဦးအေးမြင့် ( LL-B )
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆)
Ph-09-731 70516

ဒေါ်ဟန်နွယ်ခိုင် ( LL-B )
အထက်တန်းရှေ့နေ(စဉ်-၂၃၅၇၇)
Ph-09-4209 73685

အမှတ်( ၅၀ )၊ ... လမ်း၊ အခန်း( B-2 )၊ ... မြို့နယ်

---

# အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် (၈၂/၂) နေ ဦးတင်အောင် (၁၂/ဥကတ(နိုင်) ၀၇၇၀၇၉)၊ ဒေါ်ချောချော (၁၂/ဥကတ(နိုင်)၀၇၂၁၃၄) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးတင်အောင် နှင့် ဒေါ်ချောချောတို့သည် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ဆေးဝါးဖြန့်ချိရေးလုပ်ငန်းများကို တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁၀/ ၂၀၁၁ တဆထလ/တိုး (၁၂၉၉) ဖြင့် တရားဝင်မှတ်ပုံတင်လျှက် အရည်အသွေးပြည့်မီသော တိုင်းရင်းဆေးဝါးများကို ဤအများသိစေရန် သတိပေးကြေညာခြင်းပါ တံဆိပ်ဖြင့် မြန်မာတစ်ပြည်လုံးသို့ လက်လီလက္ကားဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီတွင် အထက်ပါဂုဏ်ရည် အမှတ်တံဆိပ်ဖြင့် ၁၉၉၈ ခုနှစ်ကတည်းကစတင်ကာ တရားဝင်တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ချိခွင့် လိုင်စင်နှင့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်များ တရားဝင်လျှောက်ထားရယူကာ အထက်ပါဂုဏ်ရည်အမှတ်တံဆိပ်ဖြင့် အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးဝါးရောဂါပျောက်ဆေးများကို မြန်မာပြည်တစ်နံတလျားသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မည်သူမဆို ဖော်ပြပါအမည်ကိုလည်းကောင်း၊ တံဆိပ်အမှတ်အသားကိုလည်းကောင်း၊ ဦးတင်အောင်၊ ဒေါ်ချောချောတို့ သဘောမတူဘဲ၊ ခွင့်မပြုဘဲ၊ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ အတုပြုခြင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ ယင်တယ်ထားရှိရောင်းချခြင်း၊ တစ်နည်းနည်းဖြင့်အသုံးပြုခြင်း ပြုလုပ်ပါက ကျူးလွန်သူမည်သူ့ကိုမဆို တရားဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည့်အပြင်၊ ထိုသို့ ပြုလုပ်မှုကြောင့် ပေါ်ပေါက်လာသော နစ်နာဆုံးရှုံးမှုမှန်သမျှကို ပေးလျော်စေရန်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အလေးအနက်သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတင်အောင်၊ ဒေါ်ချောချော**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မြ**
LL.B, DBL, DML, DIL, DA Pay.
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၃၂)

## လက်ထပ်ပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားနေ
MR. HOTEONG ONG- MRS. MOLLY KHAW တို့၏သား

**YEONG SHNN ONG**
**B.S in Computer Science**

နှင့်
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ
ဦးမျိုးဆွေ-ဒေါ်တင်စိုးတို့၏သမီး

**ဒေါက်တာသူဇာစိုး**
**M.B.,B.S (Ygn)**

တို့သည် ၈-၂-၂၀၁၄ ရက်၌ Las Vegas,Nevada State USA တရားရုံး တရားသူကြီးရှေ့၌ နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများ**
**Yeongshnn Ong နှင့် ဒေါက်တာသူဇာစိုး**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ် ၃၇၄၊ သစ်ဆိမ့်ကုန်းကွင်း၊ ဦးပိုင်အမှတ် ၉၅၉၊ မြေဧရိယာ ၀ ဒသမ ၁၈၆ ဧက၊ အကျယ်အဝန်း ပေ(၉၀×၉၀)ရှိ မြေကို ဦးတင်မောင်အမည်ဖြင့် ပုသိမ်စီရင်စု ၈၃၄/၁၉၉၀-၉၁ အရ (၁၂-၉-၂၀၂၀)ထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားသော စာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဦးတင်မောင်မှ မြေငှားဂရန်မူရင်းခွဲလျှောက်ထားလာပါသည်။

သို့ဖြစ်ပါ၍ မြေငှားဂရန်မူရင်းခွဲလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန်မူရင်းခွဲ လျှောက်ထားခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောင်းကုန်းမြို့**
**ဖုန်း-၀၄၆-၄၀၃၈၃၊ ၀၄၆-၄၀၀၀၃**

**အမည်ပြောင်း** ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ရေကျော်အုပ်စု၊ ကွမ်းခြံကုန်းလေးကျေးရွာ ဦးသိန်းအောင်၏သမီး မခင်မြင့်ဦးအား မဆန်းဝင်းဟု ပြောင်းလဲခေါ်ပါရန်။

## ရောင်းမည်

PENTHOUSE:9th FL (48'x 73') sq ft-3504, 1.MBR,1-BR,LIFT

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၈၉၉၄၅၊ ၀၉-၅၁၆၀၇၇၈**

**Star Light Star Bright International premium pre - school တွင်အောက်ပါဝန်ထမ်းများအလိုရှိသည်**

School Admin Executive - 1 Post
Class Teacher -1 Post
Assistant Teacher/ English teacher -1Post
Cleaner - 2 Post
Gardener -1 Post
Driver - 1 Post

ဆက်သွယ်ရန်
pyi@slsb-preschool.com or call
09-3124780

## ရောင်းချမည့်ကြော်ငြာစာ

(တရားမကျွင့်ထုံး ၊ အမိန့်–၂၁၊ နည်း–၆၆)
၂၀၁၂ ခုနှစ်၊ တရားမအမှုအမှတ်–၁၁၃

[illegible]

## ဧရာဝတီစာချုပ်...

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

[illegible]

**မောင်ပြိုင်းချမ်းကိုကို**
B.Sc (Geology)

နှင့်

[illegible]

**မမေသီရိကျော်ဝင်း**
B.A (Business Administration)

တို့သည်

[illegible]

## ဝန်ထမ်းအမြန်အလိုရှိသည်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သောရုံးတစ်ခု အဝေကိုတာဝန်ယူဆောင်ရွက်နိုင်သည့်ဝန်ထမ်း ကျား(၂)ဦး

– ဘွဲ့ရအသက်(၂၅)နှစ်မှ(၄၀)နှစ်အတွင်းဖြစ်ရမည်။
– တရုတ်ဘာသာစကားကျွမ်းကျင်သူကိုဦးစားပေးမည်။
– လစာကောင်းမည်။ Facilities များပေးမည်။
– အတွေ့အကြုံရှိသူဖြစ်ရမည်။
– နှစ်အလိုက်သဘောတူညီချက်စာချုပ်ဖြင့် ခန့်ထားမည်။

ဆက်သွယ်ရန် – ၀၉-၅၀၉၄၉၁၃

## ဆရာဝန်များဦးစီးသည့် စံပြဘော်ဒါ

(နေ့တက်ပါလက်ခံပြီ။)

Since 1998

[illegible]

## အမည်မှန်

မောင်တောမြို့နယ်၊ သရက်အုပ်ကျေးရွာနေ ဦးအောင်ပု၏သမီး မစံအေး ၁၁/ရသတ(နိုင်)၀၀၇၁၁၁ ၏ အမည်မှန်မှာ မအိမ်စံဖြူ ဖြစ်ပါကြောင်း။

## ကွန်ဒို/တိုက်ခန်းရောင်းမည်

ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်
ပေ(၂၄×၆၀)တိုက်သစ် 2 F ညှိနှိုင်းဈေး
**ဖုန်း-၀၉-၄၉၄၄၀၁၄၁၊ ၀၉-၇၃၁၇၉၃၉၉**
**၀၅၄-၆၀၂၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ အင်န်၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား-၁၄၀၊ မြေကွက်တည်နေရာအမှတ် ၁၉၁၊ ၁၉၃၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ N.C Mani အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် N.C Mani ကွယ်လွန်သဖြင့် ဒေါ်ခင်စန်းမြင့် ၁၂/မဂတ(နိုင်)၀၆၃၅၀၇ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၄၊ မြေကွက်အမှတ် ၁၁၊ အကျယ်အဝန်း ပေ(၂၅×၅၀)၊ ဧရိယာ၀ဒသမ၀၂၉ဧက၊ မြေကွက်တည်နေရာအမှတ် ၁၉၈၊ ပတ္တမြားလမ်း၊ ၁ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား၊ ကျူးလွန်ခြင်းမြေအား ဦးထွန်းကျော်အောင် ၁၂/ကမရ(နိုင်)၀၂၁၅၀၅၊ မလေးလေးနွယ် ၁၂/ကမရ(နိုင်)၀၄၅၅၇၄၊ မောင်နိုင်ဇာလင်း ၁၂/ကမရ(နိုင်)၀၆၂၄၂၆ တို့က ကမာရွတ်မြို့နယ်၊ ၁ ရပ်ကွက် ဂရန်ပေးရေးစီမံချက်တွင် ပါဝင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ကျမ်းကျိန်လွှာ မူရင်းတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ကြိုးစက်ရုံလမ်း(ခေါ်)အာဇာနည်လမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ(၃၅×၅၀)ရှိမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သော ဦးမြင့်ဆွေ၊ ဒေါ်လှလှဝင်း၊ ဦးဘိုကြီး၊ ဦးအေးကိုတို့က သုံးခန်းတွဲ သုံးထပ် RC အဆောက်အအုံသစ်ကန်ထရိုက်တိုက်ဆောက်လုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ်(စဉ်-၃၀၅၃၈)**
**LL.B,B.A(Business Law)**
**ဖုန်း-၀၉-၅၀၄၉၉၂၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ(၁၁)လမ်း၊ မြေတိုင်းရပ်ကွက်(င)၊ မြေကွက်(၁၈၄/က)၊ ပေ(၂၀×၆၀)မြေကွက် အမည်ပေါက် ဦးကျင်သိန်း (မြေငှားစာချုပ်အမှတ် မဥ/င ၁၃၄၆/၉၃)၏ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးသာနိုး ၁၂/ဥကမ(နိုင်)၀၈၇၉၈၄နှင့် ဒေါ်ရင်ရင်မိုး ၁၂/ဥကမ(နိုင်)၀၈၇၉၆၁ တို့ထံမှ ဝယ်ယူရန် ဒေါ်တင်တင်အေး ၁၄/ငပတ(နိုင်)၀၀၃၈၁၀သည် ၃၀-၁-၂၀၁၄ ရက်နှင့် ၈-၁-၂၀၁၄ရက်များတွင် ရောင်းချငွေ၏တစ်စိတ်တစ်ဒေသကို ဦးသာနိုးနှင့် ဒေါ်ရင်ရင်မိုးတို့ထံ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက မူရင်းစာရွက်များဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်တင်တင်အေး**
**ဖုန်း-၀၉-၃၁၁၇၆၉၂၈**
**အမှတ်(၁၉)၊ မြေညီ၊ မင်္ဂလာလမ်း၊ တာမွေမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၁၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် - ၁၀၆၉(က)၊ အကျယ်အဝန်း(၂၁ပေ × ၆၀ပေ)ရှိ ဦးထွန်းဝိန် (ဘဘ-ဦးထွန်းဝဲ) (AG-132041)အမည်ပေါက်မြေချပါမစ်မြေကို ကျန်ရစ်သူ သားသမီး(၅)ဦးဖြစ်ကြသော ... [illegible] ... သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုပြီးစီးအောင် ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဦး...ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သန္တာအေး LL.B,D.B.L,D.I.L; ဒေါ်မေသူဇင်းဆွေ LL.B
ဒေါ်တင်တင်ဝင်း LL.B; ဒေါ်ဆုလှိုင်ဝေ LL.B
အထက်တန်းရှေ့နေများ

ဦးကျော်ဆန်းနိုင်
B.A.(LAW),LL.B,M.A.(Business Law), D.B.L,D.I.L,D.M.L,D.A.Psy,Dip in English.
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၃)
ဖုန်း - ၀၉ ၅၀ ၂၆၈၄၄

တိုက် -၉/၀၁၊ အခန်းအမှတ်-၀၀၄(မြေညီထပ်)၊ ၃၆-အောက်လမ်းသို၊ ကျောက်တံတားမြို့နယ်၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

[illegible]

မြန်မာ့အလင်း
# ရှယ်ယာစီးပွားအလင်းကမ္ဘာ
၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ သောကြာနေ့။

လူမှုစီးပွား

**တောင်သူလယ်သမားများ မြေကြီးမှရွှေသီးမည့် ဖြူးချောင်းရေလှောင်တမံ**

စာ - ၃

လူမှုစီးပွား

**ဟားခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်တော့မည်**

စာ - ၄

ပြည်တွင်းရေးရာ

**ဘီးလင်းမြို့နယ် ပြည်တော်သာ ရေနုတ်မြောင်းပြန်လည်တူးဖော်**

စာ - ၅

# မင်းသား၊ လူကြမ်းနဲ့ မော်ရင်ညိုရဲ့ ပြဇာတ်

စာ - ၂

Eden Hazard

ဇန်နဝါရီအပြောင်းအရွှေ့နှင့် ပရီမီယာလိဂ်အသင်းများ၏ လားရာ – ၂

စာ - ၇

## ARSENAL vs LIVERPOOL

| | |
|---|---|
| DATE | - 16 FEBRUARY 2014 |
| KICK-OFF | - 22:30 |
| VENUE | - EMIRATES STADIUM |

**ဗီဇဆေးသိပ္ပံ၊ ဗီဇနည်းပညာနှင့် ကျန်းမာရေးသိပ္ပံ စီမံခန့်ခွဲမှု ဆိုင်ရာ အင်္ဂလန်ဘွဲ့ဒီဂရီများကို ရယူလိုသူများအတွက်.....**

- စင်ကာပူနိုင်ငံတွင် အချိန်တိုနှင့် ကုန်ကျစရိတ် သက်သာစွာဖြင့် အင်္ဂလန်ထိပ်တန်းတက္ကသိုလ်ကြီးများမှ ဗီဇနှင့်ဆေးသိပ္ပံဆိုင်ရာ ဘွဲ့ဒီဂရီများ အကြောင်း
- B.E.H.S. / IGCSE / GCE 'O' Level အောင်မြင်ထားသူများ တိုက်ရိုက်တက်ရောက်သင်ယူနိုင်မည့် ကျောင်းဝင်ခွင့်လိုအပ်ချက်များ အကြောင်း
- သူနာပြုများ၊ သွားဆိုင်ရာ ဆရာဝန်များ၊ Med. Tech / ဆေးဝါးကျွမ်းကျင် / တိုင်းရင်းဆေးသိပ္ပံ ဘွဲ့ရများအတွက် ဘာသာရပ်ကူးပြောင်းလွှတ်ခွင့်များ အကြောင်း

"ဗီဇဆေးသိပ္ပံ ဘာသာရပ်ဆိုင်ရာ ပညာရေး ဆွေးနွေးပွဲ" တက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းပါရန်

ရန်ကုန် ၁၅.၂.၂၀၁၄ (စနေနေ့) ၊ နေ့လယ် (၂) နာရီ မှ (၄) နာရီ ၊ ပင်းယခန်းမ ၊ ထရေးဒါးစ်ဟိုတယ်

မန္တလေး ၁၆.၂.၂၀၁၄ (တနင်္ဂနွေနေ့) ၊ နေ့လယ် (၁) နာရီ မှ (၃) နာရီ ၊ စံပယ်ဖြူခန်းမ ၊ ဟိုတယ်မန္တလေး

AT&S (ရန်ကုန်-ဗိုလ်ချုပ်) ၆၅၂၂၈၈၊ ၅၂၁၀၂၅ ၊ ၀၉ ၅၀၆၂၈၀ (ရန်ကုန်-ရွှေဂုံ) ၂၅၁၃၃၂ ၊ ၀၉၅၁၀၂၄၇၆၀ (မန္တလေး-ရွှေဂုံ) ၀၂ ၆၆၆၅၄၄ ၊ ၀၉၅၀၈၂၄၆၀

# မင်းသား၊ လူကြမ်းနဲ့ မော်ရင်ညိုရဲ့ ပြဇာတ်

အောင်က

**ချယ်လ်ဆီးအသင်းရဲ့ လတ်တလောအချိန်မှာ အသင်းအတွက် အရေးကြီးတဲ့ အဓိကဇာတ်ဆောင်နှစ်ဦးရှိနေပါတယ်။ အဲဒါက အသင်းရဲ့ကွင်းလယ်ပိုင်းမှာ မင်းသားနဲ့ လူကြမ်းပါ။ မင်းသားက ဟာဇက်ဖြစ်ပါတယ်။ သူဟာ ဘယ်ခြေ၊ ညာခြေကို မျှတအောင်သုံးစွဲပြီး တစ်ဖက်အသင်းရဲ့ နောက်တန်းတွေကို အကောင်းဆုံးခြိမ်းခြောက်နိုင်တဲ့သူပါ။ လူကြမ်းကတော့ ကြီးမားတုတ်ခိုင်တဲ့ ခန္ဓာကိုယ်နဲ့ အရပ် ၆ ပေ၊ ၄ လက်မရှိတဲ့ ကွင်းလယ်ကစားသမား မာတစ်ပါ။ ကွင်းလယ်ပိုင်းကနေ ဖျက်ထုတ်မှုကြမ်းကြမ်းတွေသာမက တစ်ဖက်အသင်းကိုလည်း တွန်းတွန်းတိုက်တိုက် ကစားနိုင်ပြီး ဟာဇက်အတွက် အခွင့်အရေးရရှိအောင် လုပ်ဆောင်ပေးနေတဲ့ ကစားသမားလည်း ဖြစ်ပါတယ်။**

ဘယ်လ်ဂျီယံတောင်ပံကစားသမား ဟာဇက်တစ်ယောက်ဟာ ချယ်လ်ဆီးအသင်းကို ၂၀၁၂ ခုနှစ်က လိုင်လီအသင်းကနေ ပြောင်းရွှေ့လာခဲ့တဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ ချယ်လ်ဆီးအသင်းကိုစတင်ရောက်ရှိခဲ့တဲ့နှစ်မှာပဲ အသင်းမှာ အသားကျကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီရာသီကတော့ ဟာဇက်ရဲ့ ကစားသမားဘဝ အကောင်းဆုံးရာသီလို့တောင် ပြောရမှာပါ။ သူဟာဒီရာသီမှာ အသင်းမှာ ပရီမီယာလိဂ်၂၅ပွဲပါဝင်ကစားထားပြီး ၁၂ဂိုးသွင်းယူပေးကာ ဂိုးရရှိဖို့အတွက် ငါးကြိမ်တိုင် အကူအညီပေးထားတဲ့သူလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ ချယ်လ်ဆီးအသင်းအနေနဲ့ ရလဒ်တွေ ကောင်းမွန်နေခြင်းဟာ ဟာဇက်ရဲ့ အခန်းကဏ္ဍဟာတစ်စိတ်တစ်ပိုင်း ပါဝင်တယ်ဆိုတာကတော့ ဘယ်လိုမှ ငြင်းပယ်လို့မရှိတဲ့အချက်လည်းဖြစ်ပါတယ်။ ဟာဇက်ဟာ ပြီးခဲ့တဲ့ နယူးကာဆယ်အသင်းကို နိုင်ခဲ့တဲ့ပွဲမှာတောင် တစ်ဦးတည်း ဟတ်ထရစ်သွင်းယူပေးခဲ့ပြီး ချယ်လ်ဆီးအသင်းကို အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့ပါတယ်။

ဒါပေမယ့် မာတစ်ကတော့ စတမ်းဖို့ဒ်ဘရစ်ချ်ရဲ့ ယာယာတိုရေး လို့တောင် ပြောရမှာပါ။ သူ့ရဲ့တောင့်တင်းတဲ့ ခန္ဓာကိုယ်နဲ့ မြင့်မားတဲ့ အရပ်အမောင်းဟာ ချယ်လ်ဆီးအသင်းရဲ့ ကွင်းလယ်အတွက်တော့ ပိုမိုပြီးပြည့်စုံစေတဲ့ ကစားသမားတစ်ဦးလို့ပြောရမှာပါ။ သူ့ရဲ့စွမ်းဆောင်နိုင်မှုဟာလည်း အဆုံးမရှိဘူးလို့တောင် ပြောရမှာပါ။ ပြီးခဲ့တဲ့ နယူးကာဆယ်အသင်းကို နိုင်ခဲ့တဲ့ပွဲမှာ မာတစ်ပြေးတဲ့ အကွာအဝေးဟာ ၇ ဒသမ ၆မိုင်တောင်ရှိတယ်လို့ ဆိုထားပါတယ်။ သူဟာ ကစားကွင်းထဲမှာ လျှင်လျှင်မြန်မြန်နဲ့ ကစားနိုင်တဲ့ကစားသမားတစ်ဦးပါ။ ကြမ်းကြမ်းတမ်းတမ်းနဲ့ ဖျက်ထုတ်ကစားနိုင်တဲ့ ကစားသမားတစ်ဦးသာမက သူ့ရဲ့ခြေထဲမှာလည်း သက်သောင့်သက်သာနဲ့ ဘောလုံးရရှိအောင် စွမ်းဆောင်နိုင်နေတဲ့ကစားသမားတစ်ဦးပါ။ မော်ရင်ညိုဟာ လွန်ခဲ့တဲ့ သုံးနှစ်ကျော်က လူးဝစ်ကို ခေါ်ယူဖို့အတွက် ဘင်ဖီကာအသင်းကို အလိုက်ပေးကမ်းလှမ်းခဲ့တဲ့ မာတစ်ကို ပေါင်၂၁ သန်းနဲ့ ပြန်လည်ခေါ်ယူလိုက်တဲ့အခါ လူတိုင်းအတွက်တော့ တအံ့တသြဖြစ်စေခဲ့ပါတယ်။ တကယ်တော့ ချယ်လ်ဆီးအသင်းဟာ ကွင်းလယ်အတွက် အလုံးစုံပြည့်စုံအောင်ဖန်တီးလိုက်ခြင်းလည်း ဖြစ်ပါတယ်။ မော်ရင်ညိုဟာ ချယ်လ်ဆီးအသင်းကွင်းလယ်မှာ ဟာဇက်ကို မာတစ်နဲ့ အကောင်းဆုံးတွဲဖက်ကစားစေပြီး ချယ်လ်ဆီးအသင်းနဲ့ အတူ တစ်ကျော့ပြန်အောင်မြင်မှုရယူပြီး သမိုင်းသစ်ထိုးနိုင်ဖို့ကို ပြင်ဆင်နေခြင်းလည်း ဖြစ်ပါတယ်။

ဒါကြောင့်သူတို့နဲ့ပတ်သက်ပြီး မော်ရင်ညိုက "အသင်းရဲ့ ကွင်းလယ်ပိုင်းအတွက်တော့ မာတစ်ဟာ အားကိုးရတဲ့ ကစားသမားတစ်ဦးပါ။ သူ့ရဲ့အားပါတဲ့ ဖျက်ထုတ်မှုတွေနဲ့ တစ်ဖက်အသင်းကို တွန်းတွန်းတိုက်တိုက်ကစားနိုင်မှုတွေဟာ အသင်းအတွက် အနိုင်ရရှိဖို့ အခွင့်အရေးတွေပိုမိုရရှိစေပါတယ်။ သူ့ရဲ့လျှင်မြန်မှုကလည်း တခြားကစားသမားတွေနဲ့ မတူလောက်အောင်ကို ကောင်းမွန်မှုရှိပါတယ်။ လက်ရှိအချိန်မှာ ဟာဇက်ကတော့ ကမ္ဘာ့အကောင်းဆုံး လူငယ်ကစားသမားတစ်ဦးလို့ ပြောရမှာပါ။ ဝါရင့်တိုက်စစ်မှူးတွေနဲ့တော့ ယှဉ်လို့မရသေးပါဘူး။ ဒါပေမယ့် လူငယ်ကစားသမားတွေထဲမှာ အကောင်းဆုံးပါ။ နေမာလည်း အကောင်းဆုံးလူငယ် ကစားသမားတစ်ဦးဆိုတာတော့ မှန်ပါတယ်။ ဒါပေမယ့်ဒီရာသီကိုကြည့်မယ်ဆိုရင် သူ့ရဲ့စွမ်းဆောင်မှုတွေက အတက်အကျရှိနေပါတယ်"ဟုပြောထားခဲ့ပါတယ်။ ဟာဇက်ရဲ့ လက်ရှိခြေစွမ်းတွေကြောင့် ငွေကြေးအသုံးကြမ်းတဲ့ ပြင်သစ်ကလပ်ပီအက်စ်ဂျီအသင်းကတောင် နွေရာသီမှာခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။

မော်ရင်ညိုကိုယ်တိုင်ကလည်း ချယ်လ်ဆီးအသင်းကို စတင်ရောက်ရှိတဲ့ ပထမဦးဆုံးနှစ်မှာ ဆုဖလားတွေရယူသွားဖို့အတွက် အဆင်သင့်မဖြစ်သေးဘူးလို့ပြောဆိုထားပေမယ့် လက်ရှိအခြေအနေတွေမှာတော့ ရလဒ်ကောင်းတွေရရှိနေတဲ့အတွက် ဆုဖလားတွေမှန်းနိုင်တဲ့ အခြေအနေမှာရှိနေပါတယ်။ ဒါကြောင့်လည်း မော်ရင်ညိုရဲ့ပြဇာတ်မှာ မင်းသားနဲ့ လူကြမ်းအဖြစ် ရှိနေတဲ့ ဟာဇက်နဲ့ မာတစ်တို့ဟာအသင်းကို ဘယ်လောက်အထိ ထပ်မံအကျိုးပြုနိုင်မလဲဆိုတာကတော့. . . .။

မာတစ်

# ဇန်နဝါရီအပြောင်းအရွှေ့နှင့် ပရီမီယာလိဂ်အသင်းများ၏ လားရာ-၂

၂၀၁၄ ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက် ပိတ်သိမ်းသွားခဲ့ပြီဖြစ်၍ ခေါ်ယူခဲ့သောကစားသမားများနှင့်ချိန်ဆကာ ပရီမီယာလိဂ်အသင်းများ၏ အနေအထားကို သုံးသပ်ဖော်ပြပေးလိုရာ ပြီးခဲ့သည့်အပတ်က အာဆင်နယ်၊ ဗီလာ၊ ကာဒစ်ဖ်၊ ချယ်လ်ဆီး၊ ပဲလေ့စ်၊ အဲဗာတန်၊ ဖူလ်ဟမ်တို့အကြောင်းကို စတင်ဖော်ပြပေးခဲ့သည့်နောက် ယခုတစ်ပတ်တွင် ကျန်နေသေးသော အသင်းများအကြောင်းကို ဖော်ပြပေးလိုက်ရပါသည်။

**ဟားလ်**

**ခေါ်ယူမှု-ဂျီလာဗစ်၊ ကီဘီ၊ ရှိန်းလောင်း**

ဟားလ်သည် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်၌ ကစားသမား သုံးဦး ခေါ်ယူအားဖြည့်ခဲ့သည်။ အထူးသဖြင့် ဟားလ်သည် အသင်း၏ လိုအပ်နေသော တိုက်စစ်ပိုင်းအတွက် အဲဗာတန် တိုက်စစ်မှူးဂျီလာဗစ်နှင့် ဝက်စ်ဘရွန်း တိုက်စစ်မှူးရှိန်းလောင်းတို့ကို ခေါ်ယူခဲ့သည်။ ဟားလ်အနေဖြင့် လက်ရှိပရီမီယာလိဂ်၌ ၂၅ ပွဲတွင် ၂၅ ဂိုးသာ သွင်းယူထားနိုင်ခြင်းဖြစ်ရာ တိုက်စစ်ပိုင်း အားနည်းမှုမှာ ထင်ရှားလွန်းလှသည်။ ထို့ကြောင့် ဂျီလာဗစ်နှင့် ရှိန်းလောင်းတို့ကို ခေါ်ယူမှုသည် မှန်ကန်သောခေါ်ယူမှုဟု ဆိုနိုင်သည်။ အထူးသဖြင့် ဆန်းဒါးလန်းကို နောက်ဆုံးပွဲစဉ်တွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့ရာ အဆိုပါ နှစ်ဂိုးစလုံးကို ရှိန်းလောင်းနှင့်ဂျီလာဗစ်တို့က သွင်းယူခဲ့ခြင်းဖြစ်ကာ ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်တွင် ဟားလ်သည် လိုအပ်မှုကို ထိထိရောက်ရောက် ဖြည့်ဆည်းနိုင်ခဲ့သည်ဟု ဆိုရမည်။

**လီဗာပူး**

**ခေါ်ယူမှု- မရှိ**

ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်တွင် လီဗာပူးသည် ကစားသမားခေါ်ယူမှုလုံးဝမရှိခဲ့ပေ။ သို့သော် လီဗာပူးအနေဖြင့် ထိုသို့မခေါ်ယူခြင်းမှာလည်း အသင်းအတွက်မလိုအပ်၍ဟု ဆိုနိုင်သည်။ ဆွာရက်ဇ်၊ စတာရစ်တို့ တိုက်စစ်အတွဲခြေစွမ်းပြနေမှုနှင့်အတူ နွေရာသီတွင် ထိရောက်သော အားဖြည့်မှုများ ပြုလုပ်နိုင်ခဲ့ခြင်းသည် လီဗာပူးအတွက် လုံလောက်မှုရှိသည်ဟုဆိုရမည်။ နောက်ဆုံးကစားခဲ့သောပွဲတွင် အာဆင်နယ်အား ၅-၁ ဖြင့် အနိုင်ရခဲ့ခြင်းကိုကြည့်ပါက လီဗာပူး၏ ခြေစွမ်းသည် ဇန်နဝါရီတွင် အားဖြည့်မှုမရှိခဲ့သော်လည်း အသင်းကို မထိခိုက်နိုင်ကြောင်း သက်သေပြသကဲ့သို့ရှိသည်။

**မန်စီးတီး**

**ခေါ်ယူမှု- မရှိ**

ပရီမီယာလိဂ်၌ လီဗာပူးနည်းတူ မန်စီးတီးသည်လည်း ဇန်နဝါရီတွင် ခေါ်ယူမှုတစ်စုံတစ်ရာ မရှိခဲ့ပေ။ ထို့အပြင် ပရီမီယာလိဂ်နောက်ဆုံးနှစ်ပွဲ၌ ဂိုးပေါက်ပျောက်ဆုံးကာ အမှတ်ပေးဇယားဦးဆောင်သူနေရာကို လက်လွှတ်ခဲ့ရမှုအရ မန်စီးတီး၏ အားဖြည့်မှုမရှိခြင်းအပေါ် သံသယဖြစ်စရာရှိသည်။ သို့သော် မန်စီးတီး၏ ကစားသမားအင်အားစုသည် ပရီမီယာလိဂ်၌အတောင့်တင်းဆုံးဖြစ်နေသကဲ့သို့ မန်နေဂျာပယ်လီဂရီနီအတွက်လည်း ရွေးချယ်ပိုင်ခွင့် များစွာရှိသည်။ အကယ်၍ အဂူရို ပြန်လည်ကစားနိုင်ပါက အားဖြည့်မှုမရှိခဲ့သော်လည်း မန်စီးတီး၏ စွမ်းဆောင်ရည်သည် ချန်ပီယံဆုမှန်းနိုင်သည့် အဆင့်ပင်ရှိနေဆဲဟု ဆိုရမည်။



လုချ်ဒီဂျောင်

**မန်ယူ**

**ခေါ်ယူမှု - မာတာ**

အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် မာတာကို ခေါ်ယူမှုသည် မန်ယူအတွက်ထိရောက်သော အားဖြည့်မှုဟုဆိုရမည်။ လက်ရှိအချိန်၌ မန်နေဂျာမိုယက်စ်၏ လက်အောက်တွင် အထိုင်မကျသည်မှာ မှန်သော်လည်း မာတာသည် မန်ယူအမှန်တကယ်လိုအပ်သော ကစားသမားဖြစ်သည်ဟု ဆိုရမည်။ သို့သော်မိုယက်စ်အနေဖြင့် ဗီဒစ်၊ ဖာဒီနန်တို့အကျဘက်ရောက်လာသော ခံစစ်ကြောင်းအတွက် အားဖြည့်မှုတစ်စုံတစ်ရာ မပြုလုပ်နိုင်ခဲ့ခြင်းမှာမူ မန်ယူအတွက် ယခုနှစ်ရာသီတွင် အနည်းငယ် အခက်တွေ့နိုင်သော အချက်ဟုဆိုရပေမည်။

**ကာဆယ်**

**ခေါ်ယူမှု-လုချ်ဒီဂျောင်**

လုချ်ဒီဂျောင်အား ခေါ်ယူခဲ့သော နယူးကာဆယ်၏လုပ်ရပ်သည် မှန်ကန်သော လုပ်ရပ်ဟု ဆိုရမည်။ အထူးသဖြင့် ဒမ်ဘာဘာမရှိသည့် နောက်ပိုင်း အားပျော့သွားသော တိုက်စစ်၌ ရီမီတစ်ဦးတည်းအပေါ် အားပြုနေရခြင်းအတွက် လုချ်ဒီဂျောင်သည် ဖြေဆေးတစ်ခွက်ဖြစ်သည်ဟု ဆိုရမည်။ လက်ရှိအချိန်တွင် လုချ်ဒီဂျောင်သည် အသင်းနှင့် အထိုင်ကျမှုမရှိသေးသော်လည်း အထိုင်ကျလာသည်နှင့်အမျှ အားကိုးရမည့် ကစားသမားတစ်ဦးဖြစ်သည်။ သို့သော် နယူးကာဆယ်အနေဖြင့် အသင်း၏ ကွင်းလယ်ဖန်တီးရှင်ကာဘာရီအား ပီအက်စ်ဂျီသို့ရောင်းထုတ်ခဲ့ခြင်းမှာမူ အသင်း၏ ရလဒ်များအပေါ် ထိခိုက်နိုင်သောလုပ်ရပ်ဟု ဆိုနိုင်သည်။ ကာဘာရီသည် တိုက်စစ်နှင့်ကွင်းလယ်ကို အကောင်းဆုံးချိတ်ဆက်နိုင်သူဖြစ်ရာ အဆိုပါကစားသမားကို ဆုံးရှုံးခဲ့သည့်အပြင် ပြန်လည်အားဖြည့်မှုလည်းမရှိခဲ့ရာ ဇန်နဝါရီသည် နယူးကာဆယ်အတွက် အရှုံးပေါ်ခဲ့သော ကာလဟု ဆိုနိုင်သည်။

**နော့ဝှစ်ချ်**

**ခေါ်ယူမှု-ဂူတီရက်ဒ်၊ ယိုဘို**

ဂူတီရက်ဒ်

တန်းမဆင်းရရေးအတွက် ရုန်းကန်နေရသည့် နော့ဝှစ်ချ်သည် နယူးကာဆယ်ကစားသမား ဂူတီရက်ဒ်နှင့် ဖီနာဘာချီခံစစ်မှူး ယိုဘိုတို့ကို အငှားဖြင့်ခေါ်ယူခဲ့သည်။ သို့သော် ဂူတီရက်ဒ်သည် အဆုံးသတ်ပိုင်းသေချာသော ကစားသမားမျိုးမဟုတ်။ယိုဘိုသည်လည်း အကျပိုင်းရောက်နေသည့် သက်ကြီးကစားသမားတစ်ဦးဖြစ်သည်။ ထို့ကြောင့် နော့ဝှစ်ချ်၏ အားဖြည့်မှုသည် ထိရောက်မှုမရှိဟု ဆိုရမည်။ အထူးသဖြင့် ပရီမီယာလိဂ်၌ ဒုတိယသွင်းဂိုးအနည်းဆုံးအဖြစ် ရပ်တည်နေသော တိုက်စစ်ပိုင်းအတွက် ထိထိမိမိအားမဖြည့်နိုင်ခဲ့ခြင်းသည် အသင်း၏ ရည်မှန်းချက်ဖြစ်သော တန်းမဆင်းရရေးမျှော်လင့်ချက်ကို အဓိက ထိခိုက်နိုင်သည်ဟု ဆိုရမည်။

ဂျီလာဗစ်



မာတာ

**ဆောက်သမ်တန်**

**ခေါ်ယူမှု- မရှိ**

ဇန်နဝါရီဈေးကွက်၌ အသင်းအတွက် အားဖြည့်မှုမရှိခဲ့ပေ။ ထို့အပြင် အဓိကတိုက်စစ်မှူးအော့စဗယ်ဒိုကို ဂျူဗင်တပ်စ်သို့ အငှားဖြင့် ပို့ခဲ့သလို အားထားရသည့် ပန်ချီယွန်ကိုလည်း ပဲလေ့စ်သို့ရောင်းချခဲ့ခြင်းမှာ လက်ရှိအချိန်တွင် ဆောက်သမ်တန်အနေဖြင့် အသင်း၏ ဟန်ချက်ကို ထိန်းထားနိုင်သည်မှာ မှန်သော်လည်း အားဖြည့်မှုမရှိခြင်းနှင့် အဓိက ကစားသမားအချို့ဆုံးရှုံးခဲ့ရခြင်းများသည် ပွဲဆက်များလာသည်နှင့်အမျှ အနည်းနှင့်အများထိခိုက်လာနိုင်သည်ဟုဆိုရမည်။

**ဆန်းဒါးလန်း**

**ခေါ်ယူမှု - အလွန်ဆို၊ ဗာဂျီနီ၊ အူစတာရီ၊ စကိုကို၊ ဘရစ်ကက်**

တန်းမဆင်းရရန် ရုန်းကန်နေသည့် ဆန်းဒါးလန်းသည် ဖီအိုရင်တီးနား ခံစစ်မှူး အလွန်ဆို၊ အာဂျင်တီးနားခံစစ်မှူး ဗာဂျီနီတို့ကို အငှားဖြင့် ခေါ်ယူခဲ့သလို အယ်မာရီယာ ဂိုးသမား အူစတာရီ၊ အင်တာနေရှင်နယ်တိုက်စစ်မှူး စကိုကို၊ ဘရိုက်တန် ကွင်းလယ်ကစားသမား ဘရစ်ကက်တို့ကိုလည်း ခေါ်ယူကာ နေရာစုံအားဖြည့်မှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် အသင်းမှ ဂျီဒေါင်ဝမ်အပါအဝင် ကိုးယောက်ထွက်ခွာသွားခဲ့ရာ အပြောင်းအလဲများလွန်းသည်ဟု ဆိုရမည်။ အထူးသဖြင့် နောက်ဆုံးပွဲစဉ်၌ အိမ်ကွင်း၌ပင် ဟားလ်ကို ရှုံးနိမ့်ခဲ့ရခြင်းမှာ အသင်း၏ အထိုင်ကျနိုင်မှုအပိုင်းကို သံသယဖြစ်စရာရှိသည်။

အလွန်ဆို

အန်ဂေါ့

**ဆွမ်ဆီး**

**ခေါ်ယူမှု-အန်ဂေါ့၊ ဟန်လေ**

အသင်း၏ အားထားရသည့် မီချူ ဒဏ်ရာရနေသော ဆွမ်ဆီးသည် အဓိကခေါ်ယူမှုအဖြစ် ဇန်နဝါရီ၌ ဘော်လ်တန်တိုက်စစ်မှူးအန်ဂေါ့ နှင့် ဘလက်ဘန်းခံစစ်မှူး ဟန်လေတို့ကို ခေါ်ယူခဲ့သည်။ သို့သော်အဆိုပါနှစ်ဦးစလုံးသည် သာမန်အဆင့် ကစားသမားအဆင့်များသာ ဖြစ်သောကြောင့် ဆွမ်ဆီးအနေဖြင့် အဆိုပါအားဖြည့်မှုသည် ပင်ကိုရှိရင်းစွဲအနေအထားကို ပြောင်းလဲပစ်နိုင်လောက်သော အခြေအနေတွင် မရှိပေ။

ဘီဖူမာ

**စပါး**

**ခေါ်ယူမှု- မရှိ**

စပါးသည် နွေရာသီကပေါင်သန်း ၁၀၀ ကျော်အသုံးပြုကာ ကစားသမားများစွာ ခေါ်ယူခဲ့မှုကြောင့် ဇန်နဝါရီတွင် အားဖြည့်မှုတစ်စုံတစ်ရာမရှိခဲ့ပေ။ သို့သော် အဒီဘာယောခြေစွမ်းပြလာမှု၊ ဘန်တာလက်ကဲ့သို့သော လူငယ်ကစားသမားလေး ခြေစွမ်းတိုးတက်လာမှု အပြင် နွေရာသီက ခေါ်ယူခဲ့သည့် ကစားသမားကောင်းများပို၍ အထိုင်ကျလာပေရာ စပါး၏ အနေအထားသည် အားဖြည့်မှုမရှိသော်လည်း ထိခိုက်နိုင်မှုမရှိပေ။

**ဝက်စ်ဘရွန်း**

**ခေါ်ယူမှု-ဘီဖူမာ**

တန်းမဆင်းရရေး ရုန်းကန်နေရသည့် ဝက်စ်ဘရွန်းသည် အက်စ်ပန်ညိုကစားသမား ဘီဖူမာတစ်ဦးကိုသာ အငှားဖြင့် ခေါ်ယူခဲ့သည်။ ထို့အပြင် ရှိန်းလောင်းကဲ့သို့သော အားထားရသည့် တိုက်စစ်မှူးမျိုးကို ရောင်းချခဲ့ခြင်းကြောင့် ဝက်စ်ဘရွန်းအနေဖြင့် အသင်း၏ တန်းမဆင်းရရေး မျှော်လင့်ချက်ကို ထိထိရောက်ရောက် အားဖြည့်နိုင်စွမ်းမရှိခဲ့ဟု သုံးသပ်ရပေမည်။

ဘော်ရီရယ်လို

**ဝက်စ်ဟမ်း**

**ခေါ်ယူမှု-ဂျွန်ဆင်၊ နိုဆီရီနို၊ ဘော်ရီရယ်လို၊ ရာဇက်၊ အာမီယို၊ ဂေါ့ဒွန်**

တန်းမဆင်းရရေး ရုန်းကန်နေသော ဝက်စ်ဟမ်းသည် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်၌ ထိရောက်သော အားဖြည့်မှုများ ပြုလုပ်နိုင်ခဲ့သည်ဟု ဆိုရမည်။ အထူးသဖြင့် ကာလူးတစ်ဦးသာ အားပြုနေရသည့် တိုက်စစ်ပိုင်းအတွက် ရိုမာတိုက်စစ်မှူး ဘော်ရီရယ်လိုကို အငှားဖြင့် ခေါ်ယူနိုင်ခဲ့သလို ပီတာဘရော့ တိုက်စစ်မှူး ဂေါ့ဒွန်ကိုလည်း အားဖြည့်နိုင်ခဲ့သည်။ ထို့အပြင် ဝုဖ်ခံစစ်မှူး ဂျွန်ဆင်၊ နာပိုလီခံစစ်မှူးအာမီယိုတို့ကိုလည်း အငှားဖြင့်ခေါ်ယူကာ အေစီမီလန်ကွင်းလယ်ကစားသမားနိုဆီရီနိုနှင့် အန်ဇီကွင်းလယ်ကစားသမား ရာဇက်တို့ကိုလည်း ကွင်းလယ်ပိုင်းအတွက် အားဖြည့်နိုင်ခဲ့သည်။ ဝက်စ်ဟမ်းအနေဖြင့် ထိုသို့အားဖြည့်ပြီးသည့်နောက် နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် တစ်ပွဲသာ ရှုံးနိမ့်ခဲ့သည်ကိုကြည့်ပါက အဆိုပါ အားဖြည့်မှုများသည် ဝက်စ်ဟမ်းအတွက် ထိရောက်သောအားဖြည့်မှုများဖြစ်သည်ကို တွေ့ရပေသည်။

လင်းဆက်

# မေဝဲလ်သာ၏ ပြိုင်ဘက်အဖြစ် အမီယာခန်းအား ပရိသတ်များက မဲပေးရွေးချယ်

ထက်အောင်

မေဝဲလ်သာ

ပရော်ဖက်ရှင်နယ် လက်ဝှေ့သက်တမ်းအတွင်း ရှုံးပွဲမရှိသေးသူ ဖလွိုက်မေဝဲလ်သာနှင့် လာမည့် မေလ ၃ ရက်တွင် ထိုးသတ်ရန် ပြိုင်ဘက်အဖြစ် ဗြိတိန်လက်ဝှေ့သမား အမီယာခန်းအား မေဝဲလ်သာ၏ ပရိသတ်များက မဲပေးရွေးချယ်ပေးခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မေဝဲလ်သာသည် မေလ ၃ ရက်တွင် ထိုးသတ်မည့် လက်ဝှေ့ပွဲ၌ အမီယာခန်းနှင့် အာဂျင်တီးနားလက်ဝှေ့သမား မာကို့စ်မိုင်ဒါနာ (၃၀နှစ်) တို့အနက်မှ မည်သူနှင့် ထိုးသတ်ရမည်ဆိုသည်ကို မဲပေးရွေးချယ်ပေးရန် ယခုလအစောပိုင်းတွင် သူ၏ ပရိသတ်များကို တောင်းဆိုခဲ့သည်။ မေဝဲလ်သာ၏ တောင်းဆိုမှုကြောင့် ပရိသတ်ပေါင်း ၃၅၀၀၀ က မဲပေးခဲ့ရာတွင် WBA နှင့် IBF လိုက်ဝယ်တာဝိတ်ချန်ပီယံဟောင်း အမီယာခန်းသည် မဲ ၆၀ ရာခိုင်နှုန်း ရရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ လက်ဝှေ့ပွဲပေါင်း ၃၈ ပွဲ ထိုးသတ်ခဲ့ရာတွင် ၃၅ ပွဲအနိုင်ရရှိခဲ့ပြီး ၃၁ ပွဲတွင် အလဲထိုးနိုင်ခဲ့ကာ ၃ ပွဲ ရှုံးနိမ့်ထားသည့် မိုင်ဒါနာက ပြိုင်ဘက်ဖြစ်သူအား မဲပေးရွေးချယ်ပေးရန် ပရိသတ်များကို တောင်းဆိုခဲ့သည့် မေဝဲလ်သာ၏ လုပ်ရပ်ကို အလွန်အံ့အားသင့်မိကြောင်း ပြောဆိုခဲ့သည်။

ဖိလစ်ပိုင်လက်ဝှေ့သမား မန်နီပက်ကွီယို၏ လေ့ကျင့်ရေးဆရာဖြစ်သူ နာမည်ကျော် နည်းပြဆရာ ဖရက်ဒီရော့ချ်က "အမီယာခန်းမှာ မေဝဲလ်သာနဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ သင့်တော်တဲ့ စွမ်းရည်တွေ ရှိတယ်ဆိုတာကို ကျွန်တော် လူသိရှင်ကြားပြောဆိုခဲ့ဖူးပါတယ်။ ဒါပေမယ့် အမီယာခန်းဟာ မေဝဲလ်သာကို အနိုင်ရလိမ့်မယ်လို့တော့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး။ မေဝဲလ်သာကို အမီယာခန်း အနိုင်ယူနိုင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ သူဟာ မေဝဲလ်သာကို အခက်တွေ့အောင်တော့ လုပ်ဆောင်နိုင်ပါလိမ့်မယ်။ အမီယာခန်းဟာ လျင်မြန်တဲ့ လက်ဝှေ့သမားပါ" ဟု နည်းပြ ဖရက်ဒီရော့ချ်က ပြောသွားသည်။

နည်းပြဖရက်ဒီရော့ချ်သည် အမီယာခန်း၏ နည်းပြဆရာလည်း ဖြစ်ခဲ့ဖူးသူ ဖြစ်သည်။ မေဝဲလ်သာသည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် မက္ကဆီကိုနိုင်ငံသား အယ်လ်ဗာရက်ဇ်အား အနိုင်ရရှိခဲ့သည့်ပွဲအပြီး လက်ဝှေ့ထိုးသတ်ခြင်းမရှိခဲ့ပေ။

အမီယာခန်း

## ဝေါ့ဇ်နီယာကီ၏ ဂရင်ဆလမ်ပြိုင်ပွဲများ၌ အမြင့်မားဆုံး စွမ်းဆောင်နိုင်မှု

| ပြိုင်ပွဲ | အမြင့်ဆုံးအဆင့် | ခုနှစ် |
|---|---|---|
| ဩစတြေးလျအိုးပင်း | ဆီမီးဖိုင်နယ် | ၂၀၁၁ |
| ပြင်သစ်အိုးပင်း | ကွာတားဖိုင်နယ် | ၂၀၁၀ |
| ဝင်ဘယ်ဒန်အိုးပင်း | စတုတ္ထအဆင့် | ၂၀၀၉၊ |
| | | ၂၀၁၀၊ |
| | | ၂၀၁၁ |
| အမေရိကန်အိုးပင်း | ဗိုလ်လုပွဲ | ၂၀၀၉ |

# တောင်သူလယ်သမားများ မြေကြီးမှရွှေသီးမည့် ဖြူးချောင်းရေလှောင်တမံ



**ပဲခူးတိုင်းဒေသကြီး**

ဖြူးချောင်းရေလှောင်တမံ စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် ၁၁၃ ၏အနောက်ဘက် ငါးမိုင်အကွာ ပဲခူးရိုးမ တောင်တန်းပေါ်တွင် တည်ရှိသည်။ ဖြူးချောင်းရေလှောင်တမံစီမံကိန်းသည် ဖြူးချောင်းကို ပိတ်၍ ရေလှောင်ပမာဏ ဧကပေ ၆၁၂၅၃၀ သိုလှောင်နိုင်မည့် ဇုန်အမျိုးအစားကျောက်ဖြည့်တမံတစ်ခုဖြစ်သည်။

ဖြူးချောင်းရေလှောင်တမံသည် ရေဆင်းဧရိယာ ၄၄၂ စတုရန်းမိုင် ကျယ်ဝန်းသည်။ တမံအလျားမှာ ၃၁၀ မီတာ (ပေ ၁၀၂၀) ဖြစ်သည်။ တမံအမြင့်မှာ ၇၄ ဒသမ ၃၀ မီတာ (၂၄၅ ပေ)ဖြစ်သည်။ ကန်ရေပြည့်အမှတ် RL ၁၀၉ မီတာ၊ (၃၅၈ ပေ) ဖြစ်သည်။ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာဧကပေ၁၄၅၇၀ ဖြစ်သည်။ လက်ယာမြောင်းမကြီးနှင့် လက်တံမြောင်း အလျားမှာ ၃၇၈ ဒသမ ၅၆၂ ကီလိုမီတာ (၂၃၇ မိုင်) ရှည်လျားသည်။ လက်ဝဲတူးမြောင်းမကြီးနှင့် လက်တံမြောင်းအလျားမှာ ၁၇၆ ဒသမ ၄၅၇ ကီလိုမီတာ (၁၁၀ မိုင်) ရှည်လျားသည်။ ရေသောက်ဧရိယာမှာ ဖြူးမြို့နယ်နှင့်အုတ်တွင်းမြို့နယ်အတွင်းရှိ ဆည်ရေသောက် ဧရိယာ ၁၀၀၀၀၀ ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အားမှာ ကီလိုဝပ်နာရီ သန်း ၁၂၀ ဖြစ်သည်။ တပ်ဆင်ဓာတ်အား ၂၀ မဂ္ဂါဝပ်နှစ်လုံး ဖြစ်သည်။ဖြူးချောင်းရေလှောင်တမံစီမံကိန်းမှ လျှပ်စစ်ဓာတ်အားကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ရေအားလျှပ်စစ် စတင်ထုတ်လုပ်နိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။ ဖြူးချောင်းရေလှောင်တမံစီမံကိန်းကို ၂၀၀၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ရေလွှဲဥမင်အပြီးသတ် ပိတ်ကာ ရေစတင်သိုလှောင်နေပြီဖြစ်သည်။ အဓိကကျသည့် ရေလွှဲဆည်တည်ဆောက်ခြင်းကိုလည်း ရေလှောင်တမံ၊ ရေပိုလွှဲ၊ ရေလွှဲဥမင်တို့ကို ဆည်မြောင်းဦးစီးဌာနက ငွေကြေးမြောက်မြားစွာ ကုန်ကျခံ၍ တည်ဆောက်ခဲ့သည်။ ရေလွှဲဆည်လုပ်ငန်းကိုလည်း မိုးမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ခဲ့သဖြင့် ချောင်းရေစီးကြောင့် ပျက်စီးမှုများ၊ သဲနုန်းဖုံးအုပ်ခြင်းတို့ ဖြစ်ပေါ်လာနိုင်သဖြင့် မလိုအပ်ဘဲ ငွေကြေးအကုန်ကျခံ၍ ပြင်ဆင်ခြင်းနှင့် ဖယ်ရှားခြင်းလုပ်ငန်းကို တစ်ပြိုင်နက်ဆောင်ရွက်နိုင်သည်။ ယခုကဲ့သို့ ချောင်းပိတ်၍ ရေလှောင်ထားချိန်ကို အခွင့်ကောင်းယူပြီး ရေလွှဲဆည်တည်ဆောက်ခြင်း လုပ်ငန်းကို အမြန်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ရေလွှဲမြောင်း သီးခြားတူးရန် မလိုဘဲ ကုန်ကျစရိတ် ခြိုးခြံချွေတာနိုင်ခဲ့သည်။

ယခုအခါ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာပြီးစီး၍ ရေများစတင်လှောင်နေပြီဖြစ်သည်။ ၂၀၁၄ ခုနှစ် ပွင့်လင်းရာသီမှ စတင်ကာ လယ်မြေများသို့ အပိုင်းလိုက်တစ်ဆင့်ပြီးတစ်ဆင့် ရေပေးဝေသွားမည်ဖြစ်သည်။ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များမှ တောင်သူလယ်သမားများမှာ ယခုအခါ မိုးကောင်းသောက်စနစ်ဖြင့် တစ်နှစ်တွင် မိုးစပါးနှင့်ပဲကိုသာ နှစ်သီးစားအဖြစ် အဓိကအားထားစိုက်ပျိုးနေကြရသည်။ ဖြူးချောင်းရေလှောင်တမံမှ ဆည်ရေရရှိပါက တောင်သူလယ်သမားများသည် လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းနှင့် လက်တံမြောင်းများမှ ဆည်ရေဖြင့် ဧက ၁၀၀၀၀၀ ကို ပထမမိုးစပါး စိုက်ပျိုးပြီးပါက ဆည်ရေအစိုဓာတ် ရရှိနေပြီဖြစ်၍ ပဲမျိုးစုံစိုက်ပျိုးသွားကြမည် ဖြစ်သည်။ ပဲမျိုးစုံရိတ်သိမ်းပြီးပါက နွေစပါးကို ဆည်ရေဖြင့် ဆက်လက် စိုက်ပျိုးသွားကြမည်ဖြစ်သည်။ ယခင်နှစ်သီးစားဘဝမှ တောင်သူလယ်သမားများသည် ဆည်ရေဖြင့် တစ်နှစ်လုံး အလုပ်နှင့်လက်မပြတ် သုံးသီးစားစိုက်ပျိုးကြမည် ဖြစ်သဖြင့် မြေကြီးမှရွှေသီးသည့်ခေတ်ရောက်တော့မည်ဖြစ်၍ ပျော်တပြုံးပြုံး မော်မဆုံးဖြစ်နေကြသည်။ ဖြူးချောင်းရေလှောင်တမံသည် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များမှ တောင်သူလယ်သမားများကို အကျိုးပြုနေသည့် ဆည်ကြီးတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

(၀၁၂)

> **“ဖြူးချောင်းရေလှောင်တမံကြောင့် ယခင်နှစ်သီးစားဘဝမှ တောင်သူလယ်သမားများသည် ဆည်ရေဖြင့် တစ်နှစ်လုံး အလုပ်နှင့်လက်မပြတ် သုံးသီးစားစိုက်ပျိုးကြမည်ဖြစ်၍ မြေကြီးမှရွှေသီးသည့်ခေတ် ရောက်တော့မည်ဖြစ်”**

မြန်မာပြည်တွင် ပထမဦးဆုံး ထရန်စဖော်မာ ထုတ်လုပ်သည့် ကုမ္ပဏီ (Since 1993)
20years experience ရှိ ISO 9001-2008 (Since 2005) လက်မှတ်ရ နိုင်ငံတကာ
အသိအမှတ်ပြု Complete Type Test KEMA Certificate ကို 2013 ၌ ပထမဦးဆုံး
ရရှိထားသည့် "စိုး"လျှပ်စစ်နှင့်စက်ကိရိယာကုမ္ပဏီလီမိတက်သည် (၂၀.၁.၂၀၁၄)နေ့တွင်
မြန်မာနိုင်ငံ၏ ထရန်စဖော်မာထုတ်လုပ်မှု လျှပ်စစ်ကဏ္ဍ၌ ISO 14001~2004
Certificate TH14/7557 အား ဦးစွာပထမ ထိုက်ထိုက်တန်တန်ရရှိခဲ့ပါသည်။
ထိုသို့ရရှိစေရန် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့ကြသည့် တစ်နိုင်ငံလုံးရှိ ကုမ္ပဏီ၏
အတတ်ပညာရှင်၊ အသိပညာရှင်၊ ဝန်ထမ်းများအားလုံးနှင့် အထက်ထက်မှ ပိုင်းဝန်း
ကူညီပေးကြပါသော မိတ်ဆွေသင်္ဂဟများကိုလည်း ဂုဏ်ယူစွာဖြင့် အထူးပင် ကျေးဇူးတင်ရှိ
မှတ်တမ်းတင်အပ်ပါသည်။
ISO 14001 : 2004
KEMA
ISO 9001 : 2008
ဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့
"စိုး"လျှပ်စစ်နှင့်စက်ကိရိယာကုမ္ပဏီလီမိတက်

# ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

## ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေများ

*(ယခင်အပတ်မှအဆက်)*

၁၂။ **အမရပူရမြို့နယ်အတွင်းရှိ ရထားလမ်းဖြတ်ဂိတ်တံခါးများကို တွန်းတံခါးများ ပြုပြင်ပေးလျက်ရှိရာ ကျန်ရှိနေသောတံခါးများကိုလည်း တွန်းတံခါးများအဖြစ် ပြုပြင်စေချင်ပါသည်။ တံခါးလက်တံများသည် အလျားအလွန်ရှည်သည့်အတွက် အန္တရာယ်ရှိပါသည်။ စစ်ကိုင်း-မန္တလေးလမ်းမှ တောင်သမန်ကန်ပတ်လမ်းဖြတ်သော မှန်တန်းရပ်ကွက်ရှိ သံလမ်းမှာ ကွေ့ဝင်ပြီး ကျဉ်းနေသည့်အတွက် ပြုပြင်ပေးစေချင်ပါသည်။ ၎င်းလမ်းသည် ပလစ(အထက)ကျောင်း၊ ရတနာပုံ တက္ကသိုလ်ကျောင်းမှ ကျောင်းသား ကျောင်းသူများ ဖြတ်သန်းသွားလာရပြီး တံခွန်တိုင်နှင့် ဆက်သွယ်သောဖြတ်လမ်းဖြစ်၍ အသွားအလာများသော လမ်းဖြစ်သောကြောင့် ဂိတ်တံခါးချဲ့ပေးစေချင်ပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** မန္တလေး-မြစ်ကြီးနားလမ်းပိုင်း အမရပူရမြို့နယ်အတွင်း ဂိတ်တံခါးတပ်ဆင်ထားသော ကားလမ်းကူး ကိုးခုရှိပါသည်။ ၎င်းအနက်မှ အရေးကြီးသော ဂိတ်တံခါး သုံးခုအား တွန်းတံခါးအဖြစ်ဆောင်ရွက်ပေးပြီး ဖြစ်ပါသည်။ ကျန်ဂိတ်တံခါး ခြောက်ခုအနက်မှ အောက်ဖော်ပြပါဂိတ်သုံးခုအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တွန်းတံခါးများအဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

- ၁။ မြို့ဟောင်း-အမရပူရကြား မိုင် (၃၈၇/၁၄-၁၅) တောင်သမန်ကန်ပတ်လမ်းဂိတ်၊
- ၂။ အမရပူရ-ရွှေကြက်ယက်ကြား မိုင် (၃၈၇/၁၄-၁၅)မြို့ရှောင်လမ်းဂိတ်၊
- ၃။ ရွှေကြက်ယက်-အင်းဝကြား မိုင်(၃၈၉/၁၀-၁၁)

ရွှေကြက်ယက်ဂိတ်ကျန် ဂိတ်တံခါးသုံးခုအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ တောင်သမန်ကန်ပတ်လမ်းအနီးရှိ သံလမ်းဂိတ်ကျဉ်းနေခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၃။ **မြင်းခြံ-ရန်ကုန်တောက်လျှောက်တွဲများကို အဆင့်မြှင့်တင်ပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍** မြင်းခြံ-ရန်ကုန်တောက်လျှောက်တွဲအဖြစ် ယခင်က ရိုးရိုးတန်း တစ်တွဲချိတ်ဆက်ပေးနေရာမှ ၃-၁-၂၀၁၄ ရက်နေ့မှစ၍ အထက်တန်း တစ်တွဲပြောင်းလဲချိတ်ဆက်ပေးနေပြီဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်

၁၄။ **ဆားခါး-တမိုက်သာ ဘူတာကြား ထန်းပင်ကန်ရပ်စခန်းတွင် ၁၁၇ အဆန်/၁၁၈ အစုန် လော်ကယ်ရထားရပ်တန့်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ထန်းပင်ကန်ရပ်စခန်းသည် ဆားခါး-တမိုက်သာကြား မိုင် (၄၂၂/၂)တွင် တည်ရှိပြီး ဆားခါးဘူတာမှ ခြောက်မိုင်၊ တမိုက်သာဘူတာမှ ငါးမိုင်ကွာဝေးကာ လက်ရှိ အမှတ် ၁၁၇ အဆန်/ ၁၁၈ အစုန် (မန္တလေး-ပုဂံ-မန္တလေး လူစီးကုန်တင်ရထား) ရပ်တန့်ပေးပါကြောင်း ဖြေကြားအပ်ပါသည်။

၁၅။ **တောင်သာဘူတာ ယာဒ်ဝင်းနယ်မြေအကျယ်အဝန်း သတ်မှတ်ချက် ပိုင်ဆိုင်မှု ရှိ/မရှိနှင့် ဘူတာမြေတွင် ရထားဝန်ထမ်းများနှင့် အခြားဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** တောင်သာမြေစာရင်းဦးစီးဌာန၏ ၁၉၉၇ ခုနှစ် မြေပုံအရ တောင်သာဘူတာယာဒ်ဝင်း၏ အကျယ်အဝန်းမှာ ၈ ဒသမ ၃၇ ဧကဖြစ်ပါသည်။ ရထားလမ်းဗဟိုမှ အနောက်ဘက် ပေ ၃၀၀ အကွာတွင်လည်းကောင်း၊ အရှေ့ဘက် ပေ ၃၀၀ အကွာတွင်လည်းကောင်း ဘူတာနယ်နိမိတ်ဖော်ပြသည့် သံလမ်းငုတ်များရှိပါသည်။ ရထားပိုင်မြေနှင့်ပတ်သက်၍ အဖွဲ့ဖြင့် ကွင်းဆင်းစိစစ်ဆောင်ရွက်သွားပါမည်။ ၎င်းမြေနေရာ၌ ရထားဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၁၆။ **ငါ့မင်းမေးလျှောက်လမ်း ဖောက်လုပ်စဉ် စွန့်ပစ်မြေများအား တောင်သူများ၏ ယာမြေပေါ်စွန့်ပစ်ခဲ့ရာ မြေဧက ၃၀၀ ခန့် စိုက်ပျိုးမရခဲ့။ အဆိုပါ မြေများအား မြန်မာ့မီးရထားမှ ဖယ်ရှားခဲ့ရာ ဧက ၁၅၀ခန့်သာဖယ်ရှားပြီး ကျန်ဧက ၁၅၀ ခန့်အား ဆက်လက်ဖယ်ရှားပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ငါ့မင်းမေးလျှောက်လမ်းစွန့်ပစ်မြေမှာ ၁၁၃ ဒသမ ၆၅ ဧက ဖြစ်ကြောင်း ကွင်းဆင်းတိုင်းတာအတည်ပြုခဲ့ပြီး ၎င်း ၁၁၃ ဒသမ ၆၅ ဧကအနက် ၈၁ ဒသမ ၆၆ ဧကကို ဖယ်ရှားပြီးဖြစ်ပါသည်။ ထိုသို့မြေဖယ်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ချပ်ကြီးဘူတာ အရေးပေါ်လုပ်ငန်းဆောင်ရွက်ရန်ရှိသဖြင့် ဒိုဇာအား ရွှေ့ပြောင်းအသုံးပြုခဲ့ရပါသည်။ ယခုအဆိုပါ ဒိုဇာကို ပြုပြင်လျက်ရှိပြီး မိုးမကျမီ မေလကုန်တွင် ကျန်ရှိစွန့်ပစ်မြေများ ၃၁ ဒသမ ၉၉ ဧကကို ဖယ်ရှားခြင်းလုပ်ငန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၇။ **မန္တလေးနှင့် ပုဂံသည် မိုင် ၁၅၀ ကွာဝေးပါသည်။ ရထားပြေးဆွဲချိန် ၁၀ နာရီခန့်ကြာမြင့်နေပါသဖြင့် ပြေးဆွဲချိန်လျှော့နည်းရေးမည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း** မေးမြန်းချက်နှင့်ပတ်သက်၍ အမှတ် ၁၁၉ အဆန်/ ၁၂၀ အစုန် မန္တလေး- ပုဂံ-မန္တလေးရထားသည် ၁၁၉ ဒသမ ၇၅ မိုင် ခရီးအား ပြေးဆွဲလျက်ရှိပြီး ပြေးဆွဲချိန် ၀၇း၃၀ နာရီ ကြာမြင့်ပါသည်။ ဘလောက်ဘူတာ ၂၀ ဘူတာ၊ ရပ်စခန်း ၂၀ ဘူတာ ဖြတ်သန်းပြေးဆွဲလျက်ရှိပြီး ဘလောက်ဘူတာ ၁၁ ဘူတာ ရပ်တန့်ပေးလျက်ရှိပါသည်။ တစ်ဘူတာ နှစ်မိနစ်၊ သုံးမိနစ်ခန့် ရပ်တန့်ပေးလျက်ရှိပြီး အရှိန်လျှော့ချချိန်နှင့် အချိန်တိုးမြှင့်ချိန်များ အပါအဝင် ရပ်တန့်ချိန် တစ်နာရီကြာမြင့်လျက်ရှိပါသည်။ အချိန်မိုင်ရာခိုင်နှုန်းအရလည်း ၈၅ ရာခိုင်နှုန်း ရရှိလျက်ရှိပါသည်။ ဝက်လူး-နွားထိုးကြီး ၁၁ ဒသမ ၅ မိုင်၊ မြင်းခြံ-နွားထိုးကြီး ၁၈ မိုင်တွင် ဆင်ခြေလျှော ၁း၁၀၀ ရှိခြင်းကြောင့် ဆင်ခြေလျှောဖြေခြင်း၊ လမ်းခင်းကျောက်၊ ကွန်ကရစ်ဇလီဖားများ ထည့်သွင်းပြီးပါက ပြေးဆွဲချိန်လျှော့ကျရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

ချင်းပြည်နယ်

# ဟားခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်တော့မည်

နိုင်ငံတော်အစိုးရက ချမှတ်ပေးထားသည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် မြို့နယ်တစ်မြို့နယ်လျှင် ဘတ်ဂျက်ငွေကျပ်သိန်း ၁၀၀၀ စီ ချမှတ်ပေးသည့်အနက် မြို့တော်ဟားခါးမြို့နယ်အတွက် ဇန်နဝါရီ ၂၈ ရက်က ချထားပေးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘတ်ဂျက်ငွေကို ဟားခါးမြို့ပေါ် ရပ်ကွက်နှင့် ကျေးလက်ဒေသရှိ လမ်း၊ ရေသန့် သွယ်ယူရေးနှင့် လျှပ်စစ်မီးရရှိရေးတို့အတွက် အသုံးပြုမည်ဖြစ်ပြီး အသုံးပြုရန် ငွေထုတ်ယူရာတွင် သက်ဆိုင်ရာလုပ်ငန်းများအလိုက် အရစ်ကျထုတ်ပေးမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ရေး လွှတ်တော်ကော်မတီများမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အပြင် မြို့နယ်အလိုက် လုပ်ငန်းကော်မတီများနှင့်အညီ သက်ဆိုင်ရာအင်ဂျင်နီယာများက ရေးဆွဲပေးသည့်လုပ်ငန်းစဉ်အတိုင်း အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းကို မတ်လမတိုင်မီ စတင်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်မှု စနစ်ကျမှု ရှိ မရှိ၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းပိုမိုကောင်းမွန်နိုင်ရေးအတွက် သက်ဆိုင်ရာက ကြီးကြပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ယင်းလုပ်ငန်းဆောင်ရွက်ရာတွင် ရေသွယ်ယူရေးလုပ်ငန်းကို ဟားခါးမြို့အတွင်းရှိ လေးရပ်ကွက်အတွက် ငွေကျပ် သိန်း ၂၅၀နှင့် ကျေးရွာရေရရှိရေးစီမံကိန်း ရှစ်နေရာအတွက် ငွေကျပ် ၂၅၅ သိန်း၊ ကျေးရွာချင်းဆက် မော်တော်ဆိုင်ကယ်လမ်း၊ မော်တော်ကားလမ်း ဖောက်လုပ်ရေးနှင့် လမ်းပြုပြင်ရန် ၁၇ နေရာအတွက် ငွေကျပ် ၄၀၅ သိန်း၊ ကျေးလက် မီးလင်းရေး အသေးစားလျှပ်စစ်ဓာတ်အား ဆောက်လုပ်ရန် ကျေးရွာသုံးရွာအတွက် ငွေကျပ် ၇၅ သိန်းဖြင့် ဟားခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် အသီးသီးလျာထားကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

နိုင်ငံဘက်စုံတည်ဆောက်ရေး
မှန်မှန်ကန်ကန် အခွန်ပေး

မန္တလေးတိုင်းဒေသကြီး

# သပိတ်ကျင်းမြို့နယ်အတွင်း တာဝါတိုင်များ စိုက်ထူမည်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့သည် စီးပွားရေးအချက်အချာကျပြီး ဝန်ထမ်းအများစုနေထိုင်ရာ တောင်ပေါ်မြို့ကလေး ဖြစ်သည်။

သပိတ်ကျင်းမြို့ဒေသသည် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကျက်ထားခြင်းမရှိသဖြင့် မိုဘိုင်းဖုန်း ခွဲတမ်းများမရရှိခဲ့ပေ။ ၂၀၁၃ နှစ်ကုန်ပိုင်းတွင် မိုဘိုင်းဖုန်းခွဲတမ်း စတင်ရရှိခဲ့သော်လည်း ဖုန်းမဲပေါက်သည့် ပြည်သူများမှာ အဆင်မပြေဖြစ်ခဲ့ရသည်။

ယခုတော့ သပိတ်ကျင်းမြို့နယ်ဒေသတွင်းရှိပြည်သူများ ပျော်ရွှင်နိုင်တော့မည်။ ဒေသခံများ မျှော်လင့်တောင့်တနေသည့် GSM မိုဘိုင်းတာဝါတိုင် သုံးတိုင်ကို ASI AMEGA LINK ကုမ္ပဏီမှ တာဝန်ယူစိုက်ထူသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရသိရသည်။

ဒေသခံအားလုံး ဝမ်းသာပျော်ရွှင်လျက်ရှိပြီး GSM တာဝါတိုင်ကြီးများ အမြန်ပြီးစီးပြီး ဆက်သွယ်နိုင်မည့်ရက်ကို မျှော်လင့်စောင့်စားနေကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

မွန်ပြည်နယ်

# ဘီးလင်း၌ ပြည်တော်သာရေနုတ်မြောင်းပြန်လည်တူးဖော်

သထုံခရိုင် ဘီးလင်းမြို့နယ်ရှိ မြို့မရပ်ကွက်များတွင် မိုးတွင်းကာလ၌ နှစ်စဉ်ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန် ပြည်ထောင်စုလွှတ်တော်၏ မြို့နယ်အလိုက်ခွဲဝေချထားပေးသည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအနက်မှ အနက် ၇ပေ၊ အကျယ် ၁၀ပေ၊ အရှည်ပေ ၂၈၀၀ ရှိသော ပြည်တော်သာရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ငွေကျပ် သိန်း ၅၀ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထူးနောင် (iprd)

GOLDEN CITY
THIS FEBRUARY
You are invited to experience the grandness of Golden City
NATIONAL LANDMARK • EXCLUSIVELY YOURS
Hotline:+95(0)1-8605111 +95(0)1-8605222

# ဂနိုင်ငံတကာအားကစား

မြန်မာ့အလင်း

၁၄-၂-၂၀၁၄ (သောကြာနေ့)


# ARSENAL VS LIVERPOOL

| Team | League | FACup | Capital One | Community Shield | European Cup | UEFA Cup | Cup Winner's Cup | UEFA SuperCup | Intercontinental Cup | Club World Cup | Total |
|---|---|---|---|---|---|---|---|---|---|---|---|
| အာဆင်နယ် | ၁၃ | ၁၀ | ၂ | ၁၂ | - | - | ၁ | - | - | - | ၃၈ |
| လီဗာပူး | ၁၈ | ၇ | ၈ | ၁၅ | ၅ | ၃ | - | ၃ | - | - | ၅၉ |

L.F.C.

## KEY PLAYER

### ဂီရောက်ဒ်(တိုက်စစ်)

| | | |
|---|---|---|
| ယခုနှစ်အက်ဖ်အေဖလားသွင်းဂိုး | - | ၁ ဂိုး |
| ယခုနှစ်အက်ဖ်အေဖလားပွဲကစားမှု | - | ၂ပွဲ |
| အက်ဖ်အေဖလားစုစုပေါင်းသွင်းဂိုး | - | ၅ဂိုး |
| အက်ဖ်အေဖလားစုစုပေါင်းပွဲကစားမှု | - | ၈ပွဲ |
| အာဆင်နယ်အတွက် စုစုပေါင်း သွင်းဂိုး | - | ၃၁ဂိုး |

## KEY PLAYER

### ဆွာရက်ဇ်(တိုက်စစ်)

| | | |
|---|---|---|
| ယခုနှစ်အက်ဖ်အေဖလားသွင်းဂိုး | - | ၀ ဂိုး |
| ယခုနှစ်အက်ဖ်အေဖလားပွဲကစားမှု | - | ၂ပွဲ |
| အက်ဖ်အေဖလားစုစုပေါင်းသွင်းဂိုး | - | ၅ဂိုး |
| အက်ဖ်အေဖလားစုစုပေါင်းပွဲကစားမှု | - | ၇ပွဲ |
| လီဗာပူးအတွက် စုစုပေါင်း သွင်းဂိုး | - | ၇၄ဂိုး |

**အာဆင်နယ်** Formation - 4-2-3-1



**လီဗာပူး** Formation - 4-2-3-1



## PREDICTED TEAM

ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၂၅)မှာ လီဗာပူးကို အရှက်ရစရာ ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးတယ်။ ပုံမှန်ခြေစွမ်းအားလုံးမှာ မရှိဘူး၊ အခုလည်း မန်ယူနဲ့ပွဲအပြီး ဘိုင်ယန်နဲ့မတိုင်ခင် ဒီပွဲကစားရမှာဆိုတော့ ခြေကုန်ထုတ်နိုင်ဖို့ခက်မယ်။

## PREDICTED TEAM

ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် (၂၅)မှာ အာဆင်နယ်ကို ငါးဂိုး-တစ်ဂိုးနဲ့နိုင်တယ်။ တိုက်စစ်ကစွမ်းဆောင်ရည်အပြည့်ရှိတယ်။ ဒီပွဲပြီးရင်လည်း ကစားရမယ့် ကြားပွဲမရှိဘူး။ အဝေးကွင်းအနည်းငယ်အားပျော့တတ်တာပဲ အပြစ်ရှိတယ်။

## Last 5 matches record

■ သစ်မင်းအိမ်

| L(5-1) | W(2-0) | D(2-2) | W(2-0) | W(1-2) |
|---|---|---|---|---|

## Last 5 matches record

| W(5-1) | D(1-1) | W(4-0) | D(2-2) | W(3-5) |
|---|---|---|---|---|

## OTHER FA CUP MATCHES

**ဆန်းဒါးလန်း■-■ဆောက်သမ်တန်**

ည ၇း၁၅ ၁၅-၂-၁၄

ခြေသိပ်မကွာဘူး။ ဆန်းဒါးလန်းက အိမ်ကွင်းအားမရှိပေမယ့် ပရီမီယာလိဂ်မှာ တန်းမဆင်းရဖို့ ပိုပြီးအာရုံစိုက်နေရတာကို သတိပြုရမယ်။ ဆောက်သမ်တန်က အခုနောက်ပိုင်း ဂိုးသွင်းခြေလည်း ရှိတော့ ဆန်းဒါးလန်းတို့အိမ်ကွင်းဖြစ်ပေမယ့် အသာရဖို့ခက်တယ်။

**ကာဒစ်ဖ် ■ - ■ ဝီဂန်**

ည ၉း၃၀ ၁၅-၂-၁၄

ဝီဂန်ကိုလျှော့တွက်ဖို့ခက်မယ်။ ကာဒစ်ဖ်အသင်းလိုက် ဟန်ချက်မမိသေးဘူး။ အထူးသဖြင့် ပရီမီယာလိဂ်မှာတန်းမဆင်းရဖို့ဆိုတဲ့ဘက်ကို ပိုပြီးအာရုံစိုက်နေရတယ်။ ဒါကြောင့် ဝီဂန်ကို မေ့ထားဖို့ခက်မယ်။

**ရှက်ဖီးလ် ■ - ■ ချာတန်**

ည ၉း၃၀ ၁၅-၂-၁၄

လိဂ်ချန်ပီယံရှစ်နှစ်သင်းဖြစ်တယ်။ လက်ရှိခြေကတော့ကွာတယ်။ ချာတန်က အခုထိ လိဂ်ချန်ပီယံရှစ်မှာ တန်ဆင်းဇုန်ထဲရောက်နေရတယ်။ အဝေးကွင်းဆိုရင်လည်း ခြေစွမ်းအားနည်းလေ့ရှိတော့ ရှက်ဖီးလ်က အသာရဖို့ရှိတယ်။

**မန်စီးတီး ■ - ■ ချယ်လ်ဆီး**

ည ၁၁း၄၅ ၁၅-၂-၁၄

ပူပူနွေးနွေးကာလမှာတင် မန်စီးတီးတို့ ချယ်လ်ဆီးကို အိမ်ကွင်းမှာရှုံးပြီးပြီ။ ဒီပွဲအပြီးမှာလည်း ဘာစီလိုနာနဲ့ ချန်ပီယံလိဂ်ရှိတော့ မန်စီးတီးခြေကုန်သုံးနိုင်ပါ့မလား။ ဒီပွဲလည်း ချယ်လ်ဆီးကို မန်စီးတီး မနိုင်လောက်ဘူးထင်တယ်။

**အဲဗာတန် ■ - ■ ဆွမ်ဆီး**

ည ၈း၀၀ ၁၆-၂-၁၄

ဆွမ်ဆီးခြေပြန်ငြိမ်လာတာတော့ မှန်တယ်။ ဒါပေမယ့် အဲဗာတန်ရဲ့တည်ငြိမ်မှုကို မမီဘူး။ အထူးသဖြင့် အဲဗာတန်က ဖလားတစ်လုံး မှန်းနေတယ်။ အိမ်ကွင်းဆိုရင်လည်း ပိုပြီးမာကျောတတ်တော့ အဲဗာတန်ကို မေ့လို့မရဘူး။

**ရှက်ဖီးလ် ■ - ■ နော်တင်ဟမ်**

ည ၉း၃၀ ၁၆-၂-၁၄

ခြေကွာတယ်။ အတန်းကွာတယ်။ လိဂ်ဝမ်းကလပ် ရှက်ဖီးလ်ယူနိုက်တက်က လိဂ်ဝမ်းမှာတောင် ခြေပျက်နေတဲ့အသင်း။ ရှက်ဖီးလ်ယူနိုက်တက်မှာ မျှော်လင့်စရာဆိုလို့ အိမ်ကွင်းအားတစ်ခုတည်းရှိတာကြောင့် နော်တင်ဟမ်ကို နှစ်သက်တယ်။

**ဘရိုက်တန် ■ - ■ ဟားလ်**

ည ၂း၁၅ ၁၈-၂-၂၁၄

ဟားလ်က ပရီမီယာလိဂ်မှာ ခြေကောင်းလာတာမှန်တယ်။ ဒါပေမယ့် ဘရိုက်တန်က ခြေမဆိုဘူး။ အထူးသဖြင့် အိမ်ကွင်းမှာ မာမာထန်ထန်တုံ့ပြန်နိုင်စွမ်းရှိတယ်။ ဒါကြောင့် ဟားလ်နိုင်မယ်ဆိုရင်တောင် ဘရိုက်တန်ရဲ့ အိမ်ကွင်းအားကို ခက်ခက်ခဲခဲ ကျော်ဖြတ်ရမယ်။

# ဂရင်ဆလမ်တစ်ဦးချင်းချန်ပီယံဆုတစ်ခုရရှိရေးသည် မိမိ၏ အကြီးမားဆုံး

# ရည်မှန်းချက်ဖြစ်ကြောင်း ကမ္ဘာ့အဆင့် (၁)ဟောင်း ဝေါ့ဇ်နီယာကီ ပြောဆို

**ကမ္ဘာ့အဆင့် (၁)တင်းနစ်မယ်ဟောင်းတစ်ဦးဖြစ်သူ ဒိန်းမတ်နိုင်ငံသူ ကာရိုလိုင်းဝေါ့ဇ်နီယာကီက ဂရင်ဆလမ် ကြီးလေးကြီးပြိုင်ပွဲများအနက်မှ တစ်ဦးချင်းချန်ပီယံဆုတစ်ခုရရှိရေးသည် သူမ၏ အကြီးမားဆုံးရည်ရွယ်ချက်တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။**

အသက် ၂၃ နှစ်အရွယ်ရှိ ဝေါ့ဇ်နီယာကီသည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်အတွင်းတွင် WTA ပြိုင်ပွဲ ချန်ပီယံဆုတစ်ခုသာ ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ် သြစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင်လည်း တတိယအဆင့်မှ ထွက်ခဲ့ရသူဖြစ်သည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့် ရပ်တည်မှု၌ အဆင့် ၁၁ နေရာတွင် ရပ်တည်နေသူ ဝေါ့ဇ်နီယာကီသည် ကမ္ဘာ့အဆင့် ပြန်လည်မြင့်တက်လာရေးအတွက် လက်ရှိသြစတြေးလျအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ချန်ပီယံလီနာ၏ နည်းပြဟောင်းဖြစ်သူ မိချဲလ်မော်တန်ဆန်ကို ငှားရမ်းထားသည်။

"ကျွန်မအနေနဲ့ WTA ပြိုင်ပွဲ ချန်ပီယံဆုပေါင်း ၂၁ အထိ ရရှိထားပြီး ကမ္ဘာ့အဆင့် (၁) နေရာကိုလည်း အချိန်အတော်ကြာ ရယူထားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဂရင်ဆလမ်တင်းနစ်ချန်ပီယံဆုတစ်ခု ရရှိဖို့က ကျွန်မရဲ့ အကြီးမားဆုံးရည်ရွယ်ချက်ပါ။ လက်ရှိအချိန်မှာတော့ ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပါဘူး။ ဒါပေမယ့် အမြဲတမ်း ကြိုးစားနေပြီး တိုးတက်မှုလည်း ရှိလာပါတယ်" ဟု ဝေါ့ဇ်နီယာကီက ပြောသွားသည်။

ဝေါ့ဇ်နီယာကီသည် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၁၁ ရက်မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ ကမ္ဘာ့အဆင့် ၁ နေရာကို ရယူနိုင်ခဲ့သည်။ ဝေါ့ဇ်နီယာကီသည် ဂရင်ဆလမ် တင်းနစ်ချန်ပီယံဆု ရရှိခြင်းမရှိဘဲ ကမ္ဘာ့အဆင့် ၁ နေရာကို ရယူနိုင်ခဲ့သည့် ပဉ္စမမြောက် အမျိုးသမီးတင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

ဂရင်ဆလမ် တင်းနစ်ချန်ပီယံဆု မရရှိမီတွင် ကမ္ဘာ့အဆင့် (၁) နေရာကို ရရှိခဲ့သည့် အခြားအမျိုးသမီးတင်းနစ်သမား လေးဦးမှာ ကင်မ်ကလစ္စတာ၊ မာယူရီစ်မို၊ ဂျီလီနာဂျန်ကိုဗစ်နှင့် ဒီနာရာဆာဖီနာတို့ဖြစ်သည်။